# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကစမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)


၁၃၈၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်၊ စနေနေ့။ Saturday, 2 January 2021 ၁၀၂၄၅


# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတကာနှစ်သစ်ကူးအထိမ်းအမှတ် အခါသမယတွင် ပြောကြားသည့် မိန့်ခွန်း

(၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်)

၂၀၂၁ ခုနှစ် နှစ်သစ်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်သူပြည်သားအပေါင်း ကျန်းမာကြပါစေ။ အချင်းချင်း မေတ္တာ ပွားနိုင်ကြပါစေ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၂၀၂၀ ပြည့်နှစ်ဟာ တစ်ကမ္ဘာလုံး အတွက် အခက်အခဲတွေ ကြီးမားတဲ့နှစ် ဖြစ်ခဲ့သလို ကျွန်မတို့ ပြည်သူတွေလည်း သိပြီးသား ဖြစ်ပါတယ်။ ကျွန်မတို့အတွက် လည်း ခက်ခဲတဲ့နှစ်ဖြစ်ခဲ့ပါတယ်။ မြန်မာ နိုင်ငံကလည်း အခြားနိုင်ငံများနည်းတူ COVID-19 ကပ်ရောဂါရဲ့ ပြဿနာတွေကို ကိုင်တွယ်ရတဲ့ တစ်ချိန်တည်းမှာ ကျွန်မတို့ နိုင်ငံရဲ့ အနာဂတ်အတွက် အရေးကြီးလှတဲ့ စိန်ခေါ်မှုကြီးတွေကိုလည်း လျစ်လျူရှု မထားဘဲ ရင်ဆိုင်ခဲ့ရပါတယ်။

ပြဿနာအမျိုးမျိုး၊ စိန်ခေါ်မှုအမျိုးမျိုး ကို ကျော်လွှားရာမှာ နိုင်ငံရဲ့ အဓိက အင်အား၊ တန်ဖိုးအကြီးဆုံး အရင်းအမြစ် ဖြစ်တဲ့ ပြည်သူလူထုရဲ့ ဝန်းရံပူးပေါင်းကူညီ အားဖြည့်ပေးမှုများအတွက် လွန်စွာမှ ကျေးဇူးတင်ကြောင်း နိုင်ငံတော်အစိုးရ ကိုယ်စား ကျွန်မပြောချင်ပါတယ်။

ပြည်သူအများ ယခုအချိန်မှာ အသိချင်ဆုံးကိစ္စကတော့ COVID ကာကွယ်ဆေး ထိုးပေးမယ့်အစီအစဉ် ဘယ်တော့စတင်နိုင် မလဲဆိုတာ ဖြစ်ပါလိမ့်မယ်။ ပထမဆုံး ကာကွယ်ဆေးတစ်သုတ် အိန္ဒိယနိုင်ငံမှ ရရှိရေးအတွက် အရောင်းအဝယ်စာချုပ်ကို ချုပ်ဆိုထားပြီးပါပြီ။ ကာကွယ်ဆေးသုံးစွဲ ခွင့်ကို အိန္ဒိယရှိ သက်ဆိုင်ရာဌာနက

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



**၂၀၂၁ ခုနှစ် တစ်လျှောက် ကာကွယ်ဆေး ထိုးပေးရေး လုပ်ငန်းများ နိုင်ငံတစ်ဝန်း တစ်ဆင့်ပြီး တစ်ဆင့် အကောင်အထည်ဖော်နိုင် မယ်လို့ ယူဆရပါတယ်။ ကာကွယ်ဆေးမထိုးရသေးမီ ကာလအတွင်း ကျန်းမာရေး စည်းမျဉ်း စည်းကမ်းများကို လိုက်နာပြီး COVID အောင်နိုင်ရေးကို ပံ့ပိုးပေးဖို့ ပြည်သူတွေကို မေတ္တာရပ်ခံ ပါတယ်။ သတိရှိပါ၊ သည်းခံကြပါ၊ အနာဂတ်ကို ရှေးရှု ပြီး အားတင်းထားကြပါ။ အားလုံး အတူရှိနေကြ ပါတယ်။**


ကြေးမုံ ယနေ့ ဖတ်စရာ

ရန်ကုန်တောင်ပိုင်းခရိုင် က.ည.နရုံး ဘုရားကုန်းကျေးရွာရှိ ရုံးသစ်ကြီးသို့ ပြောင်းရွှေ့ စာမျက်နှာ » ၄

ဆရာမကြီး ဒေါ်ခင်မျိုးချစ်နှင့် 'သတင်းစာလောက' စာမျက်နှာ » ၆

ရက္ခဗေဒဆရာကြီး ဒေါက်တာဦးကျော်စိုး M.Sc(Rgn.), A.M(Harvard), Ph.D(Harvard) စာမျက်နှာ » ၈

Pfizer ကာကွယ်ဆေးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အတည်ပြု စာမျက်နှာ » ၁၃



ကုမ်းရှက်ပုံ ဆေးကောင်း

မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့သြလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

ဝမုန်းရှင် လေငန်းလိမ်းဆေးရည်

# ကြေးမုံ

## လွတ်လပ်ရေး၊ အခွင့်အရေးနှင့် တာဝန်

အခွန့်ရှည်တည်တံ့ခိုင်မြဲပြီး လွတ်လပ်သောနိုင်ငံတော်၊ အချုပ်အခြာအာဏာ ပိုင်ဆိုင်သောနိုင်ငံတော်တွင် ထိန်းကျောင်းမောင်းနှင်နေသည့် မဏ္ဍိုင်ကြီး သုံးရပ်နှင့် ထောက်ကန်အားပြုထားသော စတုတ္ထမဏ္ဍိုင်၊ ပဉ္စမမဏ္ဍိုင်တို့ အပြန်အလှန်အကျိုးပြု လည်ပတ်စီးဆင်းကောင်းမွန်မှုအတွက် ထိုနိုင်ငံ တည်ဆောက်မှုနှင့် ဆီလျော်မှုရှိမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိမဖြစ်လိုအပ် ပါသည်။

သာမန်အနေဖြင့်ဆိုလျှင်လည်းကောင်း၊ များသောအားဖြင့် ဆင်ခြင် လျှင်လည်းကောင်း မျက်မှောက်ကာလအခြေအနေ၌ လွတ်လပ်ရေးနှင့် အခြေခံဥပဒေကို ခွဲခြားရှုမြင်တတ်ကြသည်။ အမှန်တကယ်တွင် အခြေခံ ဥပဒေနှင့် လွတ်လပ်ရေးသည် တစ်သားတည်းဖြစ်ပါသည်။ အခြေခံဥပဒေ မပေါ်ပေါက်ဘဲနှင့် လွတ်လပ်ရေးဟူသည် ဖြစ်လာမည်မဟုတ်ပေ။ အခြေခံ ဥပဒေမရှိဘဲနှင့် လွတ်လပ်၍တရားမျှတသည့်နိုင်ငံ ဖြစ်မလာပေ။ အခြေခံ ဥပဒေမရှိဘဲနှင့် အများပြည်သူကောင်းကျိုးကို မဆောင်ကြဉ်းနိုင်ပေ။ အခြေခံ ဥပဒေမရှိဘဲ အများပြည်သူတို့ကို ကာကွယ်စောင့်ရှောက်ခြင်း ဖြစ်မလာနိုင်ပေ။

ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ငါးနှစ်လျှင်တစ်ကြိမ် ကျင်းပသည့် လွှတ်တော်အခင်းအကျင်းများဖြင့် နိုင်ငံတော်ကို ပါတီစုံ ဒီမိုကရေစီစနစ်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ ယင်းသို့ အကောင် အထည်ဖော်နိုင်ခြင်းသည် လွတ်လပ်ရေးမှ မွေးဖွားပေးလိုက်သော အနှစ် သာရများကို ဆက်လက်ပုံဖော်အသက်ဝင်ရှင်သန်စေပြီး လွတ်လပ်ရေးအမွေ ကို ဆက်ခံနေခြင်း ဖြစ်သည်။ သို့ဖြစ်၍လည်း ဒီမိုကရေစီ အနှစ်သာရများနှင့် ရည်မှန်းချက်များကို ပြည်သူများ လက်တွေ့ခံစားနေရမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကိုလိုနီနယ်ချဲ့စနစ်ကို တွန်းလှန်ဖြိုဖျက်ပြီးနောက် ၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာ့လွတ်လပ်ရေး ရှေ့ပြေး မှတ်တိုင်ဖြစ်သည့် အောင်ဆန်း-အက်တလီစာချုပ်ကို လန်ဒန်မြို့တွင် ချုပ်ဆို ပြီးနောက် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် တောင်တန်းဒေသ တိုင်းရင်းသား များ သွေးစည်းညီညွတ်ခြင်းကိုပြသည့် ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။ ထိုနှစ် နွေဦးတွင်ပင် ပထမတိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကြီးကို စည်းကမ်းစနစ်ကျနစွာဖြင့် ပြုလုပ်နိုင်ခဲ့ပြီး လွတ်လပ်သောမြန်မာနိုင်ငံအတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲအတည်ပြုပြဋ္ဌာန်းခဲ့သည်။

အချုပ်အခြာအာဏာပိုင်ဆိုင်သည့် လွတ်လပ်သောနိုင်ငံတစ်နိုင်ငံတွင် ဒီမိုကရေစီလုပ်ငန်းစဉ်များကို အဆင့်ဆင့် တည်ဆောက်ကြရသည်။ ဒီမို ကရေစီနိုင်ငံများသည် လွတ်လပ်သောနိုင်ငံတစ်နိုင်ငံနှင့် လျော်ညီသည့် လုပ်ငန်းစဉ်များကို လေးနှစ်တစ်ကြိမ်ဖြစ်စေ၊ ငါးနှစ်တစ်ကြိမ်ဖြစ်စေ အစဉ် အမြဲ အကောင်အထည်ဖော်ကြရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲ၊ လွှတ်တော်နှင့် မဏ္ဍိုင်ကြီးသုံးရပ်ကို ကာလအပိုင်းအခြားအလိုက် အသစ် အသစ် ဖွဲ့စည်းတည်ဆောက်ကာ သစ်လွင်သော ဒီမိုကရေစီနိုင်ငံတော်ကြီး အစဉ်ဖြစ်ထွန်းအောင် တည်ဆောက်ကြရသည်။ ရွေးကောက်ပွဲ၊ လွှတ်တော် နှင့် မဏ္ဍိုင်ကြီးသုံးရပ်တို့သည် တစ်သားတည်းဖြင့် နိုင်ငံတော်ကို တည်ဆောက်ကြရသည်။ နိုင်ငံတော်ကို အသစ်အသစ်တည်ဆောက်ရာ၌ နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးအတွက် သင့်မြတ်ဆီလျော်မှုရှိမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲနိုင်မှသာ နိုင်ငံတော်ပန်းတိုင်ဆီသို့ အောင်မြင်စွာရောက်နိုင်မည်။

လွတ်လပ်သောနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသား ပြည်သူအပေါင်းတို့အတွက် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း တည်းဟူသော လောကပါလတရားများကို အခြေပြုကာ လူသတ္တဝါခပ်သိမ်း တို့၏ ငြိမ်းချမ်းသာယာရေးကို ခိုင်မြဲတည်တံ့အောင်ထိန်းသိမ်းရန် သန္နိဋ္ဌာန် ချ၍ လူမှုဆက်ဆံရေးတရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ နိုင်ငံရေး တရားမျှတမှု၊ လွတ်လပ်စွာတွေးကြံနိုင်မှု၊ လွတ်လပ်စွာဖွင့်ဟရေးသားဖော်ပြ နိုင်မှု၊ လွတ်လပ်စွာယုံကြည်နိုင်မှု၊ လွတ်လပ်စွာကိုးကွယ်နိုင်မှု၊ လွတ်လပ်စွာ ပရိယေသနရှာမှီးနိုင်မှု၊ လွတ်လပ်စွာစည်းရုံးနိုင်မှု၊ လွတ်လပ်စွာပြုမူ ဆောင်ရွက်နိုင်မှု၊ အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ တရားဥပဒေ အရာတွင်ညီမျှမှုတို့ကို နိုင်ငံသားအားလုံးတို့ ရရှိခံစားနိုင်စေခြင်းငှာ လွှတ်တော်၌ အတည်ပြုပြီးလျှင် ပြည်သူတို့အား အပ်နှင်းထားသည့် ဥပဒေ ဖြစ်သည်။

သို့ဖြစ်ရာ လွတ်လပ်သောနိုင်ငံတော်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူတို့အား အပ်နှင်းထားသည်ဖြစ်၍ နိုင်ငံတော်ရှိ ပြည်သူတို့သည် လူ့အခွင့်အရေးများကို အပြည့်အဝခံစားခွင့်ရှိသကဲ့သို့ ပြည်သူတို့ကလည်း နိုင်ငံတော်ကြီး အင်အားတောင့်တင်းအောင်၊ ခံ့ညားတည်ကြည်အောင် အစွမ်းကုန်ဖြည့်ဆည်းပေးရန် တာဝန်ရှိပေသည်။ လွတ်လပ်သောနိုင်ငံတော်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင် အခွင့်အရေးနှင့်တာဝန် ဒွန်တွဲအမြဲ ရှိနေသည်ကို သတိမူဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။ ။

## ၂၀၁၂ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား"ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊

(၂) လူမှုဆက်ဆံရေးတရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ နိုင်ငံရေးတရားမျှတမှု၊ အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်း ညီမျှမှု၊ တရားဥပဒေရေးရာညီမျှမှုတို့ကို နိုင်ငံသားအားလုံး တန်းတူရည်တူရရှိခံစားရေး၊

(၃) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်စေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ဦးတည် ကြိုးပမ်းဆောင်ရွက်ရေး၊

(၄) ပြည်ထောင်စုကြီး ထာဝရတည်တံ့ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊

(၅) နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်၍ ပြည်သူတစ်ရပ်လုံး ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို အစိုးရ၊ ပြည်သူလူထုအားလုံးပါဝင်ပြီး စုပေါင်းအားဖြင့် ရင်ဆိုင်ကျော်လွှားရေး၊

## နေပြည်တော်၌ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မီးရှူးမီးပန်းများ ဂုဏ်ပြုပစ်ဖောက်သွားမည်

**နေပြည်တော် ဇန်နဝါရီ ၁**

နေပြည်တော်၌ ၂၀၁၂ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်း အမှတ်အဖြစ် မီးရှူးမီးပန်းများကို နေရာနှစ်နေရာခွဲ၍ ဂုဏ်ပြုပစ်ဖောက်သွား မည်ဖြစ်ကြောင်း သိရသည်။

လွတ်လပ်ရေးနေ့မတိုင်မီ ဇန်နဝါရီ (၃) ရက်တွင် နိုင်ငံတော်သမ္မတ အိမ်တော်အဝင်လမ်း၏ ညာဘက်ခြမ်း၌ ည ၇ နာရီတွင်လည်းကောင်း၊ ရေပန်းဥယျာဉ်ဂိတ် အမှတ်(၁) အဝင်လမ်း၌ ည ၇ နာရီ ၅ မိနစ်တွင်လည်း ကောင်း မီးရှူးမီးပန်းများ စမ်းသပ်ပစ်ဖောက်သွားမည်ဖြစ်သည်။

လွတ်လပ်ရေးနေ့ဖြစ်သည့် ဇန်နဝါရီ (၄) ရက်တွင် နိုင်ငံတော်သမ္မတ အိမ်တော်အဝင်လမ်း၏ ညာဘက်ခြမ်း၌ ည ၇ နာရီတွင်လည်းကောင်း၊ ရေပန်းဥယျာဉ် ဂိတ်အမှတ်(၁) အဝင်လမ်း၌ ည ၇ နာရီ ၅ မိနစ်တွင်လည်း ကောင်း မီးရှူးမီးပန်းများ ဂုဏ်ပြုပစ်ဖောက်သွားမည်ဖြစ်ကြောင်း သိရ သည်။

**သတင်းစဉ်**

## သတိပေးနှိုးဆော်ချက်

(၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲ အခမ်းအနားအား နေပြည်တော်၊ မြို့တော်ခန်းမရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် (ဝတ်စုံပြည့်) အစမ်းလေ့ကျင့်မည့် ၂.၁.၂၀၁၂ ရက်နေ့နှင့် အခမ်းအနားကျင်းပမည့် ၄.၁.၂၀၁၂ ရက်နေ့တို့တွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ညွှေ့ရိပ်သာမီးပွိုင့်မှ သပြေကုန်းဈေးထောင့်လမ်းဆုံမီးပွိုင့်အထိ ယာဉ်သွားလာမှုများအား နံနက်(၀၂၀၀) နာရီအချိန်မှ (၀၈၀၀) နာရီအချိန်အထိ ခေတ္တလမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ယာဉ်အသုံးပြုသွားလာနေကြသူများအနေဖြင့် ၎င်းနေ့ရက်များတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ညွှေ့ရိပ်သာမီးပွိုင့်မှ တော်ဝင်ရတနာလမ်းအတိုင်း ရွှေကြာပင်မီးပွိုင့်ဘက်သို့ လည်းကောင်း၊ သပြေကုန်းဈေးထောင့်လမ်းဆုံမီးပွိုင့်မှ ပိတောက်လမ်းအတိုင်း ဧရာဝတီလမ်းဘက်သို့လည်းကောင်း လမ်းလွှဲ မောင်းနှင်ပေးကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## အဂတိလိုက်စားမှု တိုက်ဖျက်ရေး ပညာပေးရှင်းလင်း

**ရွှေဘို ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးအောင်သန်းဦးသည် ရွှေဘိုငါးလုပ်ငန်းစခန်းသို့ ယမန်နေ့ကရောက်ရှိပြီး စခန်းရှိဝန်ထမ်းများအား အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့်ပတ်သက်၍ ပညာပေးရှင်းလင်း ပြောကြားခဲ့သည်။ ထို့နောက် ခရိုင်ဦးစီးမှူးသည် ရွှေဘိုငါးလုပ်ငန်းစခန်း၏ အနောက်ဘက်လိုင်းနှင့် တောင်ဘက်လိုင်း ခြံစည်းရိုးသွပ်ဆူးကြိုးကာရံခြင်း စတင်ဆောင်ရွက်နေမှုနှင့် ဂါလန် ၂၄၀၀ ဆံ့ ရေစင်အား ကြံ့ခိုင်မှုရှိစေရေးအတွက် ဆောင်ရွက်ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | | |
| **သတင်းထောက်မှူး** | - ဦးမြင့်စိုး | | |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလွဲသင်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **ဓာတ်ပုံသတင်းထောက်** | - ဦးခင်မောင်ဝင်း |
| | | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်စာတည်းများ** | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | **စာပြင်** | - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဒေါ်အေးအေးသင်း၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

**❖ ရှေ့ဖုံးမှ**

ထုတ်ပြန်ပြီးတာနဲ့ မြန်မာပြည်တွင်းကို သွင်းနိုင်ဖို့လည်း စီစဉ်ထားပါတယ်။ ဒီအစီအစဉ်အရ၊ ဖေဖော်ဝါရီလမှာ ကာကွယ်ဆေးတွေကို ဦးစားပေးရမည့် အစုအဖွဲ့ဖြစ်တဲ့ ကျန်းမာရေးဝန်ထမ်းများကို ပထမဆုံးစတင်ထိုးပေးမှာ ဖြစ်ပါတယ်။ ကာကွယ်ဆေးရရှိရေး ကမ္ဘာ့နိုင်ငံအားလုံးက ဆောင်ရွက်နေတာကြောင့် ယှဉ်ပြိုင်မှုများပါတယ်။ ဒါပေမယ့်လည်း ၂၀၂၁ ခုနှစ်တစ်လျှောက် ကာကွယ်ဆေးထိုးပေးရေးလုပ်ငန်းများ နိုင်ငံတစ်ဝန်း၊ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်နိုင်မယ်လို့ ယူဆရပါတယ်။ ကာကွယ် ဆေးမထိုးရသေးမီကာလအတွင်း ကျန်းမာရေး စည်းမျဉ်းစည်းကမ်းများကို လိုက်နာပြီး COVID အောင်နိုင်ရေးကို ပံ့ပိုးပေးဖို့ ပြည်သူတွေကို မေတ္တာရပ်ခံပါတယ်။ သတိရှိပါ၊ သည်းခံကြပါ၊ အနာဂတ်ကို ရှေးရှုပြီး အားတင်းထားကြပါ။ အားလုံးအတူရှိနေကြပါတယ်။

၂၀၂၀ အတွင်းမှာ COVID-19 ရောဂါကို အကောင်းဆုံး ကိုင်တွယ်ဖို့ ကြိုးစားရသလို၊ ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်အတွက် အလွန်အရေးကြီးတဲ့ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက်လည်း ဆောင်ရွက်ရပါတယ်။ ရောဂါမပြန့်ပွားရေးအတွက် လိုအပ်တဲ့ စည်းမျဉ်းစည်းကမ်းဘောင်အတွင်းက ပြည်သူများ မိမိတို့ရဲ့ဆန္ဒကို ဥပဒေနဲ့အညီမဲပေးပြီး ဖော်ထုတ်နိုင်ခွင့် အပြည့်အဝရှိရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ဆောင်ရွက်ချက်များကို နိုင်ငံတော်က တတ်အားသရွေ့ ပံ့ပိုးပေးခဲ့ပါတယ်။

ပြည်သူများရဲ့ မိမိကံကြမ္မာ မိမိသာလျှင် ဖန်တီးရမည်ဆိုတဲ့ တာဝန်သိစိတ် ကြီးမားခိုင်မာစွာရှိမှုကြောင့် အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။ ကျွန်မတို့ရဲ့နိုင်ငံအတွက် တကယ့်ကို ဂုဏ်ယူစရာဖြစ်လို့ ပြည်သူအပေါင်းကို ကျေးဇူးတင်ကြောင်း ထပ်လောင်းပြောပါရစေ။

ဆန္ဒမဲများနဲ့ ကျွန်မတို့အစိုးရအပေါ် ယုံကြည်မှုရှိကြောင်း ပြသခဲ့ခြင်းအတွက်လည်း ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။ ပြည်သူရဲ့ ယုံကြည်မှုနဲ့ ထိုက်တန်အောင် ဆက်လက်ကြိုးစားဆောင်ရွက်သွားဖို့ကိုလည်း သန္နိဋ္ဌာန်ချထားပါတယ်။

## မျက်ခြည်မပြတ်ခဲ့

၂၀၁၆ ခုနှစ်၊ ကျွန်မတို့ အစိုးရ ပထမဦးစွာ တာဝန်ယူကတည်းကစပြီး အေးချမ်းသာယာ တိုးတက်အောင်မြင်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ခိုင်မာစွာတည်ဆောက်ရေးဆိုတဲ့ အန္တိမပန်းတိုင်ကို မျက်ခြည်မပြတ်ခဲ့ပါဘူး။ ဒီပန်းတိုင်ကို အရောက်လှမ်းနိုင်ဖို့ရာ၊ ငြိမ်းချမ်းရေးနဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းဖွံ့ဖြိုးရေးနဲ့ ဒီမိုကရေစီရှင်သန်ရေး၊ ဒီမိုကရေစီရှင်သန်ရေးနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးနဲ့ ငြိမ်းချမ်းရေး ဒီကိစ္စတွေဟာ တစ်ခုနဲ့တစ်ခု အရှေ့ပြန်၊ အနောက်ပြန်ဝိုင်းပတ်ဆက်နွှယ်နေကြောင်းကိုလည်း တစိုက်မတ်မတ်ဆင်ခြင်ပြီး ဆောင်ရွက်ခဲ့ပါတယ်။

ဒါကြောင့် ဘယ်လိုအခက်အခဲတွေနဲ့ ကြုံရကြုံရ၊ ကျွန်မတို့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရာမှာ အစလည်းဖြစ်၊ အဆုံးလည်းဖြစ်၊ အလယ်ဗဟိုလို့လည်းဆိုနိုင်တဲ့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းတွေကို ဘယ်အခါမှ မရပ်တန့်ခဲ့ပါဘူး။ အခြေအနေလိုအပ်ချက်တွေအရ ပြောင်းသင့်တာပြောင်း၊ ပြုပြင်သင့်တာ ပြုပြင်ပြီးတော့သာ ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။

၁၉၈၈ ခုနှစ်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို စတင်တည်ထောင်စဉ်ကတည်းက ကျွန်မတို့ မျှော်မှန်းတောင့်တတဲ့ ပြည်ထောင်စုကြီး ပေါ်ထွန်းဖို့အတွက် မဖြစ်မနေ လိုအပ်ချက်ကတော့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးဖြစ်တယ်ဆိုတာကို သိမြင်လက်ခံခဲ့ပါတယ်။ ကျွန်မတို့ ပြည်ထောင်စုသားများအကြား မတူညီတဲ့ အယူအဆ၊ သဘောထားအမြင်များကြောင့် မေတ္တာဆိတ်သုဉ်း၊ ဒေါသပွားရာမှ စစ်မီးတွေ တောက်ကာ ငြိမ်းချမ်းမှုလောင်ကျွမ်းတဲ့ သံသရာဆိုးကြီးက လွတ်မြောက်စေနိုင်မယ့် အပြန်အလှန် နားလည်လေးစား ယုံကြည်မှုများ များစွာခိုင်မြဲဖို့ ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၆ ခုနှစ် ကျွန်မတို့အစိုးရ စတင်တာဝန်ယူပြီး ပထမဦးဆုံးဆောင်ရွက်ချက်တစ်ခုကတော့ "အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)" ကို ထူထောင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ ယခုနှစ်အတွင်းမှာ NRPC ရဲ့ လုပ်ငန်းများကို အထူးအလေးထား မြှင့်တင်တိုးချဲ့သွားမှာ ဖြစ်ပါတယ်။

## ကြိုးပမ်းအားထုတ်ခဲ့ရ

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ အစည်းအဝေးတွေကို ၂၀၁၆ ခုနှစ်မှာ စတင်ကျင်းပခဲ့ပါတယ်။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို ၂၀၁၅ ခုနှစ်က ယခင်အစိုးရနဲ့ အချို့လက်နက်ကိုင်တပ်ဖွဲ့များ ရေးထိုးခဲ့တဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)အပေါ်မှာ အခြေခံပြီး ဆောင်ရွက်ရာမှာ အခက်အခဲများ ကြုံတွေ့ခဲ့ရပါတယ်။ ဒါပေမယ့်လည်း တစ်ဆင့်ပြီးတစ်ဆင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို အဆက်မပြတ် ဆောင်ရွက်ခဲ့ပါတယ်။ သဘောထား မတိုက်ဆိုင်မှုများကြောင့် တရားဝင်အစည်းအဝေးတွေ ရပ်ဆိုင်းသွားခဲ့ရတဲ့အခါတွေမှာ NRPC နဲ့ ငြိမ်းချမ်းရေးကော်မရှင် (Peace Commission) အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများ မြောက်မြားစွာကတစ်ဆင့် တရားဝင်တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းပေါ်ကို ပြန်လည်ရောက်ရှိလာအောင် ကြိုးပမ်းအားထုတ်ခဲ့ရပါတယ်။

၂၀၂၀ မှာ Covid-19 ပြဿနာကြောင့် အထူးအခက်အခဲများရှိခဲ့ပေမယ့်လည်း ဖွဲမလျှော့ဘဲ ဆောင်ရွက်ခဲ့တဲ့ရလဒ်ကတော့ (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပနိုင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ အစည်းအဝေးကျင်းပနိုင်ရုံမက နိုင်ငံရေးအနှစ်သာရ ပြည့်ဝတဲ့ သဘောတူစာချုပ်ကို ဆွေးနွေးဖက်တွေအားလုံး ကျေကျေနပ်နပ်နဲ့ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်တွေ၊ အဆင့်လိုက် အကောင်အထည်ဖော်မှုတွေ ချမှတ်နိုင်ခဲ့တဲ့ ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၃)ကို အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့ပါပြီ။

အခုဆိုရင် ၂၀၂၀ အလွန် ရှေ့ဆက်သွားမယ့် လမ်းကြောင်း အထင်အရှား၊ အဆင်သင့်ရှိနေပြီဖြစ်တဲ့ အချိန်မှာ NCA လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့တွေအပြင် NCA လက်မှတ် မထိုးရသေးတဲ့အဖွဲ့တွေ ပူးပေါင်းပါဝင်လာဖို့အတွက် ၂၀၂၀ အလွန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ကျွန်မတို့ ချဉ်းကပ်မှုအသစ်တွေနဲ့ ဘက်စုံထောင့်စုံ ကြိုးပမ်းဆောင်ရွက်သွားမှာပါ။ ၂၀၂၀ အလွန် ငြိမ်းချမ်းရေးမှာ လုပ်ငန်းစဉ်ပိုင်းလို့ ဆိုလိုက်တာနဲ့ တရားဝင်အစည်းအဝေးတွေရှိသလို၊ အလွတ်သဘောဆွေးနွေးမှုတွေ အရေးပါတာကိုလည်း ကျွန်မတို့လက်တွေ့ကြုံခဲ့ပြီး ဖြစ်ပါတယ်။ အလားတူပါပဲ၊ အများပြည်သူပါ ပါဝင်ပတ်သက်ခွင့်ရှိရမယ့် လူထုအခန်းကဏ္ဍကိုလည်း အလေးထားပါတယ်။ ဒါဟာ ပါဝင်ရမယ့်သူတွေအားလုံး အကျုံးဝင်ပါဝင်နိုင်အောင် လမ်းဖွင့်ပေးနိုင်ခြင်းနဲ့လည်း ဆက်စပ်နေပါတယ်။ ဒါ့အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖော်ဆောင်ရာမှာလည်း မူဘောင်လမ်းညွှန်မှု၊ လိုအပ်တဲ့ စုဖွဲ့မှု၊ စနစ်နဲ့ယန္တရား တည်ဆောက်မှုစတဲ့ ဒီဇိုင်းပိုင်းကိုလည်း ကျွန်မတို့ အာရုံစိုက်ရပါတယ်။

ဒီလိုဦးတည်ချက်ထားပြီး လုပ်ငန်းစဉ်ပိုင်း၊ ဒီဇိုင်းပိုင်း၊ ပါဝင်သူတွေအားလုံး အကျုံးဝင်စေခြင်းအပိုင်းတွေကို လာမယ့်ငါးနှစ်တာကာလမှာ လက်တွေ့အသက်ဝင်ဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်နိုင်ဖို့အတွက် ပညာရပ်ဆိုင်ရာ၊ စီမံခန့်ခွဲမှုဆိုင်ရာ အထောက်အကူပြုအဖွဲ့တွေ၊ နိုင်ငံရေးပါတီတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေကအစ ပြည်သူတွေအပါအဝင် အဓိက အင်အားစုတွေအဆုံး အကျေအလည် ဆွေးနွေးညှိနှိုင်းနိုင်မယ့် ပြန်လည်သုံးသပ်ရေး လုပ်ငန်းစဉ်ကို ကျယ်ကျယ်ပြန့်ပြန့် ဘက်စုံစဉ်းစားပြီး ကိုယ်စားပြုမှုနဲ့ ထိရောက်မှု ဟန်ချက်ဘက်ညီမျှတစေမယ့် **"၂၀၂၀ အလွန် ငြိမ်းချမ်းရေးဖွဲ့စည်းတည်ဆောက်မှုအသစ် (New Peace Architecture)"** ကို အရှိန်အဟုန်နဲ့ ဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။ "ပင်လုံစာချုပ်" လက်မှတ်ရေးထိုးမှု နှစ်ပေါင်း (၇၅)နှစ် ပြည့်မြောက်မယ့် "စိန်ရတုနှစ်" ဖြစ်တဲ့ ၂၀၂၂ ခုနှစ်မှာ ပြည်ထောင်စုရဲ့ပန်းတိုင်ကို အတူတကွ ဆက်ပြီး လျှောက်လှမ်းသွားမယ့် လမ်းကြောင်းတွေ ခိုင်ခိုင်မာမာ ထင်ထင်ရှားရှား လှမ်းမြင်နေရတဲ့ အားတက်ဖွယ်ရာ အခြေအနေတစ်ရပ်ကို ရောက်ရှိလာဖို့ ရည်မှန်းချက်ထားပြီး ၂၀၂၀ အလွန် ငြိမ်းချမ်းရေးဖွဲ့စည်းတည်ဆောက်မှုအသစ် အနေနဲ့ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ငြိမ်းချမ်းရေးဖြစ်စဉ်ရဲ့ ဦးတည်ချက်ဖြစ်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပေါ်ထွန်းရေးအတွက် မဖြစ်မနေလိုအပ်ချက်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးပဲ ဖြစ်ပါတယ်။ ရရှိမည့် ငြိမ်းချမ်းရေးသဘောတူညီချက်များ၊ နိုင်ငံရဲ့ ရေရှည်လိုအပ်ချက်များ၊ ပြည်သူလူထုရဲ့ လိုလားတောင့်တချက်များနဲ့ကိုက်ညီတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွန်းရေးအတွက် ကျွန်မတို့အားလုံး ဉာဏ်စွမ်း၊ ကိုယ်စွမ်းရှိသမျှ ကြိုးပမ်းသွားကြရပါမယ်။ နိုင်ငံလွတ်လပ်ရေးရပြီးသည်မှာ (၇၅)နှစ်ပြည့်ဖို့ နှစ်နှစ်သာလိုပါတော့တယ်။ ဘယ်လိုနိုင်ငံမျိုးမှာ ကျွန်မတို့သာမက၊ နောင်လာနောက်သားများ နေထိုင်ရှင်သန်သွားရမယ်ဆိုတာကို ပုံဖော်ဖို့ ဒီနှစ်တွေအတွင်းမှာ အထူးဂရုပြုဆောင်ရွက်ဖို့ရာကို နိုင်ငံတော်အစိုးရရဲ့ အဓိကလုပ်ငန်းစဉ်တစ်ရပ်အဖြစ် သတ်မှတ်ပါတယ်။ ပြည်သူရဲ့ လုပ်ငန်းစဉ်တစ်ရပ်လည်း ဖြစ်ပါတယ်။

> **ရှေ့လာမယ့် ငါးနှစ်တာအတွင်းမှာ လိုအပ်တဲ့ဆေးဝါးပစ္စည်းတွေ၊ ကျန်းမာရေးအထောက်အကူပစ္စည်းတွေကို ပြည်တွင်းမှာပဲ ထုတ်လုပ်နိုင်ဖို့၊ နိုင်ငံတကာအဆင့်မီ ဆေးရုံတွေ၊ ဆေးခန်းတွေနဲ့ ဝန်ဆောင်မှုပေးနိုင်ဖို့၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ နည်းပညာတွေ တိုးတက်မြင့်မားလာဖို့၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြှင့်တင်ပြီး ပြည်ပထွက်ငွေ လျှော့ချနိုင်ဖို့အတွက် ကျန်းမာရေးအထောက်အကူပြု လုပ်ငန်းနယ်ပယ်မှာ ရင်းနှီးမြှုပ်နှံမှုတွေ တစ်ရှိန်ထိုးတိုးတက်လာဖို့ အထူးအစီအမံတွေ ချမှတ်ဆောင်ရွက်သွားမှာဖြစ်**

## စနစ်ဟောင်းခေတ်ဟောင်းနဲ့ လမ်းခွဲရမယ်

စနစ်ဟောင်းခေတ်ဟောင်းနဲ့ လမ်းခွဲခဲ့တဲ့အခါမှာ အခြေခံဥပဒေအရသာမဟုတ်ဘဲ ပြုမူလုပ်ကိုင်ပုံ၊ လုပ်နည်းလုပ်ဟန်တွေအရလည်း လမ်းခွဲဖို့လိုပါတယ်။ တစ်နည်းအားဖြင့် မူဝါဒကောင်းတွေ၊ လုပ်ထုံးလုပ်နည်းကောင်းတွေနဲ့ ခေတ်ဟောင်း၊ စနစ်ဟောင်းကို လမ်းခွဲရတာဖြစ်ပါတယ်။ ဒီနေရာမှာ အထွေထွေအုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေးနဲ့ အုပ်ချုပ်ရေးစနစ်အဆင့်ဆင့်မှာ စီးပွားရေးနယ်ပယ်ကစလို့ ပြည်သူ့ရေးရာဝန်ဆောင်မှုတွေအဆုံး အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို စံနမူနာပြလုပ်ဆောင်ပြပြီး လုပ်နည်းလုပ်ဟန်အရ စနစ်ဟောင်းခေတ်ဟောင်းနဲ့ လမ်းခွဲရမယ်ဆိုတာ အလေးအနက် ပြောကြားလိုပါတယ်။

လုပ်နည်းလုပ်ဟန်အရ စနစ်ဟောင်းကို လမ်းခွဲပြီး ပြည်သူ့အကျိုးပြု ကိစ္စရပ်တွေထဲမှာ လမ်းပန်းဆက်သွယ်ရေးအပါအဝင် အခြေခံအဆောက်အအုံ ကောင်းမွန်အောင် တည်ဆောက်မှုတွေနဲ့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လျှပ်စစ်မီးလင်းရေးကိစ္စတွေလည်း ပါဝင်ပါတယ်။

ကျွန်မတို့အစိုးရတာဝန်ယူချိန်မှာ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ရရှိနိုင်မှု (၃၄ ရာခိုင်နှုန်း)ပဲ ရှိခဲ့ပါတယ်။ ဒီကနေ့ ဒီအချိန်မှာတော့ တစ်နိုင်ငံလုံးရဲ့ (၅၇ ရာခိုင်နှုန်း)နီးပါး ရရှိနေပြီဖြစ်ပြီးတော့ ၂၀၂၅ ခုနှစ်မှာ တစ်နိုင်ငံလုံးရဲ့ (၇၅ ရာခိုင်နှုန်း)၊ ၂၀၃၀ ပြည့်နှစ်မှာ တစ်နိုင်ငံလုံး (၁၀၀ ရာခိုင်နှုန်း) ကျော် ရရှိလာအောင် ဆက်လက်ကြိုးပမ်းသွားမှာ ဖြစ်ကြောင်း အသိပေးလိုပါတယ်။

ဒါ့အပြင် လူတိုင်း လက်လှမ်းမီနိုင်တဲ့ ကျန်းမာရေး လွှမ်းခြုံမှု Universal Health Coverage ဆိုတာကလည်း ကျွန်မတို့ ကတိကဝတ်ပြုထားခဲ့တာပါ။ ရှေ့လာမယ့် ငါးနှစ်တာအတွင်းမှာ လိုအပ်တဲ့ဆေးဝါးပစ္စည်းတွေ၊ ကျန်းမာရေးအထောက်အကူပစ္စည်းတွေကို ပြည်တွင်းမှာပဲ ထုတ်လုပ်နိုင်ဖို့၊ နိုင်ငံတကာအဆင့်မီ ဆေးရုံတွေ၊ ဆေးခန်းတွေနဲ့ ဝန်ဆောင်မှုပေးနိုင်ဖို့၊ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ နည်းပညာတွေ တိုးတက်မြင့်မားလာဖို့၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြှင့်တင်ပြီး ပြည်ပထွက်ငွေ လျှော့ချနိုင်ဖို့အတွက် ကျန်းမာရေးအထောက်အကူပြု လုပ်ငန်းနယ်ပယ်မှာ ရင်းနှီးမြှုပ်နှံမှုတွေ တစ်ရှိန်ထိုးတိုးတက်လာဖို့ အထူးအစီအမံတွေ ချမှတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

COVID-19 ထိခိုက်မှုဒဏ်ကို သက်သာစေဖို့အတွက် COVID-19 ထိခိုက်မှုသက်သာရေးစီမံချက် (CERP) ကို ရေးဆွဲခဲ့ပြီး အဲဒီစီမံချက်မှာပါတဲ့ ကာလတိုလုပ်ငန်းစဉ်များကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ယခုအချိန်မှာ COVID-19 ထိခိုက်မှုဒဏ်ကို သက်သာစေဖို့အပြင် တစ်ဆင့်ရိုက်ခတ်မှုဒဏ်ကို ခံစားလာရတဲ့ မြန်မာ့စီးပွားရေးကို ပြန်လည်နိုးထလာစေဖို့ ပြည့်စုံကျယ်ပြန့်တဲ့ မူဝါဒများချမှတ် အကောင်အထည်ဖော်ဖို့ လိုအပ်လာပါတယ်။ အဲဒါကြောင့် မြန်မာ့စီးပွားရေး ထိခိုက်မှုကို တွန်းလှန်လွန်မြောက်နိုင်ရေးနှင့် ပြုပြင်ပြောင်းလဲရေးစီမံချက် (MERRP) မူကြမ်းကို ရေးဆွဲထားပြီးဖြစ်ပါတယ်။ အဲဒီစီမံချက်မှာပါတဲ့ ကာလလတ်လုပ်ငန်းစဉ်များအနက် အမြန်ဆုံးသိသာနိုင်တဲ့ လုပ်ငန်းစဉ်များကို ရွေးချယ်ပြီး အကောင်အထည်ဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။ MERRP ဟာ စီးပွားရေးကဏ္ဍကို ပိုမိုဇောင်းပေးထားပြီး အဲဒီစီမံချက်မှာပါတဲ့ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ခြင်းအားဖြင့် မြန်မာနိုင်ငံ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံချက်ပါ ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။

ရင်းနှီးမြှုပ်နှံမှုများ ပိုမိုအားကောင်းလာစေဖို့အတွက် ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာများကို လက်ခံစိစစ်ခွင့်ပြုပေးခြင်းထက် ရင်းနှီးမြှုပ်နှံမှုအခွင့်အရေးများ ဖန်တီးပြီး ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် များမကြာမီ အချိန်အတွင်းမှာ ပြည်တွင်းပြည်ပနဲ့ ဖက်စပ်ရင်းနှီးမြှုပ်နှံမှုတွေ အကောင်အထည်ဖော်တဲ့ အခြေခံအဆောက်အအုံတွေ ပေါ်လာနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

COVID-19 ကာလအတွင်းနဲ့ COVID-19 ကာလအလွန်များမှာပါ စီးပွားရေးတုံ့ပြန်မှုအပေါ် အခြေခံပြီး ဘဏ္ဍာရေးနဲ့ ငွေကြေးလုံ့ဆော်မှုများကို ထိရောက်စွာ အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အသုံးစရိတ်များကိုလည်း ထိရောက်တဲ့နေရာများမှာ ပိုမိုသုံးစွဲပြီး ပုဂ္ဂလိကကဏ္ဍကို ပိုမိုတွန်းအားပေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုမှာ အလွန်အရေးပါတဲ့ ကဏ္ဍတစ်ခုကတော့ ပညာရေးကဏ္ဍဖြစ်ပါတယ်။ ပညာရေးကဏ္ဍ တိုးတက်မှုဟာ ရေရှည်လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့လည်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေဖို့ နိုင်ငံတော်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက်သွားမှာဖြစ်တဲ့အပြင် ပုဂ္ဂလိကပညာရေးကဏ္ဍကိုလည်း အားပေးသွားမှာ ဖြစ်ပါတယ်။ ခေတ်ရဲ့ လိုအပ်ချက်များနဲ့ ကိုက်ညီတဲ့ ပညာရေးစနစ်အပြောင်းအလဲတွေကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အသက်မွေးဝမ်းကျောင်းပညာရေးကို ချဲ့ထွင်အားပေးခြင်းဖြင့် ကျွန်မတို့ လူငယ်များ အလုပ်အကိုင်ရရှိပြီး ဘဝလုံခြုံမှု ခိုင်မာရေးကို အာမခံနိုင်သွားမှာ ဖြစ်ပါတယ်။ ပညာရေးရဲ့ အဓိကစွမ်းအားကတော့ ရင်ဆိုင်ရမယ့် ပြဿနာများကို အကောင်းဆုံး ဖြေရှင်းနိုင်မယ့်လမ်း ရှာဖွေလျှောက်လှမ်းနိုင်တဲ့ အရည်အချင်းတွေ ဖြည့်ဆည်းပေးခြင်းပဲဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ်နဲ့ နောင်လာမယ့်နှစ်များမှာ ကျွန်မတို့နိုင်ငံ ရင်ဆိုင်ရမယ့် ပြည်တွင်းပြည်ပ စိန်ခေါ်မှုများကို စဉ်ဆက်မပြတ် ကျော်လွှားနိုင်စွမ်းရှိတဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်၊ ထိန်းသိမ်းရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်မယ့် ပြည်သူပြည်သားများ ပြုစုပျိုးထောင်ပေးမယ့် ပညာရေးစနစ်ကို အကောင်အထည်ဖော်ဖို့ ဖြစ်ပါတယ်။ **စာမျက်နှာ ၄ သို့ ❂**

❂ စာမျက်နှာ ၃ မှ

နှစ်သစ်ဆိုတဲ့ အနာဂတ်ကို မျှော်လင့်ချက်နဲ့ လှမ်းကြည့်ကြတဲ့ အချိန်ဟာ အတိတ်ရဲ့ သင်ခန်းစာတွေကိုယူပြီး ပိုမိုကောင်းမွန်တဲ့ ဘဝတည်ဆောက်ရေးအတွက် အခွင့်အလမ်းလို့ မြင်ကြပါတယ်။ တစ်ခါက နှစ်သစ်ကူးချိန်မှာ ကျွန်မဘာအတွက်များ ဆုတောင်းပါသလဲလို့ အမေးခံခဲ့ရပါတယ်။ စဉ်းစားလိုက်တော့ ခေါင်းထဲပေါ်လာတဲ့ အတွေးအတိုင်းပဲ "ပြည်သူတစ်ဦးချင်းစီ တာဝန်ကျေစေချင်တယ်" လို့ ပြန်ပြောခဲ့ပါတယ်။ ယခု ဒီအဖြေအပေါ်မှာ အဓိပ္ပာယ်နည်းနည်းချဲ့ပြီး ပြောချင်ပါတယ်။

တာဝန်ကျေဖို့ရာ ပထမလိုအပ်ချက်က တာဝန်သိဖို့ပဲဖြစ်ပါတယ်။ လောဘ၊ ဒေါသ၊ မောဟရဲ့တွန်းပို့မှုက ပေါ်လာတဲ့ လိုအင်ဆန္ဒတွေဟာ ကိုယ့်ရဲ့တာဝန်တွေပဲလို့ မှားပြီးမထင်မိဖို့ အင်မတန်အရေးကြီးပါတယ်။ တာဝန်ကိုအမှန်သိဖို့ ကြိုးစားကြပါ။ ကိုယ့်ရဲ့လိပ်ပြာ ကြေးမုံ ရှေ့မှာ တည့်တည့်ရပ်ပြီး ကိုယ်ကတာဝန်ပါလို့ သတ်မှတ်ထားတာဟာ ကိုယ့်အတွက်လား၊ အခြားအများအတွက်လား၊ ယူဖို့အတွက်လား၊ ပေးဖို့အတွက်လား၊ သတ္တိရှိရှိနဲ့ အဖြေမှန်ကို လက်ခံပြီး တာဝန်ကျေပွန်ဖို့အတွက် ကျွန်မတို့ ပြည်သူတွေ လုပ်ဆောင်နိုင်မယ်ဆိုရင် ၂၀၂၁ ခုနှစ်မှာသာမက နောင်လာမည့်နှစ်တွေ မြောက်မြားစွာမှာလည်း ကျွန်မတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွက် စိတ်ချရမှာ ဖြစ်ပါတယ်။

ကျွန်မတို့ ပြည်သူပြည်သူများသာမက ကမ္ဘာသူကမ္ဘာသားများအားလုံး ၂၀၂၁ ခုနှစ်မှာ ငြိမ်းချမ်းမှုပေးနိုင်ကြပါစေ၊ ငြိမ်းချမ်းမှုရယူနိုင်ကြပါစေ၊ ရွှင်လန်းမှုပေးနိုင်ကြပါစေ၊ ရွှင်လန်းမှု ရယူနိုင်ကြပါစေ၊ မေတ္တာပေးနိုင်ကြပါစေ၊ မေတ္တာရယူနိုင်ကြပါစေ။

နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ်အတွင်းရှိ ဂူနှစ်လုံးဆယ်စုကျေးရွာနှင့် အောင်မင်္ဂလာကျေးရွာသို့ ခရီးစဉ်ဒေသအသစ် ဖော်ဆောင်နိုင်ရေး ကွင်းဆင်းလေ့လာကြည့်ရှု



**နေပြည်တော် ဇန်နဝါရီ ၁**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ဒုတိယဝန်ကြီး ဦးတင်လတ်၊ နေပြည်တော်ကောင်စီဝင်(၂) ဦးတင်ထွန်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ်အတွင်းရှိ ဂူနှစ်လုံးဆယ်စုကျေးရွာနှင့် အောင်မင်္ဂလာကျေးရွာတို့သို့ သင့်လျော်သည့် ခရီးသွားလုပ်ငန်းများ ဖော်ဆောင်နိုင်ရေးအတွက် ကွင်းဆင်းလေ့လာကြည့်ရှုသည်။

ခရီးစဉ်တွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့်အဖွဲ့သည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ကိုဗစ်-၁၉ ဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဂူနှစ်လုံး ဆယ်စုကျေးရွာအနီးရှိ ကုန်းတော်ပေါ်ဂူနှစ်လုံးနှင့် အောင်မင်္ဂလာကျေးရွာအနီးရှိ ရွှေအင်းလျှောင်းအင်းသို့ သွားရောက်လှည့်လည်ကြည့်ရှုလေ့လာခဲ့ပြီး ရွှေအင်းလျှောင်းအင်းရေပြင်ကို သဘာဝအတိုင်းမပျက်စီးစေဘဲ သန့်ရှင်းသာယာလှပစေရန် ပြုပြင်မွမ်းမံ၍ ခရီးသွားပြည်သူများ လာရောက်အပန်းဖြေ လည်ပတ်နိုင်ရန် ဆောင်ရွက်နိုင်ပါကြောင်း ဒေသခံ ရပ်မိရပ်ဖများအား ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် NAYPYITAW CITY PARK စီမံကိန်းအား သွားရောက်လေ့လာသည်။

အဆိုပါစီမံကိန်းသည် ကလေးကစားကွင်း၊ Shopping Mall ၊ စားသောက်ဆိုင်များနှင့် Bar များဖြင့် ပြည်တွင်းပြည်ပခရီးသွားများ အပါအဝင် အများပြည်သူများ အပန်းဖြေအနားယူနိုင်ရေး ရည်ရွယ်ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

ဂူနှစ်လုံးဆယ်စုကျေးရွာအုပ်စုနှင့် အောင်မင်္ဂလာကျေးရွာတို့သည် လယ်ဝေးမြို့နယ်မှ ၁၂ မိုင်ခန့်အကွာတွင် တည်ရှိပြီး ဒေသခံများအနေဖြင့် စိုက်ပျိုးရေးကို အခြေခံသည့် လယ်ယာလုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရသစ်နှင့် မြန်မာ့စာကြည့်တိုက်လောက ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁**

နိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားရှိသော ပြည်သူ့စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် တိုင်းဒေသကြီး ပြည်နယ်အသီးသီးတွင် ပြည်သူ့စာကြည့်တိုက်ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် အစိုးရသစ်နှင့် မြန်မာ့စာကြည့်တိုက်လောက ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပခဲ့ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်၊ Myanmar Book Aid and Preservation Foundation မှ ဒေါက်တာသန့်သော်ကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထူးအောင်၊ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းမှ ဒေါ်ခင်နှင်းဦး၊ တကောင်း-တတ်သိ ပညာစာကြည့်တိုက်မှ ဦးဆန်းနိုင်ဦးတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

## ပြန်လည်ဖြေကြား

ဆွေးနွေးပွဲတွင် အစိုးရသစ်တာဝန်ယူမည့်ကာလအတွင်း ပြည်သူ့စာကြည့်တိုက်များ၏ အခန်းကဏ္ဍနှင့် ဖွံ့ဖြိုးတိုးတက်မှုအလားအလာများကို လည်းကောင်း၊ စာကြည့်တိုက်များအတွက် ထောက်ပံ့ကူညီမှု အစီအစဉ်များနှင့် ပြည်သူ့စာကြည့်တိုက်ဥပဒေ၊ နည်းဥပဒေများရေးဆွဲပြဋ္ဌာန်းလျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ စာအုပ်စာစောင် ထုတ်ဝေမှု၊ ဝယ်ယူမှု၊ ဖတ်ရှုမှုနှင့် စာကြည့်တိုက်များ၏ အခန်းကဏ္ဍကို လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ရေးဆွဲပြဋ္ဌာန်းပြီးဖြစ်သော ပြည်သူ့စာကြည့်တိုက် ဥပဒေများနှင့် ပြုပြင်ဆောင်ရွက်ရမည့် အခြေအနေကိုလည်းကောင်း ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားခဲ့ကြသည်။

## ပူးပေါင်းဆောင်ရွက်သွားမည်

ယခုအခါ တိုင်းဒေသကြီး၊ ပြည်နယ် ၁၁ ခုတွင် ပြည်သူ့စာကြည့်တိုက်ဥပဒေများ ရေးဆွဲပြဋ္ဌာန်းခဲ့ကြပြီးဖြစ်သလို နည်းဥပဒေများ ဆက်လက်ရေးဆွဲနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူ့စာကြည့်တိုက်ဥပဒေရေးဆွဲရန် ကျန်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အမြန်ရေးဆွဲပြဋ္ဌာန်းရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် စာကြည့်တိုက်ပညာရှင်များ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တောင်ပိုင်းခရိုင် က.ည.န ရုံး ဘုရားကုန်းကျေးရွာရှိ ရုံးသစ်ကြီးသို့ပြောင်းရွှေ့



**ရန်ကုန် ဇန်နဝါရီ ၁**

သန်လျင်မြို့ရှိ ရန်ကုန်တောင်ပိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန က.ည.န ရုံးကို ကိုဗစ်ကာလ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ပြည်သူလူထုကို အကောင်းဆုံးဝန်ဆောင်မှုများပေးနိုင်ရန်အတွက် သီလဝါလမ်းမကြီးဘေး ရေကြောင်းတက္ကသိုလ်လမ်းဆုံ ဇာမဏီအနောက်ကွင်း ဘုရားကုန်းကျေးရွာရှိ အသစ်တည်ဆောက်ထားသော ရုံးသစ်ကြီးသို့ ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း သိရသည်။

"အခုလို ကိုဗစ်ကာလ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်တွေနဲ့အညီ ဆောင်ရွက်ရတဲ့အခါမှာ ရုံးဟောင်းက နေရာကျဉ်းတဲ့အတွက် အခက်အခဲတွေရှိပါတယ်။ ဒီလိုအခက်အခဲတွေမဖြစ်ရလေအောင်ဆိုပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ ရုံးသစ်ကြီးဆောက်လုပ်မှု ပြီးစီးသွားပြီဖြစ်တဲ့အတွက် ပြည်သူလူထုကို က.ည.န လုပ်ငန်းတွေ ဝန်ဆောင်မှုပေးနိုင်ဖို့ ပြောင်းရွှေ့ဖွင့်လှစ်လိုက်ပြီဖြစ်ပါတယ်။ဝန်ဆောင်မှုတွေကိုတော့ အထက်ညွှန်ကြားချက်ရတာနဲ့ စတင်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ရန်ကုန်တောင်ပိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်သန်းက ပြောကြားသည်။

ရန်ကုန်တောင်ပိုင်းခရိုင် က.ည.န ရုံးသစ်ကြီး၌ မော်တော်ယာဉ်စစ်ဆေးခြင်း၊ ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်း၊ ယာဉ်သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏လမ်းညွှန်ချက် Social Distancing နှင့်အညီ ပြင်ဆင်ဆောင်ရွက်ထားသည်။ ထို့ပြင် လက်ဆေးဘေစင်များကိုလည်း အဝင်အထွက်နေရာများ၌ ပြင်ဆင်ထားရှိသည်။

အဆိုပါရုံးသစ်ကြီး၌ ယာဉ်မောင်းလိုင်စင်သစ် ဖြေဆိုခြင်းမှလွဲ၍ မော်တော်ယာဉ်သက်တမ်းတိုးခြင်း၊ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းစသော က.ည.န ဝန်ဆောင်မှုလုပ်ငန်းအားလုံးကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သို့သော် Online Booking စနစ်ဖြင့်သာဆောင်ရွက်မည်ဖြစ်၍ ဝန်ဆောင်မှုဆောင်ရွက်လိုသူ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းများအနေဖြင့် ဦးစွာ အွန်လိုင်းမှတစ်ဆင့် Booking ရယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကိုဗစ်ကာလဖြစ်၍ ဝန်ဆောင်မှုများကို စည်းကမ်းချက်များနှင့်အညီ အရေအတွက်ကန့်သတ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တောင်ပိုင်းခရိုင် က.ည.န ရုံးသည် အဓိကအားဖြင့် ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်၊ ထော်လာဂျီလိုင်စင်၊ သုံးဘီးမောင်းလိုင်စင်တို့ကို စစ်ဆေးပြီးထုတ်ပေးသည့်လုပ်ငန်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့သော်လည်း ကိုဗစ်-၁၉ ထိန်းချုပ်ရေးကာလဖြစ်သည့်အတွက် ဝန်ဆောင်မှုလုပ်ငန်းများ ယာယီရပ်နားထားပြီး အထက်ညွှန်ကြားချက်ရရှိပါက ဝန်ဆောင်မှုလုပ်ငန်းများ စတင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း မြို့နယ်ပေါင်း ၁၃ မြို့နယ်ပါဝင်ပြီးသန်လျင်အပါအဝင် မြို့နယ်များ၌ ဆိုင်ကယ်စီးခွင့်ပေးထားသဖြင့် ဆိုင်ကယ် လိုင်စင်ထုတ်ပေးရာ ရုံးလည်းဖြစ်ကြောင်း သိရသည်။ အဆိုပါရုံးသစ်ကြီးကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၈ ရက်တွင်ဖွင့်လှစ်ခဲ့သော်လည်း ဒီဇင်ဘာလတွင် ပြောင်းရွှေ့ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ က.ည.န လုပ်ငန်းဝန်ဆောင်မှုပေးနိုင်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း သိရသည်။

**မြင့်မောင်**

## အမျိုးသားညီညွတ်ရေးကို အခြေခံ

တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးက လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလကဲ့သို့ပင် အမျိုးသား ညီညွတ်ရေးကို အခြေခံသည့် စုပေါင်းအင်အားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီး အောင်မြင်ရေး၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းအဆင့်ဆင့်ကို အောင်မြင်စွာကျော်ဖြတ်ပြီး ဒီမိုကရေစီအမြစ်တွယ် ခိုင်မာရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစွာ ဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွား ကြရမည် ဖြစ်ပါသည်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှုခင်း။ ဓာတ်ပုံ - ထွန်းထွန်းသိန်း

## မန်းစက်တော်ရာဘုရား သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံရန်အလှူငွေကျပ် ၂၁၅ သိန်းလှူဒါန်း

**ငဖဲ ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော်ရာဘုရား သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံနိုင်ရန်အတွက် အလှူငွေကျပ် ၂၁၅ သိန်း ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက မန်းရွှေစက်တော်ရာဘုရားသုံးထပ်ဗိမာန်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များနှင့် ဧည့်ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မန်းရွှေစက်တော်ရာဘုရားဂေါပကအဖွဲ့ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဉာဏိက ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ဆက်လက်၍ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးမြင့်အောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။



ထို့နောက် မန္တလေးမြို့ မြင့်မြတ်ချမ်းအေး ကျောက်မီးသွေးကုမ္ပဏီပိုင်ရှင် ဦးဝင်းမော်မိသားစုက မန်းချောင်းဘေးရှိ ပုသိမ်-မုံရွာတိုက်တန်းပြုပြင်ရန်အတွက် အလှူငွေကျပ်သိန်း ၂၀၀ ကိုလည်းကောင်း၊ ငဖဲမြို့ မြို့မရပ်ကွက် ဦးစိုးသိန်းမိသားစုက ရာဇူတိုင်စေတီရှိ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူနှင့် ကြွေပြားခင်းရန်အတွက် အလှူငွေကျပ် ၁၀ သိန်းနှင့် မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်ထွန်းမိသားစုက နဝကမ္မအလှူငွေကျပ် ငါးသိန်း စုစုပေါင်း လှူဒါန်းငွေကျပ် ၂၁၅ သိန်းကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

မန်းရွှေစက်တော်ဘုရားပွဲ မကျင်းပမီကာလအတွင်း ဘုရားဂေါပကအဖွဲ့မှ သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံခြင်းနှင့် ဓာတ်လှေကားတည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မယု(ငဖဲ)

## ကျောက်မဲမြို့ တိုက်ပွဲရှောင်စခန်း၌ အဖွဲ့အစည်းအသီးသီးမှ ဆန်၊ ဆီ ရိက္ခာများ ထောက်ပံ့လှူဒါန်း



**ကျောက်မဲ ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ပေါ်ရှိ တိုက်ပွဲရှောင်စခန်း လေးနေရာ၌ ခိုလှုံနေသည့် တိုက်ပွဲရှောင်ပြည်သူများအတွက် ယမန်နေ့က အဖွဲ့အစည်းအသီးသီးမှ ငွေ၊ ဆန်၊ ဆီ၊ ရိက္ခာများနှင့် အဝတ်အထည်များ လာရောက်ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ကျောက်မဲမြို့ပေါ်ရှိ တိုက်ပွဲရှောင်စခန်း လေးနေရာ၌ ဒီဇင်ဘာ ၃၁ ရက်အထိ စာရင်းအရ တိုက်ပွဲရှောင် အိမ်ထောင်စု ၂၂၀၊ လူဦးရေ ၈၅၈ ဦး ရောက်ရှိခိုလှုံလျက်ရှိပြီး ၎င်းတို့အတွက် Oxfan in Myanmar အဖွဲ့က လူတစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ယမန်နေ့ကစ၍ ထောက်ပံ့ပေးလျက်ရှိရာ အုမ်တမောဝ် လူမှုကူညီရေးအသင်းက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ကွတ်ခိုင်မြို့မှ ကရုဏာ၊ ဖြဟ္မာစိုရ်နှလုံးသား၊ မူဆယ်မြို့မှ မြင့်မြတ်ပါရမီ၊ နမ့်ခမ်းမြို့မှ NMBG နှင့် သီပေါမြို့မှ သီပေါလူငယ်အစုရှိသည့် ပရဟိတလူမှုကူညီရေးအသင်းတို့ကလည်း ဆန် ၅၈ အိတ်၊ ဆီ၊ ကုလားပဲ၊ ခေါက်ဆွဲခြောက်၊ ကြက်ဥနှင့် အဝတ်အထည်များကို ယမန်နေ့က လာရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ကျောက်မဲမြို့နယ် လွယ်အံတင်း၊ ကောင်းခါး၊ ခုံငင်း၊ မန်စပ်၊ ပန်လော့နှင့် ပန်မခံ ကျေးရွာများမှ တိုက်ပွဲရှောင်ပြည်သူများသည် မြို့ပေါ်ရှိ ဝါဆိုကျောင်းတိုက်၊ အောင်မင်္ဂလာကျောင်းတိုက်၊ ပန္နကုန်းစာသင်ကျောင်းနှင့် သန္တိသုခဓမ္မာရုံများတွင် ရောက်ရှိခိုလှုံလျက်ရှိသည်။

အဆိုပါ တိုက်ပွဲရှောင်များအတွက် ငွေ၊ ရိက္ခာ၊ အဝတ်အထည်နှင့် အသုံးအဆောင်လာရောက်ထောက်ပံ့လှူဒါန်းသူ နေ့စဉ်နီးပါးရှိနေကြောင်း သိရသည်။ **မိုင်းထွန်း(ပြန်/ဆက်)**

## လွတ်လပ်ရေးနှင့် တို့တာဝန်

❖ မြန်မာနိုင်ငံလွတ်လပ်တာ
ဇန်နဝါရီလေးရက်မှာ၊
လေးနာရီနဲ့ နှစ်ဆယ်မိနစ်
တစ်ထောင်ကိုးရာလေးဆယ့်ရှစ်
သမိုင်းတွင်တဲ့သက္ကရာဇ်။

❖ မြန်မာသက္ကရာဇ်မှတ်ရစ်ပေ
တစ်ထောင်သုံးရာ ကိုးခုနှစ်မလေ၊
တနင်္ဂနွေပါမှတ်သားကြ
ပြာသိုလဆုတ် ကိုးရက်ဗျ။

❖ လွတ်လပ်ခါစ သမ္မတမှာ
စဝ်ရွှေသိုက်တဲ့မှတ်စရာ
အများရွေးကာတင်မြှောက်ပြု
ဝန်ကြီးချုပ်က သခင်နု။

❖ ပါလီမန်ဟုခေါ်တွင်ရှာ
တိုင်းပြုပြည်ပြုလွှတ်တော်မှာ၊
ဗိုလ်မှူးအောင်ပါ ဥက္ကဋ္ဌ
လွတ်လပ်ချိန်က တာဝန်အစ။

❖ လွတ်လပ်လမ်းစဖောက်သူမှာ
ဇာနည်မျိုးချစ်အောင်ဆန်းပါ၊
လွတ်လပ်ချိန်မှာသူမရှိ
လက်ပါးစေကြောင့်ကျဆုံး၏။

❖ သူ၏မှာစကားမမေ့ပါ
စည်းကမ်းရှိကြညီညွတ်စွာ၊
စောင့်ရှောက်ကြပါလွတ်လပ်ရေး
သားစဉ်မြေးဆက်တာဝန်ပေး။

❖ တို့သွေးတို့သားလက်တွဲကာ
ပြည်ထောင်စုကိုကာကွယ်မှာ၊
တိုင်းပြည်သာယာငြိမ်းချမ်းဖို့
တို့များတာဝန်ကျေပွန်စို့။ ။

**ဝင်းတင့်ဦး(ကြံခင်း)**

# ဆရာမကြီး ဒေါ်ခင်မျိုးချစ်နှင့် 'သတင်းစာလောက'

မောင်ဖေလှိုင်

**"ကျွန်ုပ်တို့ နံနက်တိုင်းဖတ်ရသည့် နေ့စဉ်သတင်းစာသည် အဘယ်ပုံစတင်ဖြစ်ပေါ်လာပါသနည်း။ နံနက်စောစော စားနေကျအစားအစာနှင့်ဖက်၍ ကျွန်ုပ်တို့ ယခုမြီးနေကျ သတင်းစာအစား ကမ္ဘာဦးသူတို့သည် ရှေးပဝေဏီက အဘယ်အရာကို မြီးကြပါသနည်း။ ဤသို့ ကရွတ်ကင်းလျှောက်တွေးကြည့်လိုက်ပါလျှင် သတင်းစာ၏ ဇာတိပဝတ္တိတို့ကို သိရှိရပေမည်။ စင်စစ် သတင်းစာ စတင်ဖြစ်ထွန်းခဲ့ပုံမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။"**

အထက်ပါကဲ့သို့ သတင်းစာ၏ ကနဦး နိဒါန်းအစနှင့်ပတ်သက်၍ အစချီထားသော 'စတုတ္ထမဏ္ဍိုင်' ခေါင်းစဉ်တပ်ကာ အခန်း(၁) အဖြစ် ဖော်ပြထားသောစာအုပ်မှာ **'သတင်းစာလောက'** အမည်ရှိစာအုပ် ဖြစ်ပါ၏။

ဆရာမကြီး ဒေါ်ခင်မျိုးချစ် ရေးသားပြုစုခဲ့သော ယင်းစာအုပ်၏ သက်တမ်းမှာ နှစ်ပေါင်း ၆၈ နှစ်မျှကြာမြင့်ခဲ့ပေပြီ။ ၁၉၅၂ ခုနှစ် ဩဂုတ်လက ပထမအကြိမ်အဖြစ် အုပ်ရေ ၂၅၀၀၀ မျှ ရိုက်နှိပ်ထုတ်ဝေခဲ့သော စာအုပ်ဖြစ်၍ ဝါကြန့်ကြန့် ဖြစ်နေရုံသာမက အညိုရောင်ပင် သန်းလုနေခဲ့ပါ၏။

မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း(Burma Translation Society) ရန်ကုန်မြို့မှ ထုတ်ဝေခဲ့သော ယင်း 'သတင်းစာလောက (Newspaper World)' အမည်ရှိစာအုပ်မှာ ထိုစဉ်ကာလက မြန်မာနိုင်ငံ၏ သတင်းစာလောက အခြေအနေ၊ အခင်းအကျင်းကိုသာမက ကမ္ဘာ့သတင်းစာများ၏ ဖြစ်စဉ်၊ ဖြစ်ရပ်များကိုပါ မီးမောင်းထိုး ပြသထားနိုင်ခဲ့ပေသည်။

(**မှတ်ချက်**။ ။ ၁၉၄၇ ခုနှစ် ဆိုရှယ်လစ်ပါတီ စီမံကိန်းရေးဆွဲရေးအစည်းအဝေးတစ်ရပ်ကို မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန်နှင့် ဒုတိယကမ္ဘာစစ်ဒဏ်မှ ပြန်လည်ထူထောင်ရေးအတွက် ကျင်းပခဲ့ပါသည်။ ယင်းအစည်းအဝေး၌ တိုင်းသူပြည်သားများအတွက် အသုံးဝင်မည့် ပြည်ပနိုင်ငံထုတ်စာအုပ်များကို ဘာသာပြန်ဆိုရန်နှင့် ပုံနှိပ်ထုတ်ဝေနိုင်ရန်အတွက် ဘာသာပြန်စာပေဌာနကြီး တစ်ခုထူထောင်ရန် ဗိုလ်ချုပ်အောင်ဆန်းက မှာကြားခဲ့သည်။

သို့ဖြစ်၍ ၁၉၄၇ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း စတင်ပေါ်ပေါက်လာခဲ့ပြီး ယင်းအသင်းကြီးကို ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးချိန်၌ **'စာပေဗိမာန်'**ဟု ခေါ်တွင်စေခဲ့ပါသည်။ ယင်းစာပေဗိမာန်အဖွဲ့သည် ကနဦးက ရန်ကုန်မြို့ ပြည်လမ်း ဟံသာဝတီအဝိုင်းအနီးရှိ ဆိုရှယ်လစ်ပါတီ အဆောက်အအုံ၌တည်ရှိခဲ့ပြီး ၁၉၅၅ ခုနှစ် မေလမှသာ ရန်ကုန်မြို့ ကုန်သည်လမ်း လက်ရှိအဆောက်အအုံနေရာသို့ ပြောင်းရွှေ့လာခဲ့ခြင်း ဖြစ်ပါသည်။)

ထိုစဉ်က **'အမှောင်ခွင်း၍ အလင်းဆောင်အံ့'** ဟူသော ဆောင်ပုဒ်ကြွေးကြော်သံဖြင့် ထွက်ရှိခဲ့သော ယင်းစာအုပ်သည် မြန်မာနှင့် ကမ္ဘာ၏ ပုံနှိပ်မီဒီယာအခြေအနေကို ပြဆိုသော စာအုပ်တစ်အုပ်လည်း ဖြစ်ခဲ့ပါ၏။

မျက်မှောက်ကာလကဲ့သို့ ပုံနှိပ်မီဒီယာ အထူးသဖြင့် နိုင်ငံပိုင်သတင်းစာသာမက ပုဂ္ဂလိကသတင်းစာများထွက်ရှိနိုင်သော အနေအထား၌ စတုတ္ထမဏ္ဍိုင်ခေါ် မီဒီယာများ၏ အခန်းကဏ္ဍကို ယခုစာအုပ်က ကနဦး သုံးသပ်ဝေဖန်ထောက်ပြနိုင်သော အကြောင်းအရာ အချက်အလက်များကို ဖော်ညွှန်းထောက်ကူနိုင်မည်ဖြစ်ပါသည်။




တည်ရှိလာခဲ့သည်။ ကျွန်ုပ်တို့၏ စာပေကျမ်းဂန်များတွင် ပေါ်လိမ့်မည်ဟူ၍ ၎င်း၊ မြတ်စွာဘုရားပွင့်လိမ့်မည်ဟူ၍ ၎င်း၊ မောနေယျ ကျင့်သုံးသူပေါ်လိမ့်မည်ဟူ၍၎င်း နှစ်ပေါင်းများစွာကပင် တင်ကြို၍ ကောလဟာဠ ဖြစ်ပွားခဲ့ဘူးသည်။

လူတို့တွင် သတင်းအထူးအဆန်းများကို တယောက်စကား တယောက်နား ပြောကြားနားထောင်ခြင်း၊ အုတ်အုတ်ကျက်ကျက် ကောလဟာဠ ဖြစ်ခြင်းတို့မှာ သတင်းစာမပေါ်မီအချိန်ကပင် ပေါ်ခဲ့သည်။ တနေရာနှင့်တနေရာ ကုန်သွယ်ကြသော လှေကုန်သည်၊ လှည်းကုန်သည်တို့သည် ရပ်ဝေးသတင်းစကားများကို ဖြန့်ချီကြသည်လည်းရှိခဲ့သည်" ဟူ၍ ရေးသားထားပါ၏။ **(မူရင်းစာအုပ်သတ်ပုံစာအတိုင်း ဖော်ပြထားပါသည်။)**

ဆက်လက်၍ "သိချင်မြင်ချင်ကြားချင်သော လူ့စိတ်ကိုစေ့ဆော်ပေးခြင်းဖြင့် ပုဂ္ဂိုလ်တဦး သို့မဟုတ် ပုဂ္ဂိုလ်တစုတို့သည် တပါးသူတို့အား မိမိလိုရာကို ဆွဲငင်သိမ်းသွင်းနိုင်သည်။ ထိုသို့ မိမိတို့လိုရာသို့ ဆွဲငင်သိမ်းသွင်းသည်ကို ခေတ်အခေါ်အားဖြင့် ဝါဒဖြန့်သည်ဟု ခေါ်သည်။ ဝါဒဖြန့်ခြင်းကို

> ○ **မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (Burma Translation Society) ရန်ကုန်မြို့မှ ထုတ်ဝေခဲ့သော ယင်း 'သတင်းစာလောက (Newspaper World)' အမည်ရှိစာအုပ်မှာ ထိုစဉ်ကာလက မြန်မာနိုင်ငံ၏ သတင်းစာလောက အခြေအနေ၊ အခင်းအကျင်းကိုသာမက ကမ္ဘာ့သတင်းစာများ၏ ဖြစ်စဉ်၊ ဖြစ်ရပ်များကိုပါ မီးမောင်းထိုးပြသထားနိုင်ခဲ့**
>
> ○ **ထိုစဉ်က 'အမှောင်ခွင်း၍ အလင်းဆောင်အံ့' ဟူသော ဆောင်ပုဒ်ကြွေးကြော်သံဖြင့် ထွက်ရှိခဲ့သော ယင်းစာအုပ်သည် မြန်မာနှင့် ကမ္ဘာ၏ ပုံနှိပ်မီဒီယာအခြေအနေကို ပြဆိုသော စာအုပ်တစ်အုပ်လည်း ဖြစ်ခဲ့**

ဆရာမကြီး ဒေါ်ခင်မျိုးချစ်ပြုစုသော ဤစာအုပ်မှာ ဆရာ ဦးကျော်လင်းက ပြင်ဆင်၍ ဆရာဦးဒိုးက တည်းဖြတ်ခဲ့ခြင်းဖြစ်ပါ၏။ **"သတင်းစာ၏ တန်ခိုး"** ဟူ၍ ခေါင်းစဉ်တပ်ကာ ၁၈၇၅ ခုနှစ် မတ်လ ၂၀ ရက် (စနေနေ့)က စတင်ထုတ်ဝေခဲ့သော 'ရတနာပုံ နေပြည်တော် သတင်းစာ (The Mandalay Gazette)' သတင်းစာကို မင်းတုန်းမင်းတရားကြီး၏ အမိန့်တော်ဖြစ်သော– ' ငါမကောင်းလျှင် ငါ့ကိုရေး။ ငါ့မိဖုရား မကောင်းလျှင် မိဖုရားကိုရေး။ ငါ့သားသမီးမကောင်းလျှင် သားသမီးကိုရေး။ လွှတ်တရားသူကြီးမကောင်းလျှင် တရားသူကြီးကိုရေး။ မြို့ဝန်မကောင်းလျှင် မြို့ဝန်ကိုရေး။ မင်းတို့သတင်းစာ၌ အပြစ်မရှိစေရ။ နန်းတော်တွင်းသို့ သတင်းစာတိုက်က မည်သူမဆို အဆီးအတားမရှိ ဝင်ထွက်စေ'။ စာစုဖြင့် နိဒါန်းဖွင့်ထားပါသည်။

ထိုစာအုပ်တွင် အခန်း ၁၂ ခန်းဖြင့် စုစည်းဖော်ပြထားပေရာ "စတုတ္ထမဏ္ဍိုင်၊ သတင်းစာလွတ်လပ်မှု၊ သတင်းစာနှင့် လူထု'' ကစ "ခေါင်းကြီးပိုင်း၊ သတင်းနှင့်သတင်းယူနည်း၊ သတင်းစာ ဆောင်းပါးနှင့် ဝေဖန်စာဆောင်းပါး" အလယ် "ဗမာပြည် သတင်းစာလောက'' အဆုံး ခြုံငုံသုံးသပ်ရေးသားထားပါ၏။

(ယခင်အသုံးအနှုန်းအတိုင်း)


"ဆရာမကြီးက 'စတုတ္ထမဏ္ဍိုင်' ခေါင်းစဉ်အောက်၌ပင် 'လူ့လောကတွင် သတင်းများကို ကြားနာလိုသည့်စိတ်သည် အမှတ်မထင်သောကာလများကပင် ယခုခေတ်အခါ၌သာ ပြုလုပ်ကြသည်မဟုတ်။ ရှေးပဝေဏီကလည်း ဝါဒဖြန့်မှုများ ရှိခဲ့ကြပေသည်။" (မူရင်းစာအုပ်ပါသတ်ပုံ)

စာရေးသူက 'သတင်းစာနှင့်ဒီမိုကရေစီ' ခေါင်းစဉ်ငယ်အောက်၌ "ယခုခေတ်၌ ပြည်သူ့ဟစ်တိုင်၏ သဘောဟု သတင်းစာ၌ တွေ့ရပြန်သည်။ သတင်းစာသည် ဒီမိုကရေစီစနစ်၏ အချက်အခြာပြသနာဖြစ်သည်။ ဒီမိုကရေစီဆိုသည်ကား နိုင်ငံရေးလွတ်လပ်မှုပင်ဖြစ်၍ လွတ်လပ်မှုများထဲတွင် သိနိုင်ခွင့်၊ ပြောနိုင်ခွင့်၊ ဝေဖန်နိုင်ခွင့်တို့သည် အဓိကဖြစ်သည်။" (မူရင်းသတ်ပုံ)

ဆက်လက်၍ ဖော်ပြရာတွင် "သတင်းစာသည်ယခုအခါ နိုင်ငံရေး၊ ကမ္ဘာ့အရေး၏ အခြေခံကဏ္ဍတွင် တခုအပါအဝင်ဖြစ်လာခဲ့သောကြောင့် အနောက်နိုင်ငံများ၌ သတင်းစာကို စတုတ္ထမဏ္ဍိုင်ဟုပင် ခေါ်ဝေါ်ကြရလေသည်။"

(မူရင်းသတ်ပုံ)

**"သတင်းစာလွတ်လပ်မှု၏ရန်သူ"**အဖြစ် ဆရာမကြီးဒေါ်ခင်မျိုးချစ်က ပြဆိုရေးသားခဲ့ရာတွင် "သတင်းစာလွတ်လပ်မှု၏ အန္တရာယ်မှာ အာဏာပိုင်အုပ်ချုပ်သူတို့၏ မတရားချုပ်ချယ်မှု တခုတည်းသာမဟုတ်။ လူတဦးတယောက်သို့မဟုတ်တဖွဲ့၏ ကိုယ်ကျိုးအတွက်သော် ၎င်း၊ နိုင်ငံရေးအာဏာရမှုအတွက်သော် ၎င်း၊ လက်ကိုင်တုတ်ပြုခြင်းသည်လည်း အန္တရာယ်တပါးပင်ဖြစ်သည်။" ဟူ၍ ညွှန်းပြရေးသားထားပါ၏။ (မူရင်းသတ်ပုံ)




ရတနာပုံနေပြည်တော်သတင်းစာ (The Mandalay Gazette)

"သတင်းစာလုပ်ငန်း" နှင့် ပတ်သက်၍လည်း "သတင်းစာအလုပ်သည် ပင်ပန်းသော အလုပ်တခုဖြစ်သည်။ အလုပ်၌ လိမ်မာကျွမ်းကျင်သော သတင်းစာဆရာသည် စက်ကဲ့သို့ အလုပ်လုပ်နိုင်ရမည်။ စက်အပေလည်း ခံနိုင်ရမည်။ သတင်းထောက်လှမ်းရာ၌လည်း ဖျပ်လတ်ရသဖြင့်မြေအောက်ခားပြများနှင့်လည်း လိုက်တမ်းပြေးတမ်းကစားရန် အချိန်မရပေ။ တခါတရံ စိတ်ဝင်စားစရာ၊ အသည်းထိတ်စရာများ တွေ့ရသလောက် စွန့်စားရသော အခါလည်းရှိသေးသည်။ အမှန်အားဖြင့်ဆိုသော် အလုပ်ကိုကျေပြွန်စွာပြီးအောင်လုပ်ကိုင်နိုင်ခြင်းသာလျှင် စိတ်ကျေနပ်မှုအစစ် ဖြစ်တော့သည်။" စသည်ဖြင့် မှတ်ချက်ပြုထားပါ၏။ (မူရင်းသတ်ပုံ)

ဆရာမကြီးဒေါ်ခင်မျိုးချစ်သည် ဆရာကြီးဦးခင်မောင်လတ်၏ဇနီးဖြစ်၍ သတင်းစာ ဇနီးမောင်နှံအဖြစ် အင်္ဂလိပ်စာဘာသာရပ်၌ နှစ်ဦးစလုံး ကျွမ်းကျင်နှံ့စပ်သူများ ဖြစ်ကြပါသည်။

စစ်ကိုင်းမြို့ဇာတိဖြစ်သော ဆရာမကြီးဖြစ်သူ ဒေါ်ခင်မျိုးချစ်သည် ၁၉၁၅ ခုနှစ်၊ မေ ၁ ရက်က အဖ ရာဇဝတ် ဝန်ထောက် ဦးတော်၊ အမိ ဒေါ်သန်းတင်တို့က မွေးဖွားခဲ့ရာ မွေးချင်းငါးဦးအနက် အကြီးဆုံးဖြစ်ပြီး အမည်ရင်းမှာ ဒေါ်ခင်မြ ဖြစ်ပါ၏။

ဆရာကြီး ဦးခင်မောင်လတ်နှင့် ၁၉၃၉ ခုနှစ်က အကြောင်းပါခဲ့သော ဆရာမကြီးသည် ၁၉၅၂ ခုနှစ်၌ အင်္ဂလိပ်စာ အဓိကဖြင့် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ထိုစဉ်က တိုးတက်ရေးနှင့် ဘားမားဂျာနယ်တို့၌ အယ်ဒီတာ၊ ပင်တိုင်ဆောင်းပါးရှင်ဖြစ်ခဲ့ပြီး ၁၉၃၈ ခုနှစ် ကျောင်းသားသပိတ်၌ တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့သူတစ်ဦး ဖြစ်ခဲ့ပါ၏။

ထို့နောက် စာပေဗိမာန်၌ စာပြု(၁၉၄၉–၅၂)၊ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန နည်းပြ (၁၉၅၂–၅၃)အဖြစ် လုပ်ကိုင်ခဲ့ပြီး သတင်းစာလောက၌ လုပ်သားပြည်သူ့ နေ့စဉ် (အင်္ဂလိပ်) သတင်းစာအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်ပါသည်။ ယင်းမတိုင်မီက ဒဂုန်မဂ္ဂဇင်း၊ သူရိယသတင်းစာ၊ ဘားမားဂျာနယ်များ၌ ဆောင်းပါးအများအပြား ရေးသားခဲ့ရာ "သူရိယ သတင်းစာ"၌ "ကောလိပ်ကျောင်းသူ" အခန်းဆက်ဝတ္ထုရှည်ကို ရေးသားခဲ့ပေသည်။

ဆရာမကြီး၏ ထင်ရှားပြီးလူသိများခဲ့သော စာအုပ်အချို့မှာ "စစ်သူလျှို (၁၉၃၉)၊ စစ်နှောင်ကြိုး (၁၉၄၀)၊ ဘုန်းမယ့်သခင် (၁၉၄၀)၊ လူ့မုန်တိုင်း (၁၉၄၁)၊ ဥရောပစာပေနိဒါန်း (၁၉၇၀)၊ မိုင်ကယ်အိန်ဂျလို(၁၉၇၄)၊ စွန့်ခဲ့ရ ကျွန်မဘဝပါရှင် (၁၉၇၆) နှင့် ကိုင်း ........ ပြောလိုက်မယ် သောင်းပြောင်းထွေလာ (၁၉၉၉)" တို့ဖြစ်ကြပါသည်။

အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့သော စာအုပ်များအနေဖြင့် Three Years Under the Japan (1945)၊ Anawrahta of Burma၊ A Wonderland of Pagoda (1981) စသည့် စာအုပ်များမှာ ကမ္ဘာသို့တိုင် ခြေဆန့်နိုင်ခဲ့ပေသည်။

၁၉၅၀ ပြည့်လွန်၊ "ဗမာပြည်သတင်းစာလောက" ခေါင်းစဉ်အောက်၌ ယင်းစာအုပ်နိဂုံးသတ်အဖြစ် ရေးသားဖော်ပြထားရာ "မြန်မာနိုင်ငံ သတင်းစာများသည် အများအားဖြင့် ပါတီသံယောဇဉ်ကင်းကြသည်သာများသည်။ ပါတီသတင်းစာအဖြစ်နှင့်ဆိုလျှင် လူထုက ကြာရှည်လက်မခံသည်ကို တွေ့ရသည်။ xxx သတင်းစာလုပ်ငန်းကို ပညာတတ်လူငယ်များ စိတ်ဝင်စားလာကြသည်ကို တွေ့ရသည်။"စသည်ဖြင့် သုံးသပ်ရေးသားထားပါ၏။

စာရေးသူဆရာမကြီးက ၁၃၁၁ ခုနှစ် ကဆုန်လပြည့်ကျော် ၇ ရက်နေ့ထုတ် ဟံသာဝတီသတင်းစာပါ သတင်းစာဆရာကြီး နှစ်ဖက်ချွန်ဦးစိန်၏ 'သတင်းစာလောကကြီး သန့်ရှင်းပေတော့မည်' ခေါင်းစဉ်ပါ ဆောင်းပါးမှ ကောက်နုတ်ဖော်ပြထားရာ၌–

"လွတ်လပ်သောတိုင်းပြည်တွင် သတင်းစာသည် အရေးအကြီးဆုံးပင် ဖြစ်ချေသည်။ ယဉ်ကျေးသည့် နိုင်ငံများက သတင်းစာကို စတုတ္ထမဏ္ဍိုင်ဟု မှတ်ယူကြပေသည်။ xxx ယင်းသို့ တိုင်းပြည်တွင် အရေးအကြီးဆုံးဖြစ်သည့် သတင်းစာသည် ဆင်ခြင်တုံတရားလည်း ကင်းမဲ့သောသူများနှင့် လားလားမျှ မထိုက်တန်ချေ။ အကယ်၍ အကျင့်စာရိတ္တလည်း ပျက်ပြား စည်းမဲ့ကမ်းမဲ့လည်းဖြစ် ဆင်ခြင်တုံတရားလည်း မရှိသောသူများကသာ သတင်းစာကို အုပ်စီးနေပါမူ ထိုတိုင်းပြည်သည် လူစဉ်မီသော တိုင်းပြည်အဖြစ်သို့ မရောက်နိုင်တော့ပေ"

**စာမျက်နှာ ၇ သို့** ☆

## သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁**

သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် အသက် ၈၀ နှစ်အထက် အသင်းဝင်သက်ကြီးအသင်းသားများ ပူဇော်ကန်တော့ပွဲကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် တာမွေကြီး (က/ဂ)ရပ်ကွက် မင်္ဂလာဇေယျုံပရိယတ္တိ စာသင်တိုက်ကြီး၌ အသင်းအမှုဆောင်အဖွဲ့က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ချမှတ်ထားသော ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ကျင်းပခဲ့ကြသည်။

ရှေးဦးစွာ မင်္ဂလာဇေယျုံပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက တာမွေမြို့နယ် သြဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သာသနာပြုပထမဆင့် ဆရာတော် ဘဒ္ဒန္တသြဘာသဆရာတော်ကြီးထံမှ သီလခံယူဆောက်တည်ကြပြီး ၂၀၂၁ ခုနှစ် နှစ်ဦးဒါနအဖြစ် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ ကွယ်လွန်သွားခဲ့ပြီဖြစ်သော အသင်းသားများအား အမျှအတန်းပေးဝေခဲ့ကြသည်။

ဆက်လက်၍ဆရာတော်ကြီးအား အမှူးထားကာ သက်ကြီးအသင်းအမှုဆောင် လေးဦးကို ကန်တော့ကြပြီး ဆရာသမား ၁၆ ဦးနှင့် အသက် ၈၀ နှစ်အထက် အသင်းဝင် သက်ကြီးအသင်းသား ၃၈ ဦးတို့အား ကိုဗစ်စည်းကမ်းနှင့်အညီ အဝေးမှပင်အာရုံပြုကန်တော့ခဲ့ကြကာ ကန်တော့ငွေနှင့် ကန်တော့ပစ္စည်းများကို အမှုဆောင်များ ကိုယ်တိုင် အိမ်တိုင်ရာရောက်ပို့ဆောင်ပေးခဲ့ကြသည်။

ယနေ့ပြုလုပ်သော အခမ်းအနားတွင် ကျောင်းတိုက်ရှိ သံဃာအားလုံးကို ဦးကျော်ညွန့်ရည် - ဒေါ်ဝါဝါကျော် (ကျော်ညွန့်ရည်စာပေ)မှ ဒံပေါက်ဆွမ်းများနှင့် ဦးအောင်လင်း- ဒေါ်ခင်သန်းနွဲ့ (ဆရာခို၊ ဓာတ်မ) တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမိသားစုက တိုင်းရင်းဆေးဝါးများ လှူဒါန်းခဲ့ကြသည်။

**ကိုဇော်**

## နှစ်သစ်ကူးကာလ၌ တရုတ်နိုင်ငံ ရွှေလီ-ကျယ်ဂေါင်ကြားရှိ အကောက်ခွန်ဌာနကို သုံးရက် ယာယီပိတ်ထား

**မူဆယ် ဇန်နဝါရီ ၁**

တရုတ်နိုင်ငံ ရွှေလီ-ကျယ်ဂေါင်ကြားရှိ အကောက်ခွန်ဌာနကို ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ တရုတ်နိုင်ငံဘက်က ယာယီပိတ်ထားမည်ဖြစ်ပြီး ယင်းကာလအတွင်း ရွှေလီမြို့သို့ တင်ပို့မည့် ပုပ်သိုးကုန်မဟုတ်သည့် အခြားကုန်ခြောက်ပစ္စည်းတင်ပို့မှုကိုလည်း ယာယီပိတ်ထားကြောင်း မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးစိုင်းနွံက ပြောသည်။

ရွှေလီမြို့သို့ တင်ပို့မည့် ကုန်ခြောက်ပစ္စည်းတင်ပို့မှုကို ယာယီပိတ်ထားသော်လည်း ပုပ်သိုးလွယ်ကုန်ပစ္စည်းများဖြစ်သည့် ရေထွက်ကုန်ပစ္စည်းများနှင့် သစ်သီးပို့ကုန်ယာဉ်များကို လက်ရှိပုံမှန်အတိုင်း တင်ပို့ခွင့်ပြုထားကြောင်း သိရသည်။

လက်ရှိတွင် တရုတ်နိုင်ငံ ကျယ်ဂေါင်၌ ကုန်ချမည့် ပို့ကုန်ယာဉ်များကို ယခင်ပုံမှန်အတိုင်း ဝင်/ထွက် သွားလာနိုင်ကြောင်းသိရပြီး နှစ်သစ်ကူးကာလရောက်တိုင်း အကောက်ခွန်ဌာနကို တရုတ်နိုင်ငံဘက်က နှစ်စဉ်ယာယီပိတ်ထားကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်**

(ပြန်/ဆက်)




## ချောင်းဆုံမြို့နယ် ကွန်ရိုက်တော်ကနာရွာ ကတ္တရာလမ်းသစ်ခင်းရန် အလှူငွေလှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၁**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် (ဘီလူးကျွန်း) ကွန်ရိုက်တော်ကနာရွာ ပဗ္ဗတမင်္ဂလာရာမ (မင်္ဂလာရုံ)ကျောင်းတက်လမ်း ကတ္တရာလမ်းသစ်ခင်းနိုင်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းခြင်းကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ငါးမည်ရပြည်ရွှေဘို မဲဇလီကျောင်းတိုက်တွင် ပြုလုပ်သည်။

**ပေးအပ်လှူဒါန်း**

ရှေးဦးစွာ အလှူရှင် အင်ဂျင်နီယာ ဦးကျော်ညွန့်ရည်- ဒေါ်ဝါဝါကျော် (ကျော်ညွန့်ရည်စာပေ)မိသားစုတို့က ကတ္တရာလမ်းသစ်ခင်းနိုင်ရန်အတွက် အလှူငွေကျပ်သိန်းတစ်ရာကို ပေးအပ်လှူဒါန်းရာ ကွန်ရိုက်တော် ကနာရွာ ပဗ္ဗတမင်္ဂလာရာမ(မင်္ဂလာရုံ)ကျောင်းတိုက် စာချဆရာတော် အရှင်ဝရဉာဏကိုယ်စား ငါးမည်ရပြည်ရွှေဘို မဲဇလီ ကျောင်းတိုက်ဆရာတော် သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တ ကဝိဓဇက လက်ခံရယူတော်မူသည်။

အဆိုပါ ကွန်ရိုက်တော်ကနာရွာ ပဗ္ဗတမင်္ဂလာရာမ (မင်္ဂလာရုံ)ကျောင်းတက်လမ်းသည် အရှည်ပေ ၁၅၀၀၊ လမ်းအကျယ် ၁၂ ပေ မြေသားလမ်းဖြစ်ပြီး နွေ၊ မိုး၊ ဆောင်း သွားလာနိုင်ရန်အတွက် ယခုအခါ ကတ္တရာလမ်းခင်းရန်အတွက် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - နေလင်း**

## ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်သင်တန်း ငါးကြိမ်မြောက် ဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၁**

စိုက်ပျိုးရေးဝင်ငွေတိုးတက်ရေးစီမံကိန်း (Agriculture Income Improvement Project-AIIP)တွင် ပါဝင်သည့် စိုက်ပျိုးရေးဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက သင်တန်းအဖွင့်အမှာစကားပြောကြားသည်။

ရေရှည်အကျိုးဖြစ်ထွန်းစေမည့် ခေတ်မီစိုက်ပျိုးပညာပေးနည်းလမ်းများ၊ မြေဆီလွှာဖွံ့ဖြိုးရေး၊ သီးနှံပုံစံပြောင်းလဲရေး၊ ရေသွင်းစိုက်ပျိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံနှင့် အထောက်အကူပြုပစ္စည်းများ အသုံးပြုပြီး ရွှေဘိုမြို့ဧရိယာအတွင်းရှိ ကျေးလက်ဒေသများ၏ စိုက်ပျိုးရေးဝင်ငွေတိုးတက်စေရန် ရည်ရွယ်ဆောင်ရွက်သော အဆိုပါစီမံကိန်းတွင် ပါဝင်အကောင်အထည်ဖော်ကြမည့် စိုက်ပျိုးရေးဝန်ထမ်းများအတွက် ငါးကြိမ်မြောက် ဖွင့်လှစ်ပို့ချပေးသည့်သင်တန်း ဖြစ်သည်။

စိုက်ပျိုးရေးဝင်ငွေတိုးတက်ရေးစီမံကိန်းကို Japan နိုင်ငံ၏ (ODA- Loan) ချေးငွေ ဂျပန်ယန်း ၅၃၈ ဒသမ ၄၃ သန်း (မြန်မာငွေကျပ် ၆၅၄၁ ဒသမ ၉ သန်း)ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုဒေသ သဖန်းဆိပ်ဆည်ရေသောက်ဧရိယာတွင် ၂၀၁၈-၂၀၁၉ ခုနှစ်မှ ၂၀၂၄-၂၀၂၅ ခုနှစ်အထိ စီမံကိန်းကာလ ခုနစ်နှစ်အတွင်း စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးပညာပေးရေးဌာနခွဲနှင့် မျိုးစေ့ဌာနခွဲတို့က တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။

ယခုဖွင့်လှစ်သည့် သင်တန်းတွင် ထုတ်လုပ်မှုစွမ်းရည် တိုးတက်ရေးဆောင်ရွက်ရမည့် နည်းပညာပေးလုပ်ငန်းဆိုင်ရာများ၊ တန်ဖိုးမြှင့်ထုန်ကုန်ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်ရှိ လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ ဝင်ငွေများ တိုးတက်စေကာ ဝယ်ယူသုံးစွဲသူ စားသုံးသူများအတွက် ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေးကောင်း ထုတ်ကုန်များရရှိစေရေး လုပ်ငန်းဆိုင်ရာ နည်းပညာများကို သက်ဆိုင်ရာ ဘာသာရပ်အလိုက် ပညာရှင်များက ပို့ချဆွေးနွေးသွားမည်ဖြစ်ကာ သင်တန်း၏ ပို့ချဆွေးနွေးချက်များကို စိုက်ပျိုးပညာပေးဝန်ထမ်းများနှင့် "Value Chain" တစ်လျှောက် ကဏ္ဍအလိုက် ဆောင်ရွက်နေသူများအားလုံး (တောင်သူနှင့် ပုဂ္ဂလိကအဖွဲ့များ) အား နည်းပညာနှင့် သတင်းအချက်အလက်များ ဆက်လက်ဖြန့်ဖြူးနိုင်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ရှိန်း(ဓာတု)**

☆ **စာမျက်နှာ ၆ မှ**

"သတင်းစာလောက" အမည်ရှိ စာအုပ်ထုတ်ဝေဖြန့်ချိခဲ့သည့် ဆယ်စုနှစ်ခြောက်စုကျော် လွတ်လပ်ရေးရပြီးစ သုံးနှစ်ခန့်မျှ ကာလကဖြစ်ပါ၏။ ဆရာမကြီး ဒေါ်ခင်မျိုးချစ်သည် သတင်းသမားစိတ်ဓာတ်ဖြင့် ယင်းခေတ်ကာလကို သုံးသပ်ရှုမြင်ဖော်ပြထားသော်လည်း မျက်မှောက်ကာလတိုင် သတင်းစာလောကအတွက် အတုယူ၊ ဆင်ခြင်ကြရမည့် ကျင့်ဝတ်နှင့် သတင်းမီဒီယာ၏ အရေးပါပုံကို ရှေးရှုမျှော်တွေးဆ၍ သုံးသပ်ရေးသားထားခဲ့သည်ကို သတိပြုစရာ ဖြစ်ရပါ၏။


ဆရာမကြီး ဒေါ်ခင်မျိုးချစ်သည် မြန်မာစာပေလောကနှင့် သတင်းစာနယ်ပယ်၌ အင်္ဂလိပ် - မြန်မာ နှစ်ဘာသာစလုံး၌ နှံ့စပ်သူဖြစ်၍ ၁၉၇၀ ပြည့်နှစ်က ကျင်းပခဲ့သော အရှေ့တောင်အာရှ စာရေးဆရာများအတွက် အင်္ဂလိပ်ဝတ္ထုတိုပြိုင်ပွဲ၌ "Her Infinite Variety" ဝတ္ထုခေါင်းစဉ်ဖြင့် ပထမဆုဆွတ်ခူးခဲ့သူ စာရေးဆရာမတစ်ဦးလည်း ဖြစ်ပါသည်။

လွတ်လပ်ရေးမော်ကွန်းဝင် တတိယဆင့်ကို နိုင်ငံတော်မှ ချီးမြှင့်ခံရသူ ပုဂ္ဂိုလ်လည်းဖြစ်၍ ရန်ကုန်မြို့တွင် ၁၉၉၉ ခုနှစ် ဇန်နဝါရီလ (၂) ရက်၌ ကွယ်လွန်ခဲ့ရာ ၂၀၂၁ခုနှစ် ဇန်နဝါရီ (၂)ရက်နေ့သည် ဆရာမကြီး ကွယ်လွန်ခဲ့သော ၂၂ နှစ်မြောက်နေ့အဖြစ် ဂုဏ်ပြုရေးသားလိုက်ရပါကြောင်း။

**စာကိုး။**
- **ဒေါ်ခင်မျိုးချစ်၏ "သတင်းစာလောက" (၁၉၅၁၊ ဩဂုတ်လ)**
- **မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၉၇)**
- **တက္ကသိုလ်ထင်ကြီး၏ မြန်မာနိုင်ငံသတင်းစာများအညွှန်း (ပထမတွဲ) (၁၉၉၂)**
- **ရာပြည့် ဦးစိုးညွန့် ရေးသားပြုစုသော "နှစ်ဆယ်ရာစု မြန်မာစာရေးဆရာ ၅၀၀ (အတ္ထုပ္ပတ္တိအကျဉ်း) (၂၀၂၀)**

**(မှတ်ချက်။ ။ မူလစာအုပ်ပါ စာစုကောက်နုတ်ချက်များကို ယင်းခေတ်၏ သတ်ပုံအတိုင်းသာ ဖော်ပြထားခြင်းဖြစ်ပါသည်။**


**စာရေးသူ)**


သတင်းစာ၏တန်ခိုး

"ငါမကောင်းလျှင် ငါ့ကိုရေး။ ငါ့မိဖုရားမကောင်းလျှင် မိဖုရားကိုရေး။ ငါ့သားသမီး မကောင်းလျှင် သားသမီးကိုရေး။ လွှတ် တရားသူကြီး မကောင်းလျှင် တရား သူကြီးကို ရေး။ မြို့ဝန် မကောင်းလျှင် မြို့ဝန်ကိုရေး။ မင်းတို့သတင်းစာ၌ အပြစ်မရှိစေရ။ နန်းတော်တွင်းသို့ သတင်းစာကိုင်က မည်သူမဆို အဆီး အတားမရှိ၊ ဝင်ထွက်စေ"။

မင်းတုန်းမင်းတရားကြီးအမိန့်တော်

ရတနာပုံ သတင်းစာတွင် ဖေါ်ပြချက်


လူထုအသင်းစာစဉ်

အမှတ် ၃၃

သတင်းစာလောက

Newspaper World.

ရေးသူ

ဒေါ် ခင်မျိုးချစ်

Burma Translation Society

Rangoon

# ရုက္ခဗေဒဆရာကြီး ဒေါက်တာဦးကျော်စိုး
# M.Sc(Rgn.), A.M(Harvard),Ph.D(Harvard)

## ဦးစိုးမြင့်
## (အငြိမ်းစားပါမောက္ခချုပ်)

ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့် အထိမ်းအမှတ်အဖြစ် မှတ်တမ်းတင်ဂါရဝပြုရမည့် ဆရာကြီးတစ်ဦးဖြစ်သူ ရန်ကုန်တက္ကသိုလ် အငြိမ်းစား ရုက္ခဗေဒတွဲဖက်ပါမောက္ခ/ဌာနမှူး ဆရာကြီးဒေါက်တာ ဦးကျော်စိုးအကြောင်းကို လက်လှမ်းမီသမျှ တင်ပြဂါရဝပြုပါသည်။ ရန်ကုန်တက္ကသိုလ်သမိုင်းကို အထောက်အကူပြုစေရန်နှင့် မျိုးဆက်သစ်များ သိရှိစေရန်ဖြစ်ပါသည်။

**B.Sc တန်းပြန်တက်**

ဆရာကြီးဒေါက်တာဦးကျော်စိုးသည် ရွှေဘိုဇာတိဖြစ်သည်။ ၁၉၂၉ ခုနှစ်တွင်မွေးဖွားပြီး ၂၀၁၀ပြည့်နှစ် နိုဝင်ဘာလ ၁၁ ရက်နေ့၊ အသက် ၈၁ နှစ်တွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းတိုက်ခန်း၌ ကွယ်လွန်သည်။ ဆရာကြီးသည် ရန်ကုန်တက္ကသိုလ် ဆေးကောလိပ်တွင် တက်နေရာမှ မပျော်ပိုက်သဖြင့် ရန်ကုန်တက္ကသိုလ်တွင် B.Sc တန်းပြန်တက်ပြီး B.Sc(Bio) ဘွဲ့ယူသည်။ ထို့နောက် Plant Anatomy ဘာသာဖြင့် M.Sc ဘွဲ့ယူသည်။

ဆရာကြီး ဒေါက်တာဦးကျော်စိုးသည် ရန်ကုန်တက္ကသိုလ် ရုက္ခဗေဒနှင့် စိုက်ပျိုးရေးပညာဌာနတွင် သရုပ်ပြဆရာလုပ်နေရာမှ ၁၉၅၆ ခုနှစ်ခန့်တွင် ဌာနမှူး၊ ပါမောက္ခဆရာကြီး ဒေါက်တာဦးကိုကိုလေးက အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်သို့ ပညာတော်သင်စေလွှတ်သည်။ ထိုတက္ကသိုလ်မှ A.M ဘွဲ့ (Master of Arts) နှင့် Biology ဘာသာဖြင့် Ph.D ဘွဲ့ကိုရရှိသည်။ ဟားဗတ်တက္ကသိုလ်သည် အမေရိကန်နိုင်ငံတွင် ထိပ်တန်းတက္ကသိုလ်ဖြစ်သည်။ ထိုအချိန်က မြန်မာနိုင်ငံတွင် ဟားဗတ်တက္ကသိုလ်မှ Ph.D ဘွဲ့ရသူ မရှိသလောက်ရှားပါးသည်။ ယခုလည်း ရှားပါးဆဲဖြစ်သည်။ ဆရာ့အား ဟားဗတ်တက္ကသိုလ်က လက်ထောက်ပါမောက္ခရာထူး ပေးသော်လည်း လက်မခံဘဲ ကိုယ့်တိုင်းပြည်ကိုသာ အလုပ်အကျွေးပြုမည်ဟု ပြန်လာသူဖြစ်သည်။

ထိုအချိန်က ဟားဗတ်တက္ကသိုလ်မှ A.M(Harvard) ဘွဲ့ရဆရာကြီး အနည်းငယ်ရှိသည်။ ၎င်းတို့မှာ ရူပဗေဒ ပါမောက္ခ ဆရာကြီးဦးစံသာအောင်{အထက်တန်းပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရာထူး တာဝန်ထမ်းဆောင်နေစဉ် ရွှေဝတီတိုင်း(ယခုရွှေဝတီတိုင်းဒေသကြီး)တွင် “အ” သုံးလုံးလုပ်အားပေးနေသော တက္ကသိုလ်ကျောင်းသားကျောင်းသူများရှိရာသို့ လှည့်လည်ကြည့်ရှုစဉ် နေမကောင်းဖြစ်ပြီး ကွယ်လွန်သည် }၊ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဆရာကြီးဦးနက် (ကွယ်လွန်)၊ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဆရာကြီး ဦးဘတုတ် (မပျော်၍ သင်္ချာပါမောက္ခ ရာထူးတာဝန်ပြန်လည်ထမ်းဆောင်သူ၊



ဆရာကြီး ဒေါက်တာဦးကျော်စိုး

၂-၁၂-၂၀၂၀ ရက်နေ့ အသက် ၁၀၀ တွင်ကွယ်လွန်သူ)နှင့် ရန်ကုန်တက္ကသိုလ် အငြိမ်းစား သမိုင်းပါမောက္ခ သမိုင်းပညာရှင် ဆရာကြီးဦးထွန်းအောင်ချိန် အစရှိသည်တို့ဖြစ်သည်။

ဆရာကြီး ဒေါက်တာဦးကျော်စိုးသည် ဆရာကြီး ဒေါက်တာမောင်မောင်ခ၊ ဆရာကြီးဦးစံသာအောင်၊ ဆရာကြီး ဒေါက်တာမန်းသက်စံတို့နှင့်တွဲဖက်၍ အထက်တန်းတွင် ပြဋ္ဌာန်းသော အထွေထွေသိပ္ပံ အတွဲ ၁၊ ၂၊ ၃၊ ၄ တို့ကို ရေးသားပြီး ရန်ကုန်တက္ကသိုလ်ပုံနှိပ်တိုက်က ရိုက်နှိပ်ထုတ်ဝေသည်။ ၁၉၆၂-၆၃ ပညာသင်နှစ်တွင် တက္ကသိုလ် ဝင်တန်းတွင် သင်ကြားခဲ့ရပါသည်။ ထို့ပြင် စနစ်သစ် ပညာရေးတွင် အပင်ဆဲလ်၊ တစ်သျှူးနှင့်ခန္ဓာဗေဒပြဋ္ဌာန်းစာအုပ်ကို ရုက္ခဗေဒကထိက ဆရာမကြီးဒေါ်တင်မျိုးငွေနှင့် အတူ ရေးသားပြုစုခဲ့သည်။ ထို့ပြင် Medicinal plants of Myanmar: Identification and uses of some 100 commonly used species, Series(1) စာအုပ်ကို ဆရာမကြီးဒေါ်တင်မျိုးငွေနှင့်အတူ ရေးသားပြုစုခဲ့သည်။ ဆရာကြီးသည် သုတေသနစာတမ်းများစွာကိုလည်း ရေးသားပြုစုသွားသည်။ မဟာသိပ္ပံကျမ်းများစွာကို ကြီးကြပ်ခဲ့သည်။

**အချိန်ကို အလကားမထားသော စနစ်**

၁၉၆၄-၆၅ ပညာသင်နှစ်တွင် တက္ကသိုလ်ပညာရေး စနစ်သစ် ပြောင်းသည်။ ရန်ကုန်တက္ကသိုလ်သည် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဖြစ်လာသည်။ အင်္ဂလိပ်ဘာသာဖြင့် သင်ကြားသောဘာသာများကို မြန်မာဘာသာဖြင့် ပြောင်းလဲ သင်ကြားရသည်။ ပညာရေးဝန်ကြီးဌာန အတွင်းဝန် ဒေါက်တာညီညီက သင်ကြားပို့ချရာတွင် မှတ်စု(Notes) ခေါ်မပေးရဟု ညွှန်ကြားထားရာ ဒုတိယနှစ်မှ စတုတ္ထနှစ်အထိ ဆရာကြီးပို့ချသော Cytology and Plant Anatomy၊ Biochemistry ဘာသာတို့တွင် လိုက်မှတ်နိုင်အောင် နားမလည်မချင်း အနည်းဆုံး သုံးကြိမ်ရှင်းပြသည်။ ထို့ပြင် သင်ကြားပို့ချစဉ် စာမေးလေ့ရှိပါသည်။ ဖြေနိုင်အောင် ဂရုစိုက်နားထောင်ရရာ ဖြေနိုင်ကြပါသည်။ နောင်တွင် ဆရာက လက်ညှိုးထိုးမမေးခင် သူ့ထက်ငါဦးအောင် လက်ညှိုးထောင်ရပါသည်။ ထို့ပြင် ပို့ချချိန်တစ်ချိန်နှင့် တစ်ချိန်အကြား ဆယ်မိနစ်အချိန်လေးကိုပင် စာဖတ်နေမှ ကြိုက်သည့်ဆရာဖြစ်ရာ အချိန်ကို အလကားမထားသော စနစ်ကို ကျွန်တော်တို့ရရှိပါသည်။

ဆရာကြီးသည် တပည့်များကို ပညာတတ်စေချင်သော စေတနာထက်သန်သည်။ ထိုအခါက ဟားဗတ်တက္ကသိုလ်က ကျင့်သုံးသောစနစ်ကို ပြောပြပါသည်။ အစမ်းစာမေးပွဲ နေ့စဉ်လိုလိုရှိတတ်ပြီး အပတ်စဉ် နောက်ဆုံးနေ့တွင်စာမေးပွဲစစ်၍ တနင်္လာနေ့တွင် အဆင့် A၊ B၊ C ခွဲပြီး အောင်စာရင်းထုတ်သည်။ အဆင့် C ရသူကို ဟားဗတ်တက္ကသိုလ်က ကျောင်းထုတ်သည်။ ထို့ကြောင့် ကျောင်းသားများ အထူးကြိုးစားရသည်။ တစ်နေ့တွင် ဆရာကြီး၏ မိတ်ဆွေတစ်ဦးသည် အဆင့် B ရသော်လည်း ကျောင်းထုတ်ခံရပါသည်။ မကျေနပ်၍ ပါမောက္ခအား သွားမေးရာ တစ်တန်းလုံး အဆင့် A ရပြီး မင်းတစ်ယောက်သာ အဆင့် B ရ၍ ကျောင်းထုတ်သည်ဟု ဆိုသည်။

ထိုခေတ်က မျိုးရိုးဗီဇနှင့်ဇီဝဆိုင်ရာပြဿနာ တစ်စိတ်တစ်ဒေသကို ဖြေရှင်းပေးနိုင်သည့် DNA (Deoxyribo nucleic acid) မော်လီကျူး၏တည်ဆောက်ပုံ ဖော်မြူလာကိုတွေ့ရှိသော အမေရိကန်မှ James နှင့် အင်္ဂလန်မှ Francis Crickတို့က ၁၉၆၂ ခုနှစ်တွင် နိုဗယ်ဆုကို ပူးတွဲရရှိသည်။ DNA model ကို Watson Crick model ဟုခေါ်သည်။ ဆရာကြီး ဒေါက်တာဦးကျော်စိုးသည် Watson နှင့် တစ်ဆောင်တည်းနေခဲ့ကြောင်းပြောပြ၍ DNA အကြောင်းကို ရှင်းပြသည်။ မြန်မာနိုင်ငံ ရုက္ခဗေဒတွင် DNA အကြောင်းကို ပထမဆုံး သင်ကြားပေးသူဖြစ် သည်။ ၁၉၈၃ ခုနှစ်တွင် အလယ်တန်း အထွေထွေသိပ္ပံ သင်ရိုးညွှန်းတမ်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရာတွင်လည်း အဋ္ဌမတန်းကျောင်းသားများအတွက် DNAအကြောင်းကို အနည်းငယ်ထည့်သွင်းပေးသည်။

ကျွန်တော် စတုတ္ထနှစ်သိပ္ပံတန်း၊ ၁၉၆၇ ခုနှစ် ဇွန်လတွင် ရန်ကုန်မြို့တွင် ဆန်ရှားပါးသောပြဿနာ ပေါ်သည်။ တစ်ဆက်တည်းပင် လူမျိုးရေးအရေးအခင်း ဖြစ်သည်။ ထိုအချိန်တွင် သထုံဆောင်၌ Term paper အတွက် microscope ဖြင့် ကျွန်းပင်၏ xylem fiber cells များကို တိုင်းနေသော ကျွန်တော်အပါအဝင် သူကြီးကြပ်သော တပည့်သုံးဦးနှင့် အဆောင်နေ အခြားတပည့်များထံ ဆရာကြီး ရောက်လာပြီး အရေးအခင်းတွင် ဝင်မပါရန် ပြောသည်။ အရေးကြုံလျှင် အသင့်ဖြစ်ရန်သာ၊ မိမိကိုယ်မိမိ physically fit ဖြစ်ရန်နှင့် mentally fit ဖြစ်ရန် (အရေးကြုံလျှင်သက်လုံကောင်းရန်) ပြင်ဆင်ထားရန် ဆုံးမပါသည်။

ထို့နောက် မကြာမီဆရာကြီးအပါအဝင် သင်္ချာပါမောက္ခ ဒေါက်တာချစ်ဆွေ(ကွယ်လွန်သူ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်)၊ ဦးကောင်းညွှန့်(ကွယ်လွန်သူ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ်)အစရှိသည့် ဆရာကြီးများနှင့် ရုက္ခဗေဒဌာနမှ သရုပ်ပြဆရာများဖြစ်သော

**စာမျက်နှာ ၉ သို့ ❖**

**ဆရာကြီးသည် မော်လမြိုင်ကောလိပ်တွင် အဏ္ဏဝါဇီဝဗေဒဌာနမှူး ဦးကြည်ဝင်းနှင့်အတူ အဏ္ဏဝါဇီဝဗေဒဌာနကို တည်ထောင်ခဲ့သည်။ သူ၏ တပည့်များကို သုတေသနလုပ်နေရန် အမြဲတိုက်တွန်းသည်။ ဆရာကြီး၏ ဆုံးမမှုတစ်ခုမှာ လက်နက်ကိုင်ပုန်ကန်နေမှ သူပုန်လို့ခေါ်သည်မဟုတ် ညာဝါး၍ မဟုတ်တာလုပ်နေလျှင်လည်း သူပုန်ပင်ဖြစ်သည်ဟူ၍ ဖြစ်သည်။ သို့ဖြစ်ရာ ဆရာကြီး၏အနီးတွင် ဆရာ့ဆုံးမချက်နှင့်အညီ နေကြရရာ ထွန်းပေါက်သောတပည့်များ များစွာမွေးထုတ်နိုင်။**

### စာရေးသူ၏ ကိုယ်ရေးအကျဉ်း



| | |
|---|---|
| အမည် | - ဦးစိုးမြင့် |
| အလုပ်အကိုင် | - ပါမောက္ခချုပ် (အငြိမ်းစား) |
| ဌာန | - ပခုက္ကူတက္ကသိုလ် |
| မိဘအမည် | - ဦးကျော်လှိုင်၊ ဒေါ်မြိုင် |
| မွေးရာဒေသ | - ပေါက်ကန်ရွာ ကဝမြို့နယ် ပဲခူးခရိုင် ပဲခူးတိုင်းဒေသကြီး။ |
| မွေးသက္ကရာဇ် | - ၁၉၄၆ ခုနှစ် အောက်တိုဘာလ ၁ ရက်။ |
| အသက် | ၇၅ နှစ်။ |

**ပညာအရည်အချင်း**

**တက္ကသိုလ်ဝင်တန်းအောင်သည့်ခုနှစ်၊ ကျောင်း**

၁၉၆၃ခုနှစ်၊ အထက(၁)၊ ပဲခူးမြို့။

**စတင်တက်ခဲ့သော တက္ကသိုလ်၊ ခုနှစ်**

(၁) ရန်ကုန်တက္ကသိုလ် ဥပစာသိပ္ပံကောလိပ်၊ ၁၉၆၃ ခုနှစ်နှင့် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ၁၉၆၄ ခုနှစ်။

(၂) စင်ကာပူအမျိုးသားတက္ကသိုလ်တွင် အကြီးတန်းသုတေသနသင်တန်း ၁၉၈၇ ခုနှစ်။

**ပထမဘွဲ့၊ ခုနှစ်နှင့် တက္ကသိုလ်**

B.Sc(Rgn.) (Botany)၊ ၁၉၆၇ခုနှစ်၊ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်

**ဘွဲ့လွန်ဘွဲ့၊ ခုနှစ်နှင့် တက္ကသိုလ်**

M.Sc (Rgn.) (Plant Embryology)၊ ၁၉၈၁ ခုနှစ်၊ ရန်ကုန်တက္ကသိုလ်

**အလုပ်စတင်ဝင်သည့်ရက်၊ ရာထူး၊ ဌာန၊**

၁၉၆၈ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်၊ သရုပ်ပြဆရာ၊ ရုက္ခဗေဒဌာန၊ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်

**တွဲဖက်ပါမောက္ခ တာဝန်စတင်ထမ်းဆောင်သောခုနှစ်၊ ကျောင်း**

၁၉၉၇ ခုနှစ် ဇူလိုင်လ၊ မြစ်ကြီးနားဒီဂရီကောလိပ်

**ကျောင်းအုပ်ကြီးတာဝန် စတင်ထမ်းဆောင်သောခုနှစ်၊ ကျောင်း**

၁၉၉၇ ခုနှစ် ဒီဇင်ဘာလ၊ ပခုက္ကူကောလိပ်၊

**ပါမောက္ခချုပ်တာဝန် စတင်ထမ်းဆောင်သောခုနှစ်၊ ကျောင်း**

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ၊ ပခုက္ကူတက္ကသိုလ်

**အငြိမ်းစားယူသည့်ရက်၊ရာထူး၊ဌာန**

၂၀၀၇ ခုနှစ် ဇူလိုင်လ ၂၇ ရက်၊ ပါမောက္ခချုပ်၊ ပခုက္ကူတက္ကသိုလ်

**ဝန်ထမ်းဘဝတွင် ချီးမြှင့်ခံရသည့်ဆု**

ပြည်သူ့ဝန်ထမ်းကောင်း၊ စီမံထူးချွန်(ဒုတိယဆင့်)။

# တီးတိန်မြို့နယ် တွီးထန်ကျေးရွာ၌ KMSS-KALAY က ဆန်၊ ဆီ၊ ပဲနှင့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်သည့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့လှူဒါန်း

**တီးတိန် ဇန်နဝါရီ ၁**

ချင်းပြည်နယ် တီးတိန်မြို့နယ် တွီးထန်ကျေးရွာ၌ KMSS-KALAY (ဂရုဏာလူမှုစည်းလုံးညီညွတ်ရေး အသင်း- ကလေး ကက်သလစ်သာသနာ)အဖွဲ့က ဆန်၊ ဆီ၊ ကုလားပဲနှင့် ကိုဗစ်- ၁၉ ရောဂါကာကွယ်သည့်အသုံးအဆောင် ပစ္စည်းများကို ဒီဇင်ဘာ ၃၁ ရက်က ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ ထောက်ပံ့လှူဒါန်းရာတွင် ဆန် ၁၂ ပြည်အိတ် ၂၀၀၊ ဆီ ၅၀ ကျပ်သားဘူး ၂၀၀၊ ကုလားပဲပိဿာ ၂၀၀ နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်သည့် အသုံးအဆောင်ပစ္စည်းများဖြစ်သော လက်သန့်ဆေးရည် 6000ml၊ နှာခေါင်းစည်း အခု ၅၀ ပါ အထုပ် ၅၀၊ ဆပ်ပြာခဲ ရှစ်ခုပါ ၉၆ ကတ်နှင့် OT grown ၁၄ ခုတို့ကို ထောက်ပံ့ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း KMSS-KALAY တီးတိန်မြို့နယ် တာဝန်ခံ ဦးဂိုးလမ့်ဇမ်းထံမှ သိရသည်။



တွီးထန်ကျေးရွာသည် ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာ အစုလိုက်တွေ့ရှိရခြင်း၊ ပိုးတွေ့လူနာများနှင့် ထိတွေ့သူများပြားခြင်းကြောင့် ဒီဇင်ဘာ ၂၇ ရက်မှစတင်၍ အဝင်အထွက်ကန့်သတ်ထားသည့် ကျေးရွာဖြစ်ကြောင်း သိရသည်။

ပေါင်ကျင့်မုန်(ပြန်/ဆက်)




# သုတဝေဖြာသီရိဂေဟာ အသိပညာပေး အစီအစဉ် မိသားစုပြိုင်ပွဲ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇန်နဝါရီ ၁**

သုတဝေဖြာသီရိဂေဟာ အသိပညာပေးအစီအစဉ် (Family Quiz) မိသားစုပြိုင်ပွဲ၏ ပွဲစဉ် (၄) ကို ဇန်နဝါရီ ၂ ရက် ညနေပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ပွဲစဉ် (၄)၏ စီးပွားရေးဆိုင်ရာ အသိပညာပေးအစီအစဉ်ကို တေးသံရှင်ရဲထိုက်နှင့် မေဇင်အောင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဇန်နဝါရီ ၂၊ ၃ ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ ၆ နာရီသတင်းအပြီးနှင့် MRTV Facebook Page တို့၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# အွန်လိုင်းမှ ပြသမည့်ဂျပန်ရုပ်ရှင်ပွဲတော်၌ ရုပ်ရှင်ဇာတ်ကား ၂၇ ကား ပြသမည်

**ရန်ကုန် ဇန်နဝါရီ ၁**

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဂျပန်ရုပ်ရှင်ပွဲတော် (Japanese Film Festival Myanmar)ကို ဇန်နဝါရီ ၁၃ ရက်မှ ၂၂ ရက်အထိ အွန်လိုင်းမှ ပြသသွားမည်ဖြစ်ရာ ရုပ်ရှင်ဇာတ်ကား ၂၇ ကားအား ကြည့်ရှုနိုင်ကြမည်ဖြစ်ကြောင်း ဂျပန်ဖောင်ဒေးရှင်းမှ သိရသည်။

အဆိုပါ ဂျပန်ရုပ်ရှင်ပွဲတော်တွင် ဟာသ၊ အချစ်ဇာတ်လမ်း၊ သည်းထိတ်ရင်ဖို၊ ကာတွန်း၊ ဂန္ဓဝင်နှင့် မှတ်တမ်းရုပ်ရှင် စသည့် ကဏ္ဍအလိုက်စုံလင်စွာပါဝင်သော ရုပ်ရှင်ဇာတ်ကား ၂၇ ကားအား ပြသသွားမည်ဖြစ်ပြီး ဇန်နဝါရီ ၁၃ ရက်မှ ၁၅ ရက်အထိကို ရုပ်ရှင်ဇာတ်ကား သုံးကားစီဖြင့် လည်းကောင်း၊ ဇန်နဝါရီ ၁၆ ရက်တွင် ရုပ်ရှင်ဇာတ်ကား နှစ်ကားကို လည်းကောင်း၊ ဇန်နဝါရီ ၁၇ ရက်မှ ၂၁ ရက်အထိကို ရုပ်ရှင်ဇာတ်ကား သုံးကား စီဖြင့်လည်းကောင်း၊ ဇန်နဝါရီ ၂၂ ရက်တွင် ရုပ်ရှင်ဇာတ်ကားတစ်ကားကို လည်းကောင်း နေ့အလိုက် ရုပ်ရှင်ဇာတ်ကား စုစုပေါင်း ၂၇ ကားအား ဂျပန် ရုပ်ရှင်ပွဲတော်၏ ဝက်ဘ်ဆိုက်လိပ်စာဖြစ်သော https://watch.jff.jpf.go.jp/page/myanmar/ တွင်ပြသသွားမည်ရာ ရုပ်ရှင်ဇာတ်ကား စတင်ပြသချိန်မှ ၂၄ နာရီအတွင်းသာ ကြည့်ရှုနိုင်ကြမည်ဖြစ်ကြောင်းနှင့် ဝက်ဘ်ဆိုက်လိပ်စာသို့ ဝင်ရာတွင် Sign In ပြုလုပ်ရမည်ဖြစ်ကြောင်းလည်း သိရသည်။

ဂျပန်ဖောင်ဒေးရှင်းသည် ဂျပန်ရုပ်ရှင်များကို နိုင်ငံရပ်ခြားတွင် မိတ်ဆက်ပြသပေးရန် ရည်ရွယ်ချက်ဖြင့် ဂျပန်ရုပ်ရှင်ပွဲတော်ကို ၂၀၁၆ ခုနှစ်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နှစ်စဉ် နိုင်ငံအနှံ့အပြား၌ ကွန်ရက်နှင့် ပရောဂျက်များ ကျယ်ပြန့်လာခဲ့ရာ ၂၀၁၈ ခုနှစ်မှတ်တမ်းအရ အာရှပစိဖိတ်ဒေသတွင်း နိုင်ငံပေါင်း ၁၄ နိုင်ငံမှ (မြန်မာ၊ ဖိလစ်ပိုင်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ လာအို၊ ထိုင်း၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ ဩစတေးလျ၊ တရုတ်၊ ရုရှား၊ အိန္ဒိယ) ပရိသတ် ဦးရေ ၁၈၀၀၀ ခန့်အထိကို စွဲဆောင်နိုင်ခဲ့ကြောင်းလည်း သိရသည်။

ယခုနှစ်တွင် “JFF Magazine” မှ “JFF Online” ဟူ၍ အင်တာနက်မှတစ်ဆင့် ကွန်ပျူတာနှင့် စမတ်ဖုန်းတို့မှ အလွယ်တကူကြည့်ရှုနိုင်သော ဝန်ဆောင်မှုတစ်မျိုးကို စတင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း ဂျပန်ဖောင်ဒေးရှင်းမှ သိရသည်။

ပွင့်သစ္စာ

# ဖြဟ္မာစိုရ်ပန်းခင်းပရဟိတအသင်းမှ ကျေးရွာ ကိုးရွာ၌ လူမှုကူညီရေးဆောင်ရွက်ပေးမည်

**ညောင်တုန်း ဇန်နဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ထိပ်ဝကြီးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ရှစ်ရွာနှင့် မြမ္မာပြာသာကျေးရွာအုပ်စုရှိ ထိပ်ဝလေးကျေးရွာအပါအဝင် ကျေးရွာ ကိုးရွာနေ ကျေးလက်နေပြည်သူများအား လူမှုကူညီရေးဆောင်ရွက်နိုင်ရန်အတွက် တည်ထောင်ဖွင့်လှစ်သည့် ဖြဟ္မာစိုရ်ပန်းခင်း လူမှုကူညီရေး အသင်းရုံးစတင်တည်ဆောက်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ထိပ်ဝကြီးကျေးရွာရှိ သတ်မှတ်မြေနေရာ၌ ကျင်းပခဲ့သည်။

“ထိပ်ဝကြီးကျေးရွာဇာတိဖြစ်ပြီး ပြည်ပမှာ သာသနာပြုနေတဲ့ အရှင်ဘဒ္ဒန္တစန္ဒာသီရိနဲ့ ခေတ္တစင်ကာပူရောက်နေတဲ့ ကိုအောင်ကျော်စိုးတို့ လှူဒါန်းတဲ့ ငွေကျပ် သိန်းနှစ်ဆယ်နဲ့ စတင်ခဲ့တာပါ။ အသင်းဝင်ဦးရေ ၂၄ ဦးရှိပါတယ်။ လူမှုကူညီရေးလုပ်ငန်းတွေ စွမ်းစွမ်းတမံဆောင်ရွက်ဖို့ ရည်ရွယ်ပါတယ်”ဟု အသင်း ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆန်းက ပြောသည်။

“အသင်းက ခုမှစတင်တည်ထောင်တာဖြစ်တဲ့အတွက် ပထမဦးဆုံးအနေနဲ့ ကျေးရွာ ကိုးရွာမှာရှိတဲ့ မျက်စိမခွဲစိတ်နိုင်တဲ့သူတွေကို အခမဲ့ခွဲစိတ်ပေးနိုင်အောင် စီစဉ်ပေးသွားမှာဖြစ်ပြီး ဒေသခံတွေထဲက နာရေးဖြစ်ရင်လည်း ငွေကျပ်သုံးသောင်း ထောက်ပံ့ကူညီပေးသွားမှာ ဖြစ်ပါတယ်။ အသင်းရပ်တည်မှု ခိုင်မာလာတာနဲ့အမျှ တိုးချဲ့ကူညီသွားနိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်”ဟု အသင်းအတွင်းရေးမှူး ကိုလွင်စိုးက ပြောသည်။

အဆိုပါ ထိပ်ဝကြီးကျေးရွာ ဖြဟ္မာစိုရ်ပန်းခင်းလူမှုကူညီရေးအသင်းအား ဇန်နဝါရီ ၁ ရက်က အသင်းဝင် ၂၄ ဦးဖြင့် တည်ထောင် ခဲ့ခြင်းဖြစ်ပြီး ထိပ်ဝကြီး၊ ထိပ်ဝလေး၊ ဂေါ်ဒူ၊ ဘုရားကုန်း၊ ရှမ်းစု၊ ကညင်ကောက်၊ ရွာသစ်၊ အေးရွာနှင့် ကရင်ပြာသာကျေးရွာများရှိ လူမှုကူညီရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သပြေထွန်း**

# လေးမျက်နှာမြို့နယ်၌ အသက်နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံပေး

**လေးမျက်နှာ ဇန်နဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ ကလေးငယ်များ ကျန်းမာသန်စွမ်းစေရန်နှင့် ကူးစက်ရောဂါတို့မှ ကင်းဝေးစေရန် ရည်ရွယ်၍ လစဉ် ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ ဆေးတိုက်ခြင်းလုပ်ငန်းများကို ယနေ့ နံနက် ၈ နာရီခန့်က မိခင်အလေးကျန်းမာရေးဌာန၌ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေး ထိုးနှံပေးခြင်းလုပ်ငန်းများကို မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနဝန်ထမ်းများက မြို့ပေါ်ငါးရပ်ကွက်နှင့် ကျေးရွာလေးရွာမှ အသက်နှစ်နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများဖြစ်သော ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(B)ပိုး၊ ဦးနှောက်မြှေးရောင်၊ ငါးမျိုးစပ်ကာကွယ်ဆေး၊ ပိုလီယိုအကြောသေ၊ ဝက်သက်၊ ဂျိုက်သိုး၊ ဂျပန် ဦးနှောက်ရောင်ရောဂါ ၁၁ မျိုးအပြင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှော ဖြစ်စေတတ်သော(Rota) ကာကွယ်ဆေးကိုပါ တိုက်ကျွေးကြောင်း သိရသည်။ **ဝေဝေ(လေးမျက်နှာ)**

❖ စာမျက်နှာ ၈ မှ

ဦးစိုးလွင် (မကွေးတက္ကသိုလ် အငြိမ်းစား ဒုတိယပါမောက္ခချုပ်)၊ ဦးတင်စိုး(တွဲဖက်ပါမောက္ခ၊ ကွယ်လွန်)၊ ဦးမြသူ (တက္ကသိုလ် စာပေးစာယူသင်တန်း၊ ကွယ်လွန်)၊ ဦးစိုင်းလုံးကျော်(ဂျာမနီနိုင်ငံ တက္ကသိုလ်တစ်ခု၏ အငြိမ်းစားပါမောက္ခ ဒေါက်တာစိုင်းလုံးကျော်) စသည့် ဆရာငယ်များ၊ အဏ္ဏဝါဇီဝဗေဒဌာနမှူး ဦးကြည်ဝင်း (ကွယ်လွန်သူ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ပါမောက္ခချုပ်) တို့သည် မိမိတို့တက္ကသိုလ်ရှိတက္ကသိုလ်အရန်တပ်ရင်း(ယခု တက္ကသိုလ်လေ့ကျင့်ရေးတပ်)သို့ စစ်ပညာသင်ကြားရန်ကျောင်းဆရာတပ်ဖွဲ့ဝင်အဖြစ် ဝင်ရောက်ကြသည်ကို တွေ့ရပါသည်။ ဆရာကြီး ဒေါက်တာဦးကျော်စိုးသည် ဗိုလ်မှူးရာထူးဖြင့် မော်လမြိုင် အမှတ်(၃)တက္ကသိုလ်လေ့ကျင့်ရေးတပ်တွင် တပ်ရင်းမှူးတာဝန် ထမ်းဆောင်ခဲ့သည်။

ဆရာကြီး ဒေါက်တာဦးကျော်စိုးသည် ၁၉၆၂ ခုနှစ် ရန်ကုန်တက္ကသိုလ် ရာမညဆောင်တွင် အဆောင်မှူးတာဝန်ထမ်းဆောင်စဉ်၌ ဇူလိုင် ၇ ရက် အရေးအခင်းဖြစ်ပေါ်သည်။ စိတ်မချမ်းမြေ့ဖွယ် အတွေ့အကြုံများကို ဆရာကြီးထံမှ ကြားသိရသည်။

ကျွန်တော် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၌ ရုက္ခဗေဒသရုပ်ပြဆရာဖြစ်သောနှစ် ၁၉၆၇-၆၈ ပညာသင်နှစ်တွင် ဆရာကြီးသည် မော်လမြိုင်ကောလိပ်(လေးနှစ်သင်)သို့ ရုက္ခဗေဒဌာနမှူးအဖြစ် ပြောင်းရွှေ့သည်။ ထိုနှစ်တွင် ဆရာကြီးနှင့် သုတေသနစာတမ်းပြုစုရန် မော်လမြိုင်ကောလိပ်သို့ လိုက်သွားရရာ ညနေ ၄ နာရီတွင် ထမင်းစားပြီး သုံးထပ်ရှိ ရုက္ခဗေဒဌာနရှိ ဆရာ ဆရာမများအားလုံးနှင့်အတူ သုတေသနကိစ္စများ ဆောင်ရွက်ရပါသည်။ နံနက် ၂ နာရီကျော်မှ ပြန်ရပါသည်။ ဆရာကြီးသည် သူ၏တပည့်များကို သုတေသနလုပ်နေမှသို့မဟုတ် စာဖတ်နေမှကြိုက်ရာ ဆရာကြီး၏ မျက်မှောက်တွင် အလကားမနေရဲကြပါ။ ထိုနှစ်က ဆရာကြီးဌာနတွင် ဆရာ ဆရာမ ၁၂ ဦးရှိရာ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် သုတေသနစာတမ်းဖတ်ပွဲ(Research Congress) တွင် သုတေသနစာတမ်း ၁၈ စောင် တင်သွင်းဖတ်ကြားနိုင်သည်။ ဆရာ ဆရာမ ၁၇ ဦးရှိသော ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ရုက္ခဗေဒဌာနက တင်သွင်းဖတ်ကြားသော စာတမ်းထက် ဦးရေပိုများသည်ကို တွေ့ရပါသည်။

ဆရာကြီးသည် မော်လမြိုင်ကောလိပ်တွင် အဏ္ဏဝါဇီဝဗေဒဌာနမှူး ဦးကြည်ဝင်းနှင့်အတူ အဏ္ဏဝါဇီဝဗေဒဌာနကို တည်ထောင်ခဲ့သည်။ သူ၏တပည့်များကို သုတေသနလုပ်နေရန် အမြဲတိုက်တွန်းသည်။ ဆရာကြီး၏ ဆုံးမမှုတစ်ခုမှာ လက်နက်ကိုင်ပုန်ကန်နေမှ သူပုန်လို့ခေါ်သည်မဟုတ် ညာဝါး၍ မဟုတ်တာလုပ်နေလျှင်လည်း သူပုန်ပင်ဖြစ်သည်ဟူ၍ ဖြစ်သည်။ သို့ဖြစ်ရာ ဆရာကြီး၏ အနီးတွင် ဆရာ့ဆုံးမချက်နှင့်အညီ နေကြရရာ ထွန်းပေါက်သောတပည့်များ များစွာမွေးထုတ်နိုင်သည်ကို အမှတ်ရလျက်ရှိပါသည်။

ကျွန်တော်သည် M.Sc ကျမ်းအတွက် သုတေသနပြုလုပ်နေရာ ညနေတိုင်း တွေ့ရှိရလဒ်များကို ပြရပါသည်။ ထိုအခါ ပျော်ရွှင်သည့်အမူအရာဖြင့် ဆရာကြီးသည် လေချွန်လျက် မကြာခဏ ညနေစာကို လိုက်ကျွေးလေ့ရှိပါသည်။ လက်ဖက်ရည်သောက်၊ မုန့်စားလျှင်လည်း ဆရာကြီးကသာ အကုန်အကျခံပါသည်။ ထိုအချိန်က သရုပ်ပြလစာ ကျပ် ၄၄၀ သာရသော ကျွန်တော့်အား ကထိကလစာ ကျပ် ၁၂၀၀ ရသော ဆရာကြီးက မင်းလက်ထောက်ကထိက မဖြစ်မချင်း ပိုက်ဆံမထုတ်ရဘူးဟု ဆိုထားရာ ဆရာကြီးကသာ အကုန်အကျခံခဲ့ပါသည်။ လက်ထောက်ကထိက ရာထူးတာဝန်ထမ်းဆောင်ရမှ ဆရာကြီးအား အရပ်ဒေသထွက် လုံချည်ကန်တော့သည်ကို လက်ခံခဲ့ပါသည်။

ဆရာကြီးသည် ဇီဝဗေဒပညာရှင်အဖွဲ့ဝင်အဖြစ် ဟားဗတ်တက္ကသိုလ်က ထုတ်ပေးသော Sigma ရွှေတံဆိပ်ကို အငြိမ်းစားယူသည့်နေ့တွင် တပ်ဆင်ပြသည်မှလွဲ၍ ဟိတ်ဟန်မရှိဘဲ ဘဝကိုရိုးရှင်းစွာ နေထိုင်သွားသူ၊ သုတေသနလုပ်ဆောင်မှုများနှင့်အချိန်ကို အသုံးပြုလျက် နမူနာပြသွားသူဖြစ်ရာ ကျွန်တော်တို့၏ ကျေးဇူးရှင်ဆရာကြီး ဒေါက်တာ ဦးကျော်စိုး၏ ဂုဏ်ကျေးဇူးအား အမြဲအမှတ်ရ အောက်မေ့လျက်ရှိသေစွာ ကန်တော့လိုက်ပါသည်။ ။

# ခရီးသွားလုပ်ငန်းဖြင့် တိုးတက်လာမည့် လိုင်လင်းပီမြို့

**မင်းလပြည့်(ဟားခါး)**



'လိုင်လင်းပီ' ဟူသော အမည်က ထူးဆန်းသည်။ ချင်းပြည်နယ်တွင် နေထိုင်သူများမှလွဲ၍ ကြားဖူးရန် ခက်ခဲနိုင်ပါသည်။ လိုင်လင်းပီ ဆိုသည်မှာ လိုင်လင်းလူမျိုးများ အများဆုံးနေထိုင်သော အမှတ်အသားကိုအစွဲပြု၍ ခေါ်ဆိုခြင်းဖြစ်သည်။ လိုင်လင်းပီမြို့ဖြစ်ပေါ်လာပုံမှာ စိတ်ဝင်စားဖွယ်ကောင်းသည်။ ၁၈၄၅ ခုနှစ် မတိုင်မီက ဖလမ်းမြို့နယ် (Sun Thla) ရွာအနီး လိုင်လွန်းနေရာ၌ နေထိုင်စဉ် ဝမ်းရောဂါကျရောက်၍ လူအမြောက်အမြား သေဆုံးခဲ့သည်။ ထိုရောဂါကြောင့် ရေကြည်ရာမြက်နုရာ ရွာဖွေရွှေ့ပြောင်းရာမှ ဟားခါးမြို့နယ်၊ ထန်တလန်မြို့နယ်များတွင် နှစ်ပေါင်းများစွာ ရွာတည်နေထိုင်လာခဲ့သည်။ ထို့နောက် လက်ရှိနေရာသို့ ရောက်ရှိလာကာ လိုင်လင်းပီအမည်ဖြင့် ရွာတည်နေထိုင်ခဲ့ရာ ယခုအခါ နှစ်ပေါင်း ၃၀၀ ကျော်ပြီဖြစ်ကြောင်း သိရသည်။

လိုင်လင်းပီမြို့မှ ၁၂ မိုင်အကွာတွင် ၉ မိုင်ကျေးရွာရှိပြီး ၉ မိုင်ကျေးရွာမှ ၉ မိုင်အကွာတွင် ဆဘောင်းပီကျေးရွာရှိသည်။ ဆဘောင်းပီကျေးရွာမှ ၉ မိုင်အကွာတွင် ဆဘောင်းတဲယ် ကျေးရွာရှိပြီး ဆဘောင်းတဲယ် ကျေးရွာမှ ၁၁ မိုင်အကွာတွင် ကျပီကျေးရွာ(အိန္ဒိယနိုင်ငံ)နှင့် ၁၀ မိုင်အကွာတွင် လုံ့မန်းကျေးရွာတို့ရှိသည်။ လုံ့မန်းကျေးရွာမှ ၁၂ မိုင်အကွာတွင် ရွာနိုင်းကျေးရွာ(အိန္ဒိယ) ရှိသည်။

လိုင်လင်းပီမြို့သည် မရာမျိုးနွယ်စုတစ်ခုဖြစ်သော လိုင်လင်းမျိုးနွယ်စုကို နာမည်အစွဲပြု၍ လိုင်လင်းပီဟုခေါ်ဆိုကြခြင်းဖြစ်သည်။ မရာဘာသာစကားသည် တိဗက်-မြန်မာအနွယ် Proto–Kuki–Chin အုပ်စုတွင် ပါဝင်သော ဘာသာစကားတစ်ခုဖြစ်သည်။

**စတင်အခြေချနေထိုင်**

မရာလူမျိုးနွယ်စုသည် ချင်းတွင်းမြစ်ဝှမ်းမှ အထက်ရပ်ကလေးမြစ်ဝှမ်းသို့ ရွှေ့ပြောင်းပြီး အေဒီ ၁၃၀၀ – ၁၃၅၀ ခန့်တွင် ကလေးမြစ်ဝှမ်းကို စွန့်ခွာကာ ယခင်လူရှေတောင်တန်း၊ စစ်တကောင်းတောင်တန်း၊ မြောက်ပိုင်း အာရ်တောင်တန်း၊ ချင်းတောင်တန်း၊ ယခုအိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်တောင်ပိုင်း၊ ချင်းပြည်နယ်အနောက်ပိုင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် လွန်ခဲ့သော နှစ်ပေါင်း ၅၀၀ ကျော် အေဒီ ၁၅၀၀ – ၁၆၀၀ ခန့်မှစ၍ စတင်အခြေချနေထိုင်လာခဲ့သည်။

ပါမောက္ခ လူးစ်က ချင်းလူမျိုးများသည် တရုတ်ပြည်အနောက်ဘက်နှင့် တိဗက်ဒေသ အရှေ့ဘက်အရပ်မှ တောင်ဘက် ဟူးကောင်းမြစ်ဝှမ်းကို ဖြတ်ကျော်၍ မြန်မာပြည်တွင်းသို့ ဝင်ရောက်လာသည်ဟု ဆိုသည်။

မရာလူမျိုးစုများသည် ထောရ်လူမျိုးစုနှင့် အေဒီ ၉၀၀ ခန့်တွင် မူးမြစ်ဝှမ်း၌ အတူတကွ နေထိုင်ခဲ့ပေသည်။ ထောရ်လူမျိုးစုနှင့် မရာလူမျိုးစုများတွင် တူညီသော ဒဏ္ဍာရီပုံပြင်တစ်ခုမှာ ရှေးသရောအခါက ဘုရင့်သမီးတော်က နေမင်းကြီးဆွတ်ခူးပေးရန် မိန့်မှာသောကြောင့် စပါးထောင်းဆုံ တစ်ခုအပေါ် တစ်ခုဆင့်၍ နေမင်းကြီးဆွတ်ခူးရန်ကြံကြသည်။ မထင်မှတ်ဘဲ စပါးထောင်းဆုံ ပြိုကျကာ အားလုံးအသက်ဆုံးရှုံးခဲ့ရသည်ဟူသော ပုံပြင်သည် မရာနှင့် ထောရ်လူမျိုးစုတွင် ထပ်တူဖြစ်သည်ကို တွေ့ရှိရသည်။

ဤသည်ကိုထောက်လျှင် မရာလူမျိုးစုနှင့် ထောရ်လူမျိုးစုတို့သည် မူးမြစ်ဝှမ်းနှင့် မရောက်တောင်တို့တွင် အတူတကွ နေထိုင်ခဲ့ဟန်ရှိသည်။ လက်ရှိ ထန်တလန်မြို့နယ်ရှိ မရာလူမျိုးများ နေထိုင်ခဲ့သည်ဟုဆိုသော မရောက်တောင်သည် ယင်းမတိုင်ခင်နေထိုင်ခဲ့သော မရောက်တောင်ကို အစွဲပြု၍ ခေါ်တွင်လာခဲ့သည်ဟု ယူဆနိုင်သည်။ အကြောင်းမှာ မရာမျိုးနွယ်စုသည် ရှေးဘိုးဘေးတို့၏ အမည်များ၊ နေရပ်ဒေသများကို အစွဲပြု၍ အမည်နာမများခေါ်တွင်သော အစဉ်အလာမှာ ယနေ့တိုင်ဖြစ်သည်။ ရှုမြစ်နှင့် မြစ်သာမြစ်ဆုံရာ အောက်အရပ်ရှိ မရောက်တောင်ကို အစွဲပြု၍ ချင်းတောင်တန်းရှိ မရာလူမျိုးများနေထိုင်ရာ အရပ်ကို မရောက်တောင်ဟု ခေါ်ဆိုခြင်းဖြစ်နိုင်သည်ဟု သိရသည်။

မရာစာပေအား Capt. S.R. Tickell က ရောမအက္ခရာကို အခြေခံ၍ ၁၈၅၂ ခုနှစ်တွင် ပထမဦးဆုံး စတင်တီထွင်ခဲ့ပြီး Capt. Lewin က ၁၈၆၉ ခုနှစ်တွင် ထပ်မံမွမ်းမံပြင်ဆင်ခဲ့သည်ဟု မှတ်တမ်းတင်ထားသည်။ သို့ရာတွင် Capt.S.R. Tickell တီထွင်သော မရာစာပေကို မတွေ့ရှိရသေးပေ။ အင်္ဂလိပ်ခရစ်ယာန်သာသနာပြုဆရာကြီး F.W.Sadvige က စာမျက်နှာ (၂၃၀) ပါ မရာဘာသာစကားသဒ္ဒါနှင့် အဘိဓာန် (Grammar and Dictionary of the Lakher Language) ကို ပြုစုပြီး ၁၉၀၈ ခုနှစ်တွင် Pioneer Press, Allahabad, India စာပေတိုက်မှ ထုတ်ဝေခဲ့သည်။

ယခုအခါ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် မရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ အစိုးရစာသင်ကျောင်းများတွင် မူကြိုမှ အလယ်တန်းအဆင့်အထိ မရာဘာသာစကားဖြင့် သင်ကြားပို့ချလျက်ရှိသည်။

၁၉၇၄ ခုနှစ် မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအုပ်ချုပ်ရေးယန္တရားတွင် မရာလူမျိုးများ ပျံ့နှံ့နေထိုင်ရာဒေသအား ပလက်ဝမြို့နယ်၊ မတူပီမြို့နယ်၊ ထန်တလန်မြို့နယ် အုပ်ချုပ်ရေးများတွင် ခွဲခြမ်းကာ ကျေးရွာကောင်စီများဖြင့် ဖွဲ့စည်းအုပ်ချုပ်သည်။

**ပေါ်ပေါက်လာခဲ့**

တစ်နည်းအားဖြင့် လိုင်လင်းသည် မရာမျိုးနွယ်စုတစ်ခု၏ အမည်ဖြစ်၍ ပီ ဆိုသည်မှာ အကြီးဆုံးကို ဆိုလိုခြင်းဖြစ်ပေသည်။ လိုင်လင်းရွာမှ ရွာငယ်လေးများ ရှစ်ရွာ ခွဲထွက်လာသော ယနေ့လိုင်လင်းပီသည် အကြီးဆုံးရွာ ဖြစ်လာသဖြင့် 'လိုင်လင်းပီ'ရွာဟု ပေါ်ပေါက်လာခဲ့သည်။ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှ လိုင်လင်းပီမြို့ဟု ဖွဲ့စည်းအတည်ပြုခဲ့သည့်အတိုင်း ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ်(၄၀၀/၂၀၁၆)အရ လိုင်လင်းပီကျေးရွာအုပ်စုအား လိုင်လင်းပီမြို့ဟု ချင်းပြည်နယ်ဝန်ကြီးချုပ်က ၂၀၁၆ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် အတည်ပြုသတ်မှတ်ခဲ့လေသည်။

လိုင်လင်းပီမြို့ကား အရှေ့ဘက်တွင် မတူပီ၊ တောင်ဘက် ပလက်ဝမြို့နယ်နှင့် ထိစပ်လျက်ရှိသည်။ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံ၊ မြောက်ဘက်တွင် ရေဇွာမြို့၊ ထန်တလန်မြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။

လိုင်လင်းပီမြို့ကား ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ ၄၄၂၀ တွင်ရှိပြီး နွေးသမပိုင်း ရာသီဥတုရှိသည်။ အမြင့်ဆုံးအပူချိန်မှာ ၃၀°C နှင့် အနိမ့်ဆုံး အပူချိန် ၃°C ဖြစ်သည်။ လိုင်လင်းပီမြို့ကား တောင်ကုန်း၊ တောင်တန်းပေါ်များပြီး သစ်တောလွှမ်းသောဒေသဖြစ်သည်။ ထင်ရှားသော တောင်တန်းများမှာ လောက်ရှည်တောင်၊ ဂျူဘိလင်တောင်တို့ဖြစ်ပြီး တီးဆီးချောင်း၊ မာလာချောင်း၊ ဟိုဟားချောင်း၊ ဝါးဟားချောင်းတို့ရှိပြီး မြောက်မှတောင်သို့ စီးဆင်းလျက်ရှိသည်။ ရပ်ကွက် နှစ်ရပ်ကွက်ရှိပြီး လူဦးရေ ၂၆၁၀၊ အိမ်ခြေ ၄၂၆ လုံး၊ အိမ်ထောင်စု ၄၂၉ စုရှိသည်။

ဒေသခံပြည်သူအများစုမှာ လယ်ယာစိုက်ပျိုးရေးဖြင့် အသက်မွေးနေထိုင်ကြသည်။ ဝဥ စိုက်ပျိုးရောင်းဝယ်ကြသည်။ ချင်းတိုင်းရင်းသားအများစု နေထိုင်ကြသည်။ ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ ဆက်သွယ်ရေး၊ လမ်းဦးစီး၊ ပြန်/ဆက်၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်ဌာနအပါအဝင် စုစုပေါင်း ၁၀ ဌာနဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ ၎င်းအပြင် ဒေသခံတို့က အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဖြစ်သော စက်ချုပ်လုပ်ငန်းလုပ်ကိုင်မှု ၁၂ ခုရှိကြောင်း သိရသည်။

**အဖြူရောင်နယ်မြေရှိသော**

အထက (လိုင်လင်းပီ) အထက်တန်းကျောင်းရှိပြီး ကျောင်းသား ကျောင်းသူ ၄၅၆ ဦး သင်ကြားလျက်ရှိသည်။ ၂၀၀ ကီလိုဝပ်အဆင့် လျှပ်စစ်ဓာတ်အားရရှိပြီး လိုအပ်သော လျှပ်စစ်ပမာဏ ၁၅၀၀ ကီလိုဝပ်ရရှိရေး ထပ်မံဆောင်ရွက်လျက်ရှိသည်။ မြို့တွင်းလမ်းမကြီးမှာ ၃ မိုင်ရှည်လျားသော တောင်ပေါ်မြို့တစ်မြို့လည်းဖြစ်သည်။ အေးချမ်းသာယာသော၊ အဖြူရောင်နယ်မြေရှိသော မြို့တစ်မြို့လည်းဖြစ်သည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ခါနန်ကုမ္ပဏီ၊ တိနတောင်တန်းကုမ္ပဏီတို့မှ လမ်းလုပ်ငန်း၊ အဆောက်အအုံလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ မြို့လူဦးရေအတွက် တစ်နေ့လျှင် ဂါလန် လေးသောင်းဖြင့် စမ်းရေဖြန့်ဝေပေးလျက်ရှိသည်။ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ပေးရန် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံရှိသည်။

အိန္ဒိယနယ်စပ်နှင့် နီးသည့်မြို့ငယ်တစ်ခုဖြစ်ပြီး သွားလာရေးလွယ်ကူစေရန် ၂၀၁၉ ခုနှစ် မေလ ၄ ရက်နေ့မှစ၍ လိုင်လင်းပီလေယာဉ်ကွင်းငယ်အား တည်ဆောက်မွမ်းမံလျက်ရှိပါသည်။ လိုင်လင်းပီလေယာဉ်ကွင်းငယ် ပြီးစီးပါက ကမ္ဘာလှည့်အပျော်ခရီးသည်များ ရောက်ရှိလာပြီး အလုပ်အကိုင်အခွင့်အလမ်းလည်း ရရှိလာမည်ဖြစ်ပါသည်။ မြို့ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းလျက်ရှိသော အာမေးနီးယန်းတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ဆရာဝန်ဘွဲ့ ရရှိခဲ့သော ဆရာဝန် ဒေါက်တာ ဆာဆာ၏ ဇာတိမြို့လည်းဖြစ်ပါသည်။

လေကြောင်းလိုင်း ဖွင့်လှစ်ပြီးသည်နှင့်အမျှ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည်နှင့်အမျှ ဒေသခံတို့အားထားသော "ဝဥ" စိုက်ပျိုးရောင်းဝယ်ခြင်း၊ အခြားသီးနှံများလည်း တွင်ကျယ်ကာ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမှုမှာလည်း ၂၀၁၈–၂၀၁၉ ခုနှစ်က ၂၄ ဒသမ ၀၂ ရာခိုင်နှုန်းသာ ရှိသော်လည်း ၂၀၁၉–၂၀၂၀ ခုနှစ်တွင် ၆၅ ရာခိုင်နှုန်းထိ မြင့်မားလာပြီး ဒေသခံလူငယ်များမှာ ပညာရေးတွင် စိတ်ပါဝင်စားမှုရှိသဖြင့် အနာဂတ်တွင် ပညာတတ်လူငယ်များ ပေါ်များသောမြို့ ဖြစ်နိုင်ပါသည်။

နိုင်ငံတော်အစိုးရ၏ အားပေးကူညီမှု၊ ချင်းပြည်နယ်အစိုးရအဖွဲ့၏ ကြိုးပမ်းအားထုတ်မှုဖြင့် ချင်းတောင်တန်းတွင် ဖွံ့ဖြိုးတိုးတက်လာဦးမည့် မြို့ငယ်တစ်ခုဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**မှီငြမ်း – လိုင်လင်းပီမြို့ ဒေသဆိုင်ရာအချက်အလက်များ**
**ဦးဇော်ထိုက်၊ လိုင်လင်းပီမြို့**



# ဘရက်ဆစ်အလွန် နှစ်သစ်ကူးကာလတွင် ဗြိတိန်နိုင်ငံ သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်

**လန်ဒန် ဇန်နဝါရီ ၁**

ယခုနှစ်သစ်အခါသမယသည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ်မှ နုတ်ထွက်ခဲ့သည့် ဗြိတိန်နိုင်ငံအတွက် သမိုင်းစာမျက်နှာအသစ် စတင်ဖွင့်လှစ်သည့် အချိန်အခါဖြစ်သည်။

ဒီဇင်ဘာ ၃၁ ရက် ဂရင်းနစ်စံတော်ချိန် ၂၃ နာရီတွင် ဗြိတိန်နိုင်ငံအနေဖြင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်းမှ ရပ်တန့်ခဲ့ပြီး ကိုယ်ပိုင်ချမှတ်ထားသည့် စည်းမျဉ်းများကို စတင်ကျင့်သုံးလျက်ရှိပြီဖြစ်သည်။

ဗြိတိန်နိုင်ငံသည် ကုန်သွယ်ရေး၊ ခရီးသွားလာမှု၊ လူဝင်မှုကြီးကြပ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး ချမှတ်ထားသည့် ကိုယ်ပိုင်စည်းမျဉ်းအသစ်များကို စတင်ကျင့်သုံးလျက်ရှိသည်။



"ကျွန်တော်တို့နိုင်ငံဟာ ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ မဟုတ်တော့တဲ့အတွက် ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်အလားအလာဟာ ကျွန်တော်တို့နိုင်ငံသားတွေ့ရဲ့လက်ထဲကို ရောက်ရှိလို့လာပါပြီ" ဟု ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ပြောကြားခဲ့သည်။

သို့သော် ဘရက်ဆစ်အရေး ဆန့်ကျင်သူများက ဗြိတိန်နိုင်ငံ၏ အနာဂတ်အခြေအနေမှာ ပိုမိုဆိုးရွားသွားဖွယ်ရှိသည်ဟု ခန့်မှန်းပြောကြားခဲ့ကြောင်း သိရသည်။

ဘရက်ဆစ်အလွန်ကာလတွင် ဗြိတိန်နိုင်ငံနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကြား ပြောင်းလဲမှုများစွာ ဖြစ်ပေါ်လာမည်ဖြစ်သည်။ ဗြိတိန်နိုင်ငံက ချမှတ်ကျင့်သုံးလျက်ရှိသည့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စည်းမျဉ်းအသစ်များကြောင့် ဗြိတိန်နိုင်ငံနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ပြည်သူများသည် ယခင်အတိုင်း လွတ်လပ်စွာ အပြန်အလှန်သွားလာခွင့်ရရှိတော့မည်မဟုတ်ပေ။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ ရက် ၉၀ ကျော်ကြာ သွားလာမည့် မည်သည့်ဗြိတိန်နိုင်ငံသားမဆို ပြည်ဝင်ခွင့်ဗီဇာလိုအပ်မည်ဖြစ်သည်။ ဗြိတိန်နိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ချင်သည့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသားများသည် (အိုင်ယာလန်နိုင်ငံသားများမှအပ) ဗြိတိန်နိုင်ငံက ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းအသစ်များကို အခြားသော နိုင်ငံရပ်ခြားခရီးသွားများအတိုင်း လိုက်နာရမည်ဖြစ်သည်။

ထို့ပြင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ဗြိတိန်နိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသူများသည် ဘီယာ ၄၂ လီတာ၊ ဝိုင် ၁၈ လီတာနှင့် စီးကရက်ဘူး ၂၀၀ အတွက် အခွန်ကင်းလွတ်ခွင့် ရရှိမည်ဖြစ်သည်။

ဥရောပတစ်လွှားရှိ ပြစ်မှုဆိုင်ရာမှတ်တမ်းများ၊ လက်ဗွေရာများနှင့် ထွက်ပြေးတိမ်းရှောင်သူများနှင့်ပတ်သက်သည့် အချက်အလက်များကို ဗြိတိန်ရဲအရာရှိများအနေဖြင့် ယခင်အတိုင်း ရယူသုံးစွဲနိုင်မည်မဟုတ်တော့ကြောင်း သိရသည်။ **ကိုးကား-ဘီဘီစီ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# ဘိုင်ဒင်၏ သမ္မတသက်တမ်းအထိပါ သက်ရောက်မည့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ကန့်သတ်ချက်ကို သမ္မတ ထရမ့် သက်တမ်းတိုး



**ဝါရှင်တန် ဇန်နဝါရီ ၁**

အမေရိကန်သမ္မတ ထရမ့်သည် ယမန်နေ့က နိုင်ငံခြား ရွှေ့ပြောင်းလုပ်သားများအား အမေရိကန်ပြည်ဝင်ခွင့်ပိတ်ပင်မည့် အစီအမံတစ်ရပ်ကို သုံးလသက်တမ်း ထပ်မံတိုးမြှင့်ခဲ့ခြင်းကြောင့် ဇန်နဝါရီ ၂၀ ရက်တွင် သမ္မတတာဝန်စတင် ထမ်းဆောင်မည့် ဘိုင်ဒင်၏သက်တမ်းအထိပါ အဆိုပါစီမံချက်၏ အာဏာသက်ဝင်မှုရှိနေဦးမည်ဖြစ်သည်။

သမ္မတထရမ့်သည် ပြီးခဲ့သည့် ဧပြီလမှ စတင်ပြီး "ကပ်ရောဂါကာလတားမြစ်ချက်" ဟူသော အစီအစဉ်တစ်ရပ်ကို စတင်အကောင်အထည်ဖော်ခဲ့ပြီးနောက် အလုပ်ဗီဇာဖြင့် နိုင်ငံခြားသားများ အမေရိကန်သို့ဝင်ရောက်ခွင့်ကို ပိတ်ပစ်ခဲ့သည်။ သို့ရာတွင် အသက် ၂၁ နှစ်နှင့်အောက် အမေရိကန်နိုင်ငံသားများနှင့် လက်ထပ်ထားသူများ၊ သားသမီးများမှာ အဆိုပါ ကန့်သတ်ချက်၌ အကျုံးမဝင်သလို အမေရိကန်ဒေါ်လာ တစ်သန်းနှင့်အထက် ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များ၊ ကိုဗစ်ရောဂါတိုက်ဖျက်ရေးအတွက် ကူညီဆောင်ရွက်မည့် ကျန်းမာရေးလုပ်သားလည်း ကန့်သတ်ချက်မှ ကင်းလွတ်ခွင့်ရကြောင်း သိရသည်။

အဆိုပါ အစီအမံကို အမေရိကန်လုပ်သားဈေးကွက်နှင့် လူထုကျန်းမာရေးအတွက် လိုအပ်ချက်ကြောင့် ဖော်ဆောင်ရခြင်းဖြစ်ကြောင်း သမ္မတထရမ့်က ရှင်းပြသည်။ သမ္မတထရမ့်သည် ၎င်းတာဝန်ထမ်းဆောင်ခဲ့ချိန် ၂၀၁၇ ခုနှစ်မှစ၍ ပြည်ပနိုင်ငံခြားသားများ အမေရိကန်လုပ်သားဈေးကွက်တွင် နေရာရရှိနေမှုအား ကန့်သတ်ခြင်းများကို တစ်ဆင့်ပြီး တစ်ဆင့် ဖော်ဆောင်နေခဲ့ပြီး အမေရိကန်လုပ်သားဦးစားပေးမူဝါဒကို အဓိကမူဝါဒတစ်ရပ်အဖြစ် ကျင့်သုံးလျက်ရှိသည်။

နိုင်ငံခြားသားလုပ်သားခန့်အပ်မှု များပြားသည့် ဖေ့စ်ဘွတ်ကုမ္ပဏီကို အမေရိကန်ရှေ့နေချုပ်ရုံးက ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း တရားစွဲဆိုမှုပြုခဲ့သည်။ ရွှေ့ပြောင်းလုပ်သားအရေး ထောက်ခံသူအများစုက ဘိုင်ဒင် သမ္မတဖြစ်လာချိန်တွင် သမ္မတထရမ့်၏ လက်ရှိပြဋ္ဌာန်းထားသည့် မူဝါဒများ၊ စည်းမျဉ်းများကို အမြန်ဆုံးရုပ်သိမ်းပေးရေး တောင်းဆိုလျက်ရှိသည်။

**ကိုးကား-စီအင်န်အေ**

**ဘာသာပြန်-မေလဲ့သင်း**





# အမေရိကန်ဆေးဝါးကုမ္ပဏီ Moderna က တောင်ကိုရီးယားနိုင်ငံအား ကိုဗစ်-၁၉ ကာကွယ်ဆေးထောက်ပံ့မည်

**ဆိုးလ် ဇန်နဝါရီ ၁**

အမေရိကန်ဆေးဝါးကုမ္ပဏီဖြစ်သော Moderna အနေဖြင့် ၂၀၂၁ ခုနှစ် မေလအတွင်း တောင်ကိုရီးယားနိုင်ငံအား ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ သန်း ၄၀ ထောက်ပံ့ပေးရန် တောင်ကိုရီးယားတာဝန်ရှိသူများနှင့် ယမန်နေ့က သဘောတူညီချက် ရရှိခဲ့သည်။ ယခုသဘောတူညီချက်သည် တောင်ကိုရီးယားနိုင်ငံနှင့် Moderna ကုမ္ပဏီတို့အကြား ခိုင်မာသောဆက်ဆံရေး တည်ဆောက်ခြင်းအတွက် အရေးကြီးသော ခြေလှမ်းဖြစ်ကြောင်း Moderna ကုမ္ပဏီ၏ အမှုဆောင်ချုပ် စတက်ဖနီ ဘန်စယ်က ပြောကြားသည်။

Moderna မှ ထုတ်လုပ်သော ကိုဗစ်-၁၉ ကာကွယ်ဆေးမှာ လက်ရှိတွင် အမေရိကန်နှင့် ကနေဒါနိုင်ငံတို့တွင် အရေးပေါ် အသုံးပြုခွင့်ရရှိထားသော်လည်း တောင်ကိုရီးယားနိုင်ငံတွင်မူ သုံးစွဲရန် ခွင့်ပြုချက်မရရှိသေးချေ။

Moderna ၏ ဆေးဝါးထောက်ပံ့ရေးအစီအစဉ်သည် တောင်ကိုရီးယားအစိုးရ၏ ပြည်သူများ ကိုဗစ်-၁၉ ကာကွယ်ဆေးရရှိရေးအစီအမံကို ပံ့ပိုးရန်ဖြစ်ကြောင်း သိရသည်။ တောင်ကိုရီးယားနိုင်ငံတွင် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၁၇၆၉ ဦးရှိကြောင်း သိရသည်။

**ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-စိုးသူရ**

# ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော ကမ္ဘောဒီးယားရွှေ့ပြောင်းလုပ်သား ၁၂ ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုးစစ်ဆေးတွေ့ရှိခဲ့ကြောင်း ကမ္ဘောဒီးယားပြောကြား

**ဖနောင်ပင် ဇန်နဝါရီ ၁**

ထိုင်းနိုင်ငံမှ နိုင်ငံအတွင်းသို့ ပြန်လည်ရောက်ရှိလာသော ကမ္ဘောဒီးယားရွှေ့ပြောင်းလုပ်သား ၁၂ ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုးစစ်ဆေးတွေ့ရှိခဲ့ကြောင်း ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ယခုရောဂါပိုးတွေ့ရှိခဲ့သူများသည် အသက် ၂၄ နှစ်မှ ၃၉ နှစ်အကြားရှိ အမျိုးသမီးများဖြစ်ကြပြီး နယ်စပ်ဂိတ်များမှတစ်ဆင့် ယခုသီတင်းပတ်အစောပိုင်းတွင် နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများဖြစ်သည်။ အဆိုပါကိုဗစ်-၁၉ရောဂါပိုးတွေ့ရှိခဲ့သူ ရွှေ့ပြောင်းလုပ်သားများအား ကမ္ဘောဒီးယားနိုင်ငံအနောက်မြောက်ပိုင်းရှိဘာတာဘန်ခရိုင် ရာဖယ်လ်ဆေးရုံနှင့် ပိုင်လင်ခရိုင် ရာဖယ်လ်ဆေးရုံတို့တွင် ဆေးကုသပေးလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှပြောခွင့်ရသူ အာဗန်တိုင်းက ပြောကြားသည်။

ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသော ကမ္ဘောဒီးယားရွှေ့ပြောင်းလုပ်သားများအား ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်အချိန်အတွင်း နိုင်ငံအတွင်းသို့ မလိုအပ်ဘဲ ပြန်လာခြင်းမပြုလုပ်ရန် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆင်က မေတ္တာရပ်ခံခဲ့ပြီး တာဝန်ရှိသူများကိုလည်း နယ်စပ်ဝင်ပေါက်များ၏လုံခြုံရေးကို တင်းကျပ်ရန် ညွှန်ကြားခဲ့သည်။

"ကျွန်တော့်အနေနဲ့ ရွှေ့ပြောင်းလုပ်သားတွေကို မေတ္တာရပ်ခံချင်တာကတော့ ထိုင်းနိုင်ငံမှာပဲ ဆက်လက်နေထိုင်ကြဖို့ ပြောကြားချင်ပါတယ်" ဟု ဟွန်ဆင်က ပြောသည်။

ယခုလို နေထိုင်ခြင်းအားဖြင့် ကမ္ဘောဒီးယားနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါမပြန့်ပွားလာအောင် ကူညီပေးရာရောက်ပြီး ထိုင်းနိုင်ငံမှ တာဝန်ရှိသူများ ဆောင်ရွက်ပေးမည့် ဆေးဝါးကုသရေးဆိုင်ရာ အကူအညီများရရှိနိုင်မည်ဖြစ်ကြောင်း ဟွန်ဆင်က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**



# ကိုဗစ်-၁၉ ကပ်ရောဂါတိုက်ဖျက်ရေးနှင့် စီးပွားရေးတိုးတက်မှုများ ပါဝင်သည့် နှစ်သစ်ကူးဆုတောင်းစကားများကို ပြည်သူသို့ ကမ္ဘာ့ခေါင်းဆောင်များ ပေးပို့


**ဝါရှင်တန် ဇန်နဝါရီ ၁**

၂၀၂၁ ခုနှစ်ကို ကူးပြောင်းခဲ့ပြီဖြစ်သဖြင့် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံ့ခေါင်းဆောင်များအားလုံးက ပြည်သူသို့ နှစ်သစ်ကူးဆုတောင်းစကားအသီးသီးကို လူမှုကွန်ရက်များမှတစ်ဆင့် ပေးပို့ကြရာတွင် ကိုဗစ်-၁၉ ကပ်ရောဂါတိုက်ဖျက်ရေး၊ စီးပွားရေးပြန်လည်ဦးမော့လာရေးအတွက် ပြည်သူလူထု၏ အရေးပါမှုနှင့် စည်းလုံးညီညွတ်မှုတို့ကို အလေးထားပြောကြားခဲ့ကြသည်။

ခေါင်းဆောင်များက ကာကွယ်ဆေးရရှိနိုင်မှု၊ ထိုးနှံပေးနိုင်မှုအစီအစဉ်တို့ကို ပြောကြားခဲ့သော်လည်း ကပ်ရောဂါမပြီးဆုံးသေးကြောင်း ကိစ္စရပ်ကိုပါ သတိပေးမှုအဖြစ် ဖော်ပြခဲ့သည်။

အမေရိကန်သမ္မတထရမ့်၏ မိန့်ခွန်းတွင် ၎င်းအစိုးရလက်ထက် ထိရောက်သည့်ကာကွယ်ဆေး ပေါ်ထွက်လာခဲ့ခြင်းနှင့် ကာကွယ်ဆေးထိုးနှံပေးမှုလုပ်ငန်းစဉ် စတင်နိုင်မှုကိစ္စရပ်တို့ကို ဦးစားပေးပြောကြားခဲ့သည်။ သမ္မတ ထရမ့်က "ပုံမှန်အားဖြင့်ဆိုရင် ကာကွယ်ဆေးတစ်မျိုးရရှိဖို့ ၁၀ စုနှစ်တစ်ခုကြာ အနည်းဆုံး အချိန်ယူကြရပါတယ်။ ကျွန်တော်တို့ရဲ့ Wrap Speed လုပ်ငန်းစဉ်ကြောင့် အခုတော့ ကိုးလတည်းနဲ့ ဘေးထွက်ဆိုးကျိုးမရှိဘဲ ထိရောက်တဲ့ ကာကွယ်ဆေးတွေကို ရလာတာဖြစ်ပါတယ်"ဟု ထည့်သွင်းပြောကြားခဲ့သည်။





စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းကမူ အဆိုးဆုံးကာလများ လွန်မြောက်ချိန်ရောက်ရှိလာပြီဖြစ်ကြောင်း စင်ကာပူတွင် ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းစဉ် စတင်နိုင်ခဲ့ခြင်းကို ရည်ညွှန်းပြောကြားခဲ့သည်။ သို့ရာတွင် လက်ရှိကာလက ပျော်ပွဲရွှင်ပွဲများ ကျင်းပရမည့်အချိန် မရောက်သေးကြောင်းနှင့် ပြည်သူများအားလုံး ပျော်ရွှင်ရမည့်အချိန် မကြာမီ ရောက်ရှိလာတော့မည်ဖြစ်ကြောင်း ပြောသည်။

ပြင်သစ်သမ္မတ မက်ခရွန်က ၂၀၂၁ ခု နှစ်ဆန်းပိုင်းတွင် ခက်ခဲမှုများ ဆက်လက်ကြုံတွေ့ရဦးမည်ဖြစ်ပြီး နွေဦးကာလရောက်ရှိသည်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ဆက်လက်ရှိနေနိုင်သေးသည်ဖြစ်ရာ ပြည်သူများအနေဖြင့် ချမှတ်ထားသော စည်းမျဉ်းများနှင့်အညီ နေထိုင်ကြရေးကို ထည့်သွင်းပြောကြားခဲ့သည်။ သို့ရာတွင် ၂၀၂၁ ခုနှစ်အကုန်တွင် ကိုဗစ်-၁၉ ရောဂါ လုံးဝကင်းစင်သွားမည်ဖြစ်ကြောင်း ပြောသည်။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့က စီးပွားရေးပြန်လည်ဦးမော့လာရေး၊ ပုံမှန်အခြေအနေ အမြန်ဆုံးပြန်ဖြစ်လာရေးနှင့် ကပ်ရောဂါလုံးဝကင်းစင်သွားရေးတို့အတွက် ပြည်သူများအကြား စည်းလုံးမှုနှင့် စည်းကမ်းလိုက်နာမှုတို့မှာ အခြေခံအကျဆုံး စည်းမျဉ်းများသာဖြစ်ကြောင်းနှင့် ကမ္ဘာ့သူ ကမ္ဘာ့သားအချင်းချင်း မျှဝေခံစားမှုရှိရေးတို့ကို ထည့်သွင်းပြောကြားခဲ့သည်။

ဩစတြေးလျဝန်ကြီးချုပ် မော်ရစ်ဆင်က ၂၀၂၁ ခုနှစ်အတွင်းမှာပင် နိုင်ငံသားများအားလုံး ကိုဗစ်-၁၉ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးမည်ဖြစ်ပြီး စီးပွားရေးပြန်လည်နာလန်ထူလာရေးအတွက် စီးပွားရေးအခြေပြု မူဝါဒအသစ်များ ထပ်တိုးချမှတ်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။ **ကိုးကား-ကွက်ဇ်၊ ဘာသာပြန်-မေလှဲ့သင်း**

## နိုင်ငံတော်သီချင်းတွင် ဌာနေတိုင်းရင်းသားများအား ကိုယ်စားပြုစာသားဖြည့်စွက်ခြင်းကို ဩစတြေးလျလွှတ်တော် အတည်ပြု

**ကင်ဘာရာ ဇန်နဝါရီ ၁**

ဩစတြေးလျနိုင်ငံတော်သီချင်းတွင် "သစ်လွင်ခြင်း လွတ်လပ်ခြင်း"ဟူသော စာသားကို ပယ်ဖျက်ပြီး အဆိုပါနေရာတွင် "ကျွန်ုပ်တို့ အားလုံး အတူတူပင်ဖြစ်ပြီး ပေါင်းစပ်မှု အင်အားသည် လွတ်လပ်ခြင်း"ဟူသော စာသား အစားထိုးဖြည့်စွက်မှုကို လွှတ်တော်က ယနေ့ အတည်ပြုခဲ့သည်။

ပြောင်းလဲခဲ့သည့် စာသား ယနေ့မှာပင် စတင်အာဏာသက်ဝင် သုံးစွဲမည်ဖြစ်ကြောင်း သိရသည်။ ဩစတြေးလျဝန်ကြီးချုပ် မော်ရစ်ဆင်က "ဩစတြေးလျဆိုတာ လူမျိုးပေါင်း ၃၀၀ ကျော် ဟိုးယခင်အချိန်တွေ ရေတွက်လို့ မရခင်ကတည်းက နေထိုင်ခဲ့တဲ့ နေရာပါ။ ဒါကြောင့် နိုင်ငံတော်သီချင်းက သူတို့ကို ကိုယ်စားပြုမှုရှိရပါမယ်"ဟု ပြောကြားခဲ့သည်။



အဆိုပါစာသားပြောင်းလဲမှုကို နယူးဆောက်ဝေးလ်ပြည်နယ် အုပ်ချုပ်ရေးမှူး ဘာရီဂျီကလင်က စတင်အဆိုပြုခဲ့သည်။ ၎င်းက "လက်ရှိနိုင်ငံတော်သီချင်းက ပထမဆုံးရောက်ရှိအခြေချနေတဲ့ တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုကို လျစ်လျူရှုနေပါတယ်" ဟု ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းတွင် ပြောကြားခဲ့သည်။

အင်္ဂလိပ်တို့လာရောက် အခြေမချခင် လွန်ခဲ့သည့်နှစ်ပေါင်း ၅၀၀၀၀ ကျော်ကတည်းက ဩစတြေးလျတိုက်တွင် ဌာနေတိုင်းရင်းသားများစွာ အခြေချနေထိုင်နှင့်ပြီးဖြစ်သည်။ လက်ရှိကာလတွင် ဌာနေတိုင်းရင်းသားအများစုသည် ဩစတြေးလျ၏ မြောက်ပိုင်းပြည်နယ်၌ အများဆုံးနေထိုင်လျက်ရှိပြီး ဗြိတိန်နှင့် အခြားဥရောပတိုက်သားရွှေ့ပြောင်းလာသူအများစုက ကျန်ပြည်နယ်များ၌ နေထိုင်မှု ပိုမိုများပြားသည်။

ဩစတြေးလျနိုင်ငံသည် ဩစတြေးလျသို့ အင်္ဂလိပ်တို့ စတင်ရောက်ရှိခဲ့သည့် ၁၇၈၈ ခုနှစ် ဇန်နဝါရီ ၂၆ ရက်ကို ကိုယ်စားပြု၍ ဇန်နဝါရီ ၂၆ ရက်ကို "ဩစတြေးလျနေ့"အဖြစ် နှစ်စဉ်ကျင်းပလေ့ရှိသော်လည်း ဌာနေတိုင်းရင်းသားအများစုက အဆိုပါနေ့ကျင်းပမှုကို နှစ်သက်ခြင်းမရှိကြောင်း သိရသည်။

**ကိုးကား -ဆစ်ဒနီမောနင်းဟာရယ်**
**ဘာသာပြန်-မေလှဲ့သင်း**



## ဂျပန်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို နိုင်နင်းစွာထိန်းချုပ်သွားမည်ဟု ဝန်ကြီးချုပ် ဆူဂါ ပြောကြား

**တိုကျို ဇန်နဝါရီ ၁**

ဂျပန်နိုင်ငံအတွင်း ကူးစက်ပျံ့နှံ့လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါကို ကောင်းမွန်နိုင်နင်းစွာ ထိန်းချုပ်သွားမည်ဖြစ်ကြောင်းနှင့် ထိခိုက်သွားသည့် စီးပွားရေးကို ပြန်လည်ဦးမော့လာစေရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ဆူဂါက ၎င်း၏ နှစ်သစ်ကူးမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ပြီး ပြည်သူများ၏ အသက်အိုးအိမ်နှင့် အကျိုးစီးပွားများကို အစွမ်းကုန် ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း ဆူဂါက ဆိုသည်။ တီထွင်ဆန်းသစ်မှု လုပ်ငန်းများ၊ စိုက်ပျိုးရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် ခရီးသွားလုပ်ငန်းများ မူလအခြေအနေပြန်လည်ရောက်ရှိရေးအတွက် အစိုးရအနေဖြင့် ကူညီထောက်ပံ့သွားမည်ဖြစ်ကြောင်း ဆူဂါက ထပ်လောင်းပြောကြားခဲ့သည်။

နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်ပြီး လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသ ဖြစ်ပေါ်လာရေးအတွက် ဂျပန်နိုင်ငံက အမေရိကန်နိုင်ငံနှင့်ပူးပေါင်းကာ ကူညီထောက်ပံ့မှုများပေးသွားမည်ဖြစ်ကြောင်း ဆူဂါက ကတိပြုပြောကြားခဲ့သည်။ ထို့ပြင် နွေရာသီ အိုလံပစ်အားကစားပြိုင်ပွဲနှင့် ပါရာလံပစ်အားကစားပြိုင်ပွဲများ ကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိကြောင်း ဆူဂါက ဆိုသည်။ ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပရမည့် ၂၀၂၀ ပြည့်နှစ် အိုလံပစ်အားကစားပြိုင်ပွဲကို ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် တစ်နှစ်ခန့် ရွှေ့ဆိုင်းထားကြောင်း သိရသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အောင်ကျော်ကျော်**

## ယီမင်နိုင်ငံ အေဒင်နိုင်ငံတကာလေဆိပ် ဒုံးကျည်များဖြင့် တိုက်ခိုက်ခံရ

**အေဒင် ဇန်နဝါရီ ၁**

ယီမင်နိုင်ငံတောင်ပိုင်းရှိ အေဒင်နိုင်ငံတကာလေဆိပ်ကို ယမန်နေ့က ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ရာ ၂၂ ဦး သေဆုံးခဲ့ပြီး ၅၀ ကျော် ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါတိုက်ခိုက်မှုသည် ယီမင်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ လိုက်ပါစီးနင်းခဲ့သည့် လေယာဉ်ဆင်းသက်ပြီးနောက် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လေဆိပ်သို့ ဒုံးကျည်များဖြင့် တိုက်ခိုက်မှုမပြုမီ အချိန်အနည်းငယ်မှာပင် ယီမင်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဆော်ဒီအာရေဗျနိုင်ငံမှ ယီမင်နိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

တိုက်ခိုက်မှုကြောင့် သေဆုံးသူများအနက် နိုင်ငံတကာကြက်ခြေနီ ကော်မတီအဖွဲ့ဝင် သုံးဦးလည်း ပါဝင်ခဲ့ကြောင်း သိရသည်။

ယီမင်နိုင်ငံအတွင်း ဆော်ဒီအာရေဗျအစိုးရထောက်ခံသည့် သမ္မတ မန်ဆော်ဟာဒီ ဦးဆောင်သော အစိုးရအဖွဲ့နှင့် အီရန်ထောက်ခံသည့် ဟူသီသူပုန်များအကြား တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်မှာ ငါးနှစ်ကျော် ကာလအတွင်းသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။

ယီမင်အစိုးရအဖွဲ့ကို ယခုလအတွင်း အသစ်ပြန်လည်ဖွဲ့စည်းခဲ့သည်။ ယခုကျူးလွန်ခဲ့သည့် တိုက်ခိုက်မှုသည် ယီမင်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်သည်ဟု ယူဆသည့်အတွက် တပ်ဖွဲ့ဝင်အားလုံး နိုးနိုးကြားကြားနေရန် ယီမင်အစိုးရက တိုက်တွန်းပြောကြားထားကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# အမေရိကန်၌ ဒီဇင်ဘာလအတွင်း ကာကွယ်ဆေးထိုးနှံပေးနိုင်မှု မျှော်မှန်းအရေအတွက်အောက် များစွာလျော့နည်းခဲ့

**ဆန်ဖရန်စစ္စကို ဇန်နဝါရီ ၁**

အမေရိကန်နိုင်ငံသည် ဒီဇင်ဘာလအတွင်း လူဦးရေ သန်း ၂၀ ကို ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်နေစေရမည်ဟု မျှော်မှန်းထားသော်လည်း လက်တွေ့တွင် နိုင်ငံသား ၂ ဒသမ ၈ သန်းသာ ထိုးနှံပေးနိုင်သဖြင့် ကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့မှုအခြေအနေနှင့် မျှော်မှန်းချက်တို့အကြား ကွာဟချက်ကြီးမားစွာ ဖြစ်ပေါ်ခဲ့သည်။

အမေရိကန် အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးက Pfizer ကာကွယ်ဆေးကို ဒီဇင်ဘာ ၁၄ ရက်တွင် အသုံးပြုရန် အတည်ပြုချက်ပေးခဲ့ပြီးနောက် ၁၈ ရက်အတွင်း ကာကွယ်ဆေး အလုံးရေ သန်း ၄၀ ကို ဖြန့်ချိပေးနိုင်ရန် လျာထားသတ်မှတ်ခဲ့သည်။ ဆေးဝါးခွဲဝေမှုပမာဏတွင် မျှော်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်ခဲ့သော်လည်း ဖြန့်ဖြူးရေးပိုင်းဆိုင်ရာ သယ်ယူပို့ဆောင်မှုတွင် မျှော်မှန်းသလို မဖြစ်ခဲ့ပေ။ အလားတူပင် စောင့်ရှောက်ရေးဂေဟာနေ သက်ကြီးရွယ်အိုများကို ကာကွယ်ဆေးထိုးနှံပေးမှုတွင် ကျန်းအုပ်စုများကို ထိုးနှံပေးခြင်းထက် နှေးကွေးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၃၀ ရက်တစ်ရက်တာအတွင်း ကာကွယ်ဆေး အရေအတွက် ၂ ဒသမ ၂ သန်းကို ဖြန့်ဖြူးပေးခဲ့သော်လည်း ကျန်းမာရေးအထူးစောင့်ရှောက်မှု ရယူထားရသည့် သက်ကြီးရွယ်အို ၁၇၀၀၀၀ ကိုသာ ကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့ကြောင်း ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာ၏ ထုတ်ပြန်ချက်အရ သိရသည်။

ဒီဇင်ဘာလအစောပိုင်းက ၂၀၂၀ ပြည့်နှစ် မကုန်မီမှာပင် ကာကွယ်ဆေးအလုံးရေ သန်း ၄၀ ရရှိနိုင်မည်ဖြစ်သလို လူဦးရေ သန်း ၂၀ ကို ကာကွယ်ဆေးထိုးနှံပြီး ဖြစ်နေစေရန် မျှော်မှန်းခဲ့သည်။ ၂၀၂၀ ပြည့်နှစ် နှစ်ကုန်အရောက်တွင် အမေရိကန်နိုင်ငံသား သန်း ၂၀ ကို ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်နေစေရေး ရည်မှန်းထားချက်က ပကတိအခြေအနေနှင့် နီးစပ်သည့် မျှော်မှန်းချက်တစ်ရပ်သာဖြစ်သည်ဟု ဒီဇင်ဘာ ၄ ရက်တွင် အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့၏ ကော်မရှင်နာ မစ္စတာစတီဖင်ဟန်းက ဆိုသည်။

အမေရိကန် ကူးစက်ရောဂါကျွမ်းကျင်ပညာရှင် ဖော်စီက အမေရိကန်အနေဖြင့် ပြည်ပနိုင်ငံများအတွက်ပါ ဆေးဝါးဖြန့်ဖြူးပေးနေရခြင်းကြောင့် မျှော်မှန်းကာကွယ်ဆေးပမာဏကို အချိန်တိုအတွင်း ထုတ်လုပ်နိုင်မည်လားဆိုသည်မှာ စဉ်းစားစရာရှိကြောင်း ပြောကြားခဲ့သည်။

**ကိုးကား-စီအင်န်အေ**

**ဘာသာပြန်-မေလွဲ့သင်း**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၈၃၉၂၁၉၀၄ | ဦး |
| သေဆုံးသူ | ၁၈၂၈၀၆၃ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၅၉၄၂၄၀၉၅ | ဦး |



# ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ တရုတ်နိုင်ငံ၌ စတင်တွေ့ရှိ

**ပေကျင်း ဇန်နဝါရီ ၁**

ဗြိတိန်နိုင်ငံတွင် စတင်တွေ့ရှိခဲ့သည်ဟု ယူဆရသော ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူတစ်ဦးကို တရုတ်နိုင်ငံတွင် ပထမဆုံးအကြိမ် တွေ့ရှိခဲ့ကြောင်း တရုတ်ကျန်းမာရေးတာဝန်ရှိသူများက ယနေ့ပြောကြားခဲ့သည်။

အဆိုပါဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံထားရသူအမျိုးသမီးသည် အသက် ၂၃ နှစ်အရွယ်ရှိပြီး ဒီဇင်ဘာ ၁၄ ရက်တွင် ဗြိတိန်နိုင်ငံမှ ရှန်ဟိုင်းမြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း တရုတ်ရောဂါထိန်းချုပ်ရေးစင်တာ၏ ဒီဇင်ဘာ ၃၀ ရက်တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတစ်ရပ်အရ သိရသည်။

တရုတ်နိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ချိန်တွင် ရောဂါရှိ၊ မရှိ စစ်ဆေးခဲ့ရာ ၎င်းထံတွင် ပြင်းထန်သော ရောဂါလက္ခဏာများမပြသသော်လည်း ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံထားရသည်ကို စစ်ဆေးတွေ့ရှိခဲ့သည်။

လက်ရှိကူးစက်ပျံ့နှံ့လျက်ရှိသည့် ကိုရိုနာဗိုင်းရပ်စ်ထက် ၇၀ ရာခိုင်နှုန်း ပိုမိုကူးစက်မှုမြန်ဆန်သည့် ဗီဇပြောင်းဗိုင်းရပ်စ်တစ်မျိုး ဗြိတိန်နိုင်ငံတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့်အတွက် ကမ္ဘာ့နိုင်ငံပေါင်း ၅၀ ကျော်က ဗြိတိန်နိုင်ငံမှ လေကြောင်း ခရီးစဉ်များကို ယာယီပိတ်ပင်ထားသည်။

တရုတ်နိုင်ငံက ဗြိတိန်နိုင်ငံမှ လေကြောင်းလိုင်းများကို ဒီဇင်ဘာ ၂၄ ရက်မှစတင်ပြီး ပိတ်ပင်ခဲ့သည်။

**ကိုးကား- စီအင်န်အေ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# ဖိလစ်ပိုင်၌ ဗီဇပြောင်းဗိုင်းရပ်စ်ထိန်းချုပ်ရန် အမေရိကန်မှလာသော ခရီးသည်များအား တားမြစ်ပိတ်ပင်

**မနီလာ ဇန်နဝါရီ ၁**

ဖိလစ်ပိုင်အစိုးရသည် အမေရိကန်ပြည်ထောင်စု၌ မျိုးဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်သစ်တွေ့ရှိခဲ့ပြီးနောက် အမေရိကန်မှလာသော ခရီးသည်များအား ဇန်နဝါရီ ၃ ရက်မှစ၍ နိုင်ငံအတွင်း ဝင်ရောက်ခြင်းကို တားမြစ်ပိတ်ပင်ထားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်သမ္မတရုံး ပြောရေးဆိုင်ခွင့်ရှိသူ ဟာရီရော့ခ်က ယနေ့ပြောကြားသည်။

**တားမြစ်ပိတ်ပင်သွားမည်ဖြစ်**

အမေရိကန်မှလာသောခရီးသည်များ သို့မဟုတ် လွန်ခဲ့သည့် နှစ်ပတ်အတွင်း အမေရိကန်သို့ ခရီးသွားရာဇဝင်ရှိခဲ့ပြီး ဖိလစ်ပိုင်သို့ ရောက်ရှိလာသော နိုင်ငံခြားသားခရီးသည်များအား ဇန်နဝါရီ ၃ ရက် ဒေသစံတော်ချိန် နံနက် ၁၂ နာရီ ၁ မိနစ်မှစ၍ ဇန်နဝါရီ ၁၅ ရက်အထိ နိုင်ငံအတွင်း ဝင်ရောက်ခြင်းကို တားမြစ်ပိတ်ပင်သွားမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ထို့အပြင် အမေရိကန်မှလာသော နိုင်ငံခြားသားခရီးသည်များ သို့မဟုတ် အမေရိကန်သို့ ခရီးသွားရာဇဝင်ရှိခဲ့ပြီး ဇန်နဝါရီ ၃ ရက် ဒေသစံတော်ချိန် နံနက် ၁၂ နာရီ ၁ မိနစ်မတိုင်မီ ၁၄ ရက်အတွင်း ဖိလစ်ပိုင်သို့ ရောက်ရှိသောနိုင်ငံခြားသားခရီးသည်များကို ပြည်ဝင်ခွင့်ပြုမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

သို့သော် အဆိုပါခရီးသည်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါမရှိကြောင်း အထောက်အထားများ ပြသနိုင်ခဲ့သည့်တိုင် အစိုးရကသတ်မှတ်ထားသည့် ကျန်းမာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ စောင့်ကြည့်ရေးစင်တာများတွင် ၁၄ ရက်ကြာ စောင့်ကြည့်မှုခံယူရမည်ဖြစ်ကြောင်း ရော့ခ်က ပြောကြားသည်။

ဇန်နဝါရီ ၃ ရက်ပြီးနောက် နိုင်ငံအတွင်းသို့ ပြန်လာသော ဖိလစ်ပိုင်နိုင်ငံသားခရီးသည်များကို နိုင်ငံအတွင်း ဝင်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်အစိုးရသည် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုထိန်းချုပ်ရန် အမေရိကန်ပြည်ထောင်စု အပါအဝင် နိုင်ငံနှင့် ဒေသပေါင်း ၂၁ ခုမှ ခရီးသည်များအား နိုင်ငံအတွင်း ဝင်ရောက်ခြင်းကို ၁၄ ရက်ကြာ ယာယီတားမြစ်ပိတ်ပင်ထားသည်။

**သက်တမ်းထပ်တိုး**

ဖိလစ်ပိုင်အစိုးရသည် ဗြိတိန်နိုင်ငံ၌ မျိုးဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်သစ်တွေ့ရှိခဲ့ပြီးနောက် ဗြိတိန်မှလာသော နိုင်ငံခြားသားခရီးသည်များကို ဒီဇင်ဘာ ၂၄ ရက်မှ ၃၁ ရက်အထိ ယာယီတားမြစ်ပိတ်ပင်ထားသည်။ သို့သော် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်သစ် အခြေအနေပေါ်မူတည်၍ နိုင်ငံနှင့် ဒေသပေါင်း ၂၀ မှ လေကြောင်းလိုင်းများအား နိုင်ငံအတွင်း ဝင်ရောက်ခြင်းမှ တားမြစ်ပိတ်ပင်မှုကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၅ ရက်အထိ သက်တမ်းထပ်တိုးလိုက်သည်။

လက်ရှိအချိန်အထိ ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၇၅၈၂၀ ရှိပြီး ၎င်းတို့အနက် ၉၂၄၈ ဦးသည် အဆိုပါ ရောဂါကြောင့် သေဆုံးခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**

# ဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လာသဖြင့် ဗန်ကောက်မြို့ရှိ စာသင်ကျောင်းများ နှစ်ပတ်ကြာပိတ်ထားမည်

**ဗန်ကောက် ဇန်နဝါရီ ၁**

ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုလှိုင်းသစ်ထိန်းချုပ်မည့် အစီအမံများ တင်းကျပ်မှုအဖြစ် ထိုင်းနိုင်ငံ၏ မြို့တော် ဗန်ကောက်မြို့က နှစ်သစ်ကူးအားလပ်ရက်ပြီးလျှင် စာသင်ကျောင်းများအားလုံး နှစ်ပတ်ကြာ ပိတ်ထားမည်ဖြစ်သည်။

ထိုင်းနိုင်ငံတွင် ယနေ့ ကိုဗစ်-၁၉ ရောဂါ ကူးစက်သူ ၂၇၉ ဦးရှိခဲ့ရာ ကူးစက်မှုအများစုက ဗန်ကောက်မြို့တော်တောင်ဘက် စမတ်ဆခွန်ပြည်နယ်ရှိ ရွှေ့ပြောင်းအလုပ်သမားများ အစုလိုက်ကူးစက်မှု အပါအဝင် အရှေ့ပိုင်းရှိ ရာယောင်းပြည်နယ်မှ တရားမဝင် လောင်းကစားဝိုင်းများနှင့် ဆက်စပ်နေကြောင်း တွေ့ရှိရသည်။ "ကျောင်းသား ကျောင်းသူတွေ၊ အခြားဝန်ဆောင်မှုလုပ်ငန်းတွေနဲ့ပတ်သက်တဲ့ ဗိုင်းရပ်စ်ကူးစက်မှုသစ်တွေကို ကျွန်တော်တို့ စတင်ခြေရာခံနေပါပြီ"ဟု ဗန်ကောက်မြို့တော် အုပ်ချုပ်ရေး အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ပွန်ဆာကွန်ကွမ်မောင်က ပြောသည်။

**ဆွေးနွေးမှုများပြုလုပ်ရန် လိုအပ်**

စာသင်ကျောင်းများအားလုံးကို ဇန်နဝါရီ ၄ ရက်မှ ၁၇ ရက်အထိ နှစ်ပတ်ကြာ ပိတ်ထားမည်ဖြစ်ပြီး ကစားကွင်း၊ ရေချိုးကန်နှင့် အနှိပ်ခန်းများကို ဇန်နဝါရီ ၂ ရက်မှစ၍ ပိတ်ထားမည်ဟု ၎င်းက ပြောသည်။ ဗန်ကောက်မြို့တော်ရှိ စားသောက်ဆိုင်များ၌ ဆိုင်ထိုင်စားသုံးမှုအပေါ် ကန့်သတ်ချက်များနှင့်ပတ်သက်၍ အစိုးရ ကိုဗစ်-၁၉ အထူးလုပ်ငန်းအဖွဲ့နှင့် ဆွေးနွေးမှုများပြုလုပ်ရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ထိုင်းနိုင်ငံ၌ ယနေ့ ကိုဗစ်-၁၉ ရောဂါကြောင့် လူနှစ်ဦးသေဆုံးခဲ့ရာ သေဆုံးသူပေါင်း ၆၃ ဦးနှင့် အတည်ပြုကူးစက်လူနာ ၇၁၆၃ ဦးအထိ ရှိလာခဲ့သည်။

**ကိုးကား-စီအင်န်အေ**

**ဘာသာပြန်-ကျော်ထိုက်စိုး**




# Pfizer ကာကွယ်ဆေးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အတည်ပြု

**ဇူးရစ် ဇန်နဝါရီ ၁**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် Pfizer ကာကွယ်ဆေးကို ယမန်နေ့က အရေးပေါ်အခြေအနေအသုံးပြုရန်အတွက် အတည်ပြုခဲ့ခြင်းကြောင့် Pfizer ဆေးကို ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ပါ ရရှိနိုင်ရေး ခြေလှမ်းသစ်တစ်ရပ် ရှေ့တိုးနိုင်ခဲ့သည်။

စည်းမျဉ်းပိုင်းစိစစ်ရေးဆိုင်ရာ ရင်းမြစ်ပြည့်စုံမှုမရှိသည့် ဆင်းရဲသည့်နိုင်ငံများ ကာကွယ်ဆေးရရှိမှုတွင် ကျန်ရစ်ခဲ့ခြင်းမျိုးမရှိစေရန် အရေးပေါ်အသုံးပြုနိုင်သည့်ဆေးစာရင်းဆိုင်ရာ အစီအစဉ်တစ်ရပ်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆောင်ရွက်နေခြင်းဖြစ်သည်။ အလားတူ ကာကွယ်ဆေးဖြန့်ချိပေးရေးအတွက် COVAX အစီအစဉ်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကပ်ရောဂါအတွက် ပြင်ဆင်ရေးနှင့် ဆန်းသစ်တီထွင်ရေးအဖွဲ့တို့ ပူးပေါင်းကာ ထူထောင်ထားပြီးဖြစ်သည်။

ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် ထိရောက်မှုတို့ကို အခြေပြုကာ ကာကွယ်ဆေးကို စိစစ်ခဲ့ခြင်းဖြစ်ပြီး Pfizer ဆေးက အဆိုပါ အရည်အသွေးများပြည့်စုံမှုရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ကာကွယ်ဆေးရရှိရန် ပိုမိုနီးစပ်လာသည့်ခြေလှမ်းဖြစ်ကြောင်း၊သို့ရာတွင် ကမ္ဘာ့လူဦးရေအားလုံးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဖြန့်ဖြူးပေးနိုင်ဖွယ်မရှိသောကြောင့် ဦးစားပေး ထိုးနှံပေးရမည့် အုပ်စုလူဦးရေစာရင်းကို နိုင်ငံများအားလုံး ပြင်ဆင်ထားရန်လိုအပ်ကြောင်း ကာကွယ်ဆေးရရှိမှုအစီအစဉ်၏ ခေါင်းဆောင်ဖြစ်သူ မာရီယန်ဂီလာက ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဦးဆောင်သည့် COVAX အစီအစဉ်သည် ယခုနှစ်ဦးပိုင်းမှာပင် ပထမအသုတ်အဖြစ် ဆေးအလုံးပေါင်း နှစ်ဘီလီယံကို ဖြန့်ချိပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား- စီအင်န်အေ၊ ဘာသာပြန်-မေလွဲ့သင်း**







## ကျောက်ပန်းတောင်းမြို့၌ ဆိုင်ကယ်နှစ်စီး တိုက်၍ တစ်ဦးသေဆုံး

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ အရှေ့မြို့ပတ်လမ်း(မြို့ရှောင်လမ်း)တွင် ယနေ့ နံနက် ၃ နာရီက ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိကြရာ တစ်ဦးမှာ နေရာတွင်သေဆုံးခဲ့ပြီး နှစ်ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်ပန်းတောင်းမြို့ အရှေ့မြို့ပတ်လမ်း(မြို့ရှောင်လမ်း)တွင် တောင်မှမြောက်သို့ ဦးထွန်းထွန်းသီရိမင်္ဂလာရပ်ကွက်နေသူမောင်းနှင်ပြီး ကိုမောင်မောင်စီးနင်းလာသော ဆိုင်ကယ်နှင့် အရှေ့မြို့ပတ်လမ်းအတိုင်း မြောက်မှတောင်သို့ ကိုဝင်းနိုင် ပြည်တော်သာရပ်ကွက် ကျောက်ပန်းတောင်းမြို့နေသူ မောင်းနှင်လာသော ဆိုင်ကယ်တို့ လမ်းမအလယ်၌ မျက်နှာချင်းဆိုင် တိုက်မိရာ ကိုဝင်းနိုင်မှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကာ ကျန်နှစ်ဦးမှာ ပြင်းထန်ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ် မဆင်မခြင် မောင်းနှင်သူများအား ကျောက်ပန်းတောင်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

■

## မီးလောင်သေဆုံးနေသော အမျိုးသားတစ်ဦး ပြည်-ရွှေဘုံသာကားလမ်းဘေး၌ တွေ့ရှိ

**ပန်းတောင်း ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ညောင်ပင်သာကျေးရွာအနီး ပြည်-ရွှေဘုံသာ ကားလမ်းဘေး ကုန်းဆင်းကွေ့တွင် ယနေ့ နံနက် ၅ နာရီခန့်က အမျိုးသားတစ်ဦး မီးလောင်သေဆုံးနေသည်ကို တွေ့ရသည်။

ဖြစ်စဉ်မှာ အမျိုးသားတစ်ဦး ဆိုင်ကယ်တိမ်းမှောက်၍ မီးလောင်သေဆုံးနေကြောင်း သတင်းအရ ပန်းတောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ရာသို့ သွားရောက် စစ်ဆေးခဲ့ရာ ပြည်-ရွှေဘုံသာ ကားလမ်းဝဲဘက်ဘေး ညောင်ပင်သာကျေးရွာအနီး ကုန်းဆင်းကွေ့၌ မီးလောင်ထားသည့် ဆိုင်ကယ်မှာ ပြည်မြို့ဘက်သို့ ဦးတည်ပြီး ဆိုင်ကယ်၏ ယာဘက်နှစ်ပေခန့်အကွာ၌ အမျိုးသားတစ်ဦး မီးလောင်သေဆုံးနေသည်ကို တွေ့ရသည်။

ဆက်လက်စုံစမ်းစစ်ဆေးခဲ့ရာ သေဆုံးသူမှာ စိုးဝင်းသူ(ခ) ကျန်ကျောင်း ပန်းတောင်းမြို့နယ် ရွှေဘုံသာအုပ်စု ညောင်ပင်သာကျေးရွာနေသူဖြစ်ပြီး ယနေ့ နံနက် ၀၀:၃၀ နာရီခန့်က ပြည်မြို့သို့အသွား ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ပန်းတောင်းမြို့မရဲစခန်းက ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဇော်ရှင်း**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဇန်နဝါရီ ၂ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် လောက၌ အားအကိုးရဆုံးနှင့် သစ္စာအရှိဆုံး မိတ်ဆွေစစ်သည် အတတ်ပညာသာဖြစ်ကြောင်း ပညာပေးတင်ဆက်ထားသည့် "မိတ်ဆွေစစ်" မျက်နှာဖုံးကာတွန်း၊ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် ကျရောက်မည့် (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့အကြောင်းကို ဂုဏ်ပြုတင်ဆက်ထားသည့် "လွတ်လပ်ရေးနေ့တို့မမေ့" သုတဆောင်းပါး၊ လူအများနှင့် ပေါင်းသင်းဆက်ဆံရာတွင် ယဉ်ကျေးပျူငှာစွာ ဆက်ဆံတတ်စေရန်နှင့် ရွှေသွေးတို့ ဗဟုသုတ တိုးပွားစေရန်အတွက် တင်ဆက်ထားသည့် "ပျူပျူငှာငှာ လူတကာကို" သုတကဏ္ဍ၊ ကလေးတို့ ဉာဏ်ရည်ထက်မြက်စေရန် ရုပ်ပုံနှင့်တကွ တင်ဆက်ထားသည့် "ဖိုးချွန်ကို သူ့ခွေးလေးဆီ ရောက်အောင်လမ်းပြပေးလိုက်ပါဦးနော်" ဉာဏ်စမ်းကဏ္ဍ၊ အရာရာကို စူးစမ်းဆင်ခြင်စိတ်ရှိသောကြောင့် အန္တရာယ်မှ လွတ်မြောက်ခဲ့ရသည့် ယုန်ကလေးအကြောင်းကို ပညာပေးသရုပ်ဖော်တင်ဆက်ထားသည့် "စူးစမ်းတတ်တဲ့ ယုန်ကလေး" နှစ်မျက်နှာကာတွန်း၊ စကားကိုပြီးဆုံးအောင်




နားမထောင်ဘဲ အလုပ်ကိုဆိုးဆိုးဆတ်ဆတ် ထလုပ်တတ်သည့် မောင်ငြိမ်၏ အကျင့်ဆိုးကြောင့် သူ့ဖခင်၏ အပြစ်ပေးခံရပုံအကြောင်းကို ရေးဖွဲ့ထားသည့် "မောင်ငြိမ် ဒေါင်းပုန်းသွား" ကလေးဝတ္ထု၊ ကလေးတို့ ပေးပို့သော ကာတွန်းလက်ရာများကို ဖော်ပြပေးထားသည့် "ရွှေသွေးတို့ လက်ရာကဏ္ဍ၊ အင်္ဂလိပ်စာကဏ္ဍ၊ ကဗျာကဏ္ဍ" စုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများပါရှိကြောင်း သိရသည်။

**သတင်းစဉ်**


သိမ်းဆည်းရမိသည့် ငွေကျပ် ၁ ဒသမ ၅၇၅ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူများကို တွေ့ရစဉ်။

## တာချီလိတ်၊ နောင်ချိုနှင့် ကလောမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၉ နာရီခွဲတွင် တာချီလိတ်မြို့နယ် ဖန်မင်အုပ်စု ပါဝုန်းကျေးရွာအနီးရှိ လမ်းဘေးလယ်ကွင်းစပ်ရှိ ကောက်ရိုးပုံအောက်တွင် မသင်္ကာဖွယ်အထုပ်များ တွေ့ရှိကြောင်းသတင်းအရ သွားရောက်စစ်ဆေးရှာဖွေရာ ငွေကျပ် ၁ ဒသမ ၅၇၅ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၁၀၅ ကီလိုကို လည်းကောင်း။

ထို့အတူ ယင်းနေ့ ညနေ ၅ နာရီ မိနစ် ၄၀ တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် မူဆယ်-မန္တလေးသွားကားလမ်း မိုင်တိုင်အမှတ်(၈၀/၄)တွင် စိုင်းကျော်ထွန်း(ခ) ရှမ်းလေး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၅၀ ကိုလည်းကောင်း။

အလားတူ ယနေ့ နံနက် ၂ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် နန်းတိုင်းကျေးရွာအုပ်စု နန်းတိုင်းကျေးရွာအနီး နန်းတိုင်း-ရွာသစ်ကုန်းကျေးရွာသွားလမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ ထွန်းရီနှင့် ကျော်အောင်တို့ နှစ်ဦးကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရှေ့နေနှင့် နှစ်သစ်ခရီး

ဦးဟန်ညွန့် (ဥပဒေ)

**နိဒါန်း**

"ဆရာ"

"ဗျာ"

"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်ကဘာလဲဆရာ"

"ရှေ့နေနှင့် နှစ်သစ်ခရီးပါတဲ့"

"ဘာအဓိပ္ပာယ်လဲဆရာ"

"၂၀၂၁ ခုနှစ်ကိုကြိုဆိုတဲ့ အထိမ်းအမှတ်အဖြစ် ရေးချင်တာပါ"

"ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ်ကို နှုတ်ဆက်တဲ့သဘောလားဆရာ"

"ဟုတ်ပါတယ်၊ ၂၀၂၀ အကုန် ၂၀၂၁ ကို နှစ်သစ်အဖြစ် ကြိုဆိုကြရမှာဖြစ်ပါတယ်။ ဘယ်လိုကြိုဆိုရမယ်ဆိုတာ ကျွန်တော်တွေးမိရေးမိလို့ပါ"

"စိတ်ဝင်စားပါတယ်ဆရာ"

"ကိုင်း....ဒါဖြင့် ဖတ်ကြည့်ကြစို့"

**နှစ်သစ်**

၂၀၂၀ ပြည့်နှစ်ကျော်ခဲ့ပြီ။ ၂၀၂၁ ခုနှစ်ရောက်ပြီ။ ရှေ့သို့ချီမည်။ နောက်ပြန်မလှည့်။ ပြီးခဲ့ပြီးသော အတိတ်။ ကုန်ဆုံးပြီးသောအချိန် ပြန်ယူ၍မရ။ ပြန်လည်တမ်းတနေ၍မရ။ နှောင်းမှရသောနောင်တ။ ပြီးခဲ့သောကာလက ဘာအမှားတွေလုပ်ခဲ့သလဲ။ ထိုအမှားများ၏ သင်ခန်းစာကို သာပြန်လည်သုံးသပ်။ ၂၀၂၁ မှာ ထပ်မမှားစေနှင့်။ စွဲမြဲသတိရှိသင့်ပြီ။ ဆင်ခြင်ကြည့်ကြစို့။ ဤအချိန်သည် တတိယ အကြိမ်ပြည်သူ့လွှတ်တော်သက်တမ်းကို ၂၀၂၁ နှစ်ဆန်းပိုင်းတွင် စတင်မည့်အချိန်။ အစိုးရသစ် ဖွဲ့စည်းမည့်အချိန်လည်းဖြစ်သည်။ အများအသိပါ။

**အမျိုးသားနေ့**

အမျိုးသားနေ့ကို ဘယ်တော့မှ မမေ့ပါ။ ၁၉၂၀ ပြည့်နှစ်တွင် အင်္ဂလိပ်အစိုးရလက်အောက် ကျရောက်ခဲ့သည်။ ရန်ကုန်ကောလိပ်နှင့် ယုဒသဃန်ကောလိပ် ပူးပေါင်း၍ တက္ကသိုလ်အဆင့် တိုးမြှင့်ရန်စီစဉ်သည်။ တက္ကသိုလ်အက်ဥပဒေကတင်းကျပ်ထားသည်။ ဆင်းရဲနွမ်းပါးသူအများ၏သားသမီးများ ကျောင်းမတက်နိုင်။ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက်တွင် ကောလိပ်ကျောင်းသားများက တက္ကသိုလ်အက်ဥပဒေကို ဆန့်ကျင်သပိတ်မှောက်သည်။ အမျိုးသားရေးစိတ်ဓာတ်၊ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်များမြင့်မားခဲ့သည်။ အမျိုးသားကျောင်းများပေါ်ပေါက်ခဲ့သည်။ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့သည် အမျိုးသားနေ့ ဖြစ်လာသည်။

**ပြည်ထောင်စု**

လွတ်လပ်သောပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ညီညွတ်မှုရှိရမည်ဖြစ်သည်။ သို့သော်ငြား တိုင်းရင်းသားများအချင်းချင်း စစ်ခင်းမှုများနှင့် ကြုံခဲ့သည်။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပင်လုံညီလာခံကျင်းပခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ခေါင်းဆောင်များနှင့် တောင်တန်းဒေသမှခေါင်းဆောင်များ စုစည်းဆွေးနွေးခဲ့ကြသည်။ လွတ်လပ်ရေးကို အတူတကွ ရယူခဲ့ကြသည်။ တန်းတူညီမျှ စည်းလုံးညီညွတ်စွာနေထိုင်တော့မည်ဟူသောသန္နိဋ္ဌာန်ဖြင့် ပင်လုံစာချုပ်ကြီးကိုလက်မှတ်ရေးထိုးခဲ့ကြသည်။ သမိုင်းဝင် နေ့ထူးနေ့မြတ်ကြီးဖြစ်ပေသည်။

**မြန်မာ့လွတ်လပ်ရေး**

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျွန်တော်တို့မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည်။ တိုင်းရင်းသားအပေါင်းတို့၏သွေး၊ ချွေးဖြင့်ရရှိခဲ့ခြင်းဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက် လက်နက်ကိုင်ပဋိပက္ခများပေါ်ပေါက်ခဲ့သည်။ ငြိမ်းချမ်းရေးပျက်ပြားခဲ့သည်။ နိုင်ငံတော်တည်ဆောက်ရေး ချို့ယွင်းအားနည်းခဲ့သည်။ သင်ခန်းစာယူစရာတွေအများကြီးဖြစ်သည်။ ညီညွတ်မှုပြိုကွဲခဲ့သည်။ သေနတ်သံများဆူညံခဲ့သည်။ ပြည်ထောင်စုစိတ်ဓာတ်ကင်းပျောက်ခဲ့သည်။ ငြိမ်းချမ်းရေးနှင့် အလှမ်းကွာဝေးခဲ့သည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ စည်းလုံးညီညွတ်မှု ပြိုကွဲခဲ့သည်။

**ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်**

ကိုလိုနီနယ်ချဲ့လက်အောက်ကျရောက်ခဲ့သော မြန်မာပြည်သည် စနစ်အမျိုးမျိုး၊ အုပ်ချုပ်မှုပုံစံအဖုံဖုံကို တွေ့ကြုံခဲ့ရသည်ဖြစ်သည်။ ခေတ်အမျိုးမျိုး၊ စနစ်အမျိုးမျိုးကိုလည်း ဖြတ်သန်းခဲ့ရပြီဖြစ်သည်။

ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် (Good Gover – nance) ဆိုသည်မှာ နိုင်ငံတစ်ခု၏ ရေရှည်ဖွံ့ဖြိုးမှုတွင် မရှိမဖြစ် အလွန်အရေးပါသည်။ Good Governance ရှိ မရှိ ဆိုသည်မှာ လူ့အခွင့်အရေးကို မည်သည့်အတိုင်းအတာအထိပြည့်ဝအောင် ဆောင်ရွက်ပေးနိုင်သနည်းဆိုသည့် အချက်အပေါ် မူတည်နေသည်။ ဆိုလိုသည်မှာ လူတို့၏ အခြေခံမရှိမဖြစ်အရာများဖြစ်သော စား၊ ဝတ်၊ နေရေး ပြေလည်စေရန်အတွက်လုံလောက်သောစားနပ်ရိက္ခာ (Sufficient Food)၊ ကျန်းမာရေးစောင့်ရှောက်မှုအခွင့်ရေး (Rights to Health)၊ လုံလောက်သောအိမ်ရာ(Adequate Housing)၊ အရည်အသွေးပြည့်ဝသည့်ပညာရေး(Quality Education)၊တရားမျှတမှုနှင့် ပုဂ္ဂိုလ်ရေးရာလုံခြုံမှု(Fair, Justice and Personal Security) စသည့်ကဏ္ဍများတွင် အုပ်ချုပ်မှုအဖွဲ့အစည်းများအနေဖြင့် ထိရောက်စွာ စွမ်းဆောင်နိုင်စွမ်း ရှိ၊ မရှိတို့ဖြင့် တိုင်းတာနိုင်သည်။

**လောကပါလတရား**

တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများသည် မြန်မာပြည်သူအပေါင်း၏မြတ်နိုးဖွယ်သန္နိဋ္ဌာန်ဖြစ်သည်။ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်သည် ပြည်ထောင်စုစိတ်ဓာတ်ဖြစ်သည်။ ပြည်သူအပေါင်းသည် ထာဝစဉ်စည်းလုံးညီညွတ်ကြသည်။ အတူတကွ လက်တွဲကြမည်။ ကမ္ဘာ့ငြိမ်းချမ်းရေးကို ထောက်ခံသည်။ နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်ပေါင်းသင်းဆက်ဆံသည်။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူများကို အစဉ်စောင့်ထိန်းသည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်သည်။




**ဘိုးဘွားအမွေ**

မြန်မာ့မြေသည် ဘိုးဘွားအမွေဖြစ်သည်။ မြန်မာ့ရေသည် ဘိုးဘွားအပိုင်ဖြစ်သည်။ ဘိုးဘွားအမွေအနှစ် ပြည်ထောင်စုအမွေအစစ်ကို အစဉ်တည်တံ့အောင် တိုင်းရင်းသားပြည်သူအပေါင်းက ထိန်းသိမ်းကာကွယ်ကြရမည်ဖြစ်သည်။ ဤသည်မှာ အမျိုးသားကာကွယ်ရေးမူဝါဒပင်ဖြစ်သည်။

**အာဇာနည်နေ့**

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့ကြရသည်။ ထိုနေ့ကို အာဇာနည်နေ့ဟုခေါ်သည်။ တစ်မျိုးသားလုံးကြေကွဲရသည်။ တစ်နိုင်ငံလုံးမျက်ရည်မိုးရွာသွန်းဖြိုးခဲ့သည်။ လူသတ်လက်နက်ဖြင့် အာဇာနည်တို့ ကျဆုံးသည်။ လူမသမာတို့ကရာဇဝင်ရိုင်းသောပြစ်မှုကိုကျူးလွန်ကြသည်။ တရားဥပဒေအရမိုက်ပြစ်ကိုခံခဲ့ကြရပြီ။ သို့သော်ငြား ပြည်သူအများ စိတ်မချမ်းသာ။ လက်နက်အားကိုးဖြင့် လူသတ်ခြင်းမှာ ဘယ်သူကမှ လက်ခံသောဝါဒမဟုတ်။ လူသတ်ခြင်းဖြင့် မူဝါဒကိုမပျက်စီးနိုင်။ ဤတစ်သက်တွင် လက်နက်အားကိုး ထိုဆိုးကျိုးကိုပြည်သူတို့ ရွံ့ရှာမုန်းတီးခဲ့ကြသည်သာ ဖြစ်သည်။ သင်ခန်းစာအလီလီ။

**သေနတ်သံများ**

လက်နက်အားကိုးဖြင့် စစ်ပွဲများဆင်နွှဲနေဆဲ။ အမြောက်သံ၊ သေနတ်သံ၊ ကျည်ဆန်၊ ယမ်းငွေ့တဝေဝေတို့မှာ ယနေ့တိုင်ကြုံတွေ့ရင်ဆိုင်နေရဆဲ။ တိုက်ပွဲရှောင်ပြည်သူအများကိုကြည့်ပြီး မည်သူမျှ စိတ်မချမ်းသာ။ ငြိမ်းချမ်းရေးတေးသံသာဘယ်မှာကြားရမည်လဲ။ လူထုကြားထဲ ကြည်ကြည်လင်လင်မမြင်ရသေး။ မကြားရသေး။ ဆွေးနွေးအဖြေရှာနေသူများ ပင်ပန်းလှပါပြီ။

**ညီညွတ်ခြင်း**

ညီညွတ်ခြင်း၏အနှစ်သာရကို မညီမညွတ်ဖြစ်ကြမှ ပို၍သိရသည်။ သင်ခန်းစာရသည်။ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းရှိရမည်။ အလွန်တန်ဖိုးရှိသောသည်းခံခြင်းနှင့် ခွင့်လွှတ်ခြင်းမရှိပါက ပန်းတိုင်သို့မရောက်နိုင်။ ရန်ကိုရန်ချင်းတုံ့နှင်းနေပါက စစ်ပွဲများနှင့်သာ ကြုံတွေ့ရမည်။ လက်နက်အားကိုးဖြင့် ရှေ့သို့တိုးလေ၊ ရန်မီးပွားလေဖြစ်သည်။ လက်စားချေခြင်း၊ အငြိုးထားခြင်း၊ တိုက်ခိုက်ခြင်းများဖြင့် ငြိမ်းချမ်းရေးရမည်မဟုတ်။ ညီညီညွတ်ညွတ်တိုင်ပင်ကြ။ ညှိနှိုင်းကြဖို့အရေးကြီးသည်။ လက်တွေ့ဘဝများက ထောက်ပြနေပြီမဟုတ်လော။

**အခြေခံအကြောင်း**

မညီညွတ်ခြင်း၏ အခြေခံအကြောင်းမှာ ဒေါသကို အခြေခံသည်။ ငြင်းကြ၊ ခုံကြသည်။ ခိုက်ရန်ဒေါသ ဖြစ်ကြသည်။ တစ်ဦးနှင့်တစ်ဦး သည်းမခံ။ ခွင့်မလွှတ်။ ဒေါသကိုသာအခြေခံသည်။ ကွဲပြားခြားနားမှုများကိုသာထောက်ပြကြသည်။ တူညီမှုကိုမမြင်နိုင်ကြ။ ကောင်းကျိုးချမ်းသာကိုမမျှော်မှန်း။ စိတ်ချမ်းသာမှုကိုမရှာဖွေ။ ကိုယ်ရေးကိုယ်တာကိုဦးစားပေး။ ပုဂ္ဂလိကအမြင်ကိုလက်မလွှတ်။ နှစ်ဦးနှစ်ဖက် မကြည့်နိုင်။ နှစ်ဖက်အမြင်မရှိ။ တစ်ဖက်သတ်အမြင်သာရှိသည်။ မေတ္တာကင်းသည်။ သစ္စာမဲ့သည်။ သင်ခန်းစာဘယ်မှာရမည်လဲ။ အဖြေမှန် ဘယ်တော့ရမည်လဲ။

**လက်စားချေခြင်း**

သူ့အပြစ်၊ ကိုယ့်အပြစ် ရှာကြသည်။ မတွေ့တွေ့အောင်ရှာသည်။ တွေ့ပြန်တော့လည်း လက်စားချေဖို့သာဦးစားပေးသည်။ ပြေငြိမ်းဖို့ မစဉ်းစား။ စစ်ပွဲများကိုသာ အလေးထားသည်။ သစ္စာတရားမရှိ။ ကြည်လင်ပြတ်သားမှုမရှိ။ အပြစ်ရှာရန်လိုမှုသာများသည်။ ဘယ်အချိန်မှာငြိမ်းချမ်းရေးရမည်လဲ။

**အမှားကိုပြန်လည်သုံးသပ်**

ငါ့အမှားဘာလဲ။ ငါ့အမှားကိုမမြင်။ သူ့အမှားကိုသာမြင်သည်။ ကိုယ်ကျိုးသာကြည့်သည်။ တစ်ပါးသူအကျိုးကို မမြင်။ ထိုအခါ အေးချမ်းမှုမရှိ။ ငြိမ်းချမ်းရေးမရှိ။ ရန်သူသာရှိသည်။ မိတ်ဆွေမရှိ။ အမှားကိုဘယ်အချိန်သိကြမှာလဲ။ ရိုးရိုးသားသားရှာဖို့၊ သိဖို့ အချိန်တန်ပြီ။

**မှန်ထဲပြန်ကြည့် ပို၍သိ**

ကိုယ့်ကိုယ်ကိုယ်မှန်ထဲပြန်ကြည့်၊ ပို၍သိမည်။ သူတစ်ပါးမျက်ချေးကိုသာမြင်၊ကိုယ့်မျက်ချေးကိုကိုယ်မမြင်တတ်တာသဘာဝမို့ မှန်ထဲပြန်ကြည့်ကြစို့။ ငါဘာမှားနေလဲ။ ငါ့အပြစ်ဘာလဲ။ သဲကွဲပါသလား။ သဲသဲကွဲကွဲဖြစ်မှ စွဲစွဲမြဲမြဲ တာဝန်ကျေမည်။

**မူမှန်၊ လမ်းမှန်၊ စေတနာမှန်**

နှစ်သစ် ၂၀၂၁ မှာ ဘာလုပ်မှာလဲ။ ဘယ်လမ်းသို့ လျှောက်မည်လဲ။ ဘယ်မူဝါဒလဲ။ မူမှန်၊ လမ်းမှန်၊ စေတနာမှန်ဖို့ အဓိကပါပဲ။ ညီညွတ်ဖို့ အဓိကပါပဲ။ အမှားတွေပြင်ပြီး အမှန်တွေမြင်ဖို့ အလုပ်လုပ်ကြပါစို့။

**ပြည်သူ့ကိုယ်စားလှယ်ကြီးများ**

ပြည်သူ့ကိုယ်စားလှယ်ကြီးများကို ပြည်သူတို့ စိတ်ကြိုက်ရွေးချယ်ခဲ့ပြီးပြီ။ ရွေးကောက်ပွဲမတိုင်မီက တစ်မျိုး။ အရွေးခံရပြီးတော့တစ်ဖုံ။ အချိုးမပြောင်းကြနှင့်။ လွှတ်တော်ထဲမှာဘဝင်မကြွဘဲလူထုအသည်းစွဲ၊ လူထုအသံနာခံပြီး၊ ရှေ့သို့ ခရီးနှင်ကြစို့။ အပြောမဟုတ်၊ အလုပ်လက်တွေ့ပြကြစို့။

**မဏ္ဍိုင်သုံးရပ်**

ဥပဒေပြုရေး၊အုပ်ချုပ်ရေး၊တရားစီရင်ရေးမဏ္ဍိုင်သုံးရပ် မတ်မတ်တည်ရှိစေရမည်။ အပြန်အလှန် ထိန်းကျောင်းရမည်။ လူထုဆန္ဒဘာလဲ။ လူထုအသံဘာလဲ။ စွဲမြဲစွာဆုပ်ကိုင်ပါ။ ရပ်တည်ပါ။ လက်တွေ့လုပ်ပြကြပါ။ ပြည်သူစောင့်ကြည့်နေသည်။

**ပြည်သူ**

ပြည်သူသည်သာလျှင် အဓိက။ ပြည်သူသာလျှင် ပဓာနဟု နေ့စဉ် ကြွေးကြော်နေကြပြီ။ ကြွေးကြော်သံများမှတစ်ဆင့် လက်တွေ့ဘဝသို့ ချီတက်ကြစို့။ နှစ်ဟောင်းမှ နှစ်သစ်သို့ ခရီးဆက်ကြစို့။ မဆုတ်မနစ် ဇွဲလုံ့လဝီရိယပြကြစို့။ သမိုင်းမော်ကွန်းတည်ကြစို့။

**နိဂုံး**

(၁) ၂၀၂၀ ကျန်ခဲ့ပြီ။

(၂) ၂၀၂၁ နှစ်သစ်တိုင်ချေပြီ။

(၃) နှစ်သစ်ခရီးမှာသာယာပါစေကြောင်း . . .။

■

**ပြည်သူသည်သာလျှင် အဓိက။ ပြည်သူသာလျှင် ပဓာနဟု နေ့စဉ် ကြွေးကြော်နေကြပြီ။ ကြွေးကြော်သံများမှတစ်ဆင့် လက်တွေ့ဘဝသို့ ချီတက်ကြစို့။ နှစ်ဟောင်းမှ နှစ်သစ်သို့ ခရီးဆက်ကြစို့။ မဆုတ်မနစ် ဇွဲလုံ့လဝီရိယပြကြစို့။ သမိုင်းမော်ကွန်းတည်ကြစို့ ...**

○ ကျောဖုံးမှ

COVID-19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်း(test positivity rate)မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| | ၂၃-၁၂-၂၀ | ၂၄-၁၂-၂၀ | ၂၅-၁၂-၂၀ | ၂၆-၁၂-၂၀ | ၂၇-၁၂-၂၀ | ၂၈-၁၂-၂၀ | ၂၉-၁၂-၂၀ | ၃၀-၁၂-၂၀ | ၃၁-၁၂-၂၀ | ၁-၁-၂၁ |
|---|---|---|---|---|---|---|---|---|---|---|
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၄.၈ | ၄.၃ | ၃.၉ | ၃.၆ | ၃.၇ | ၃.၄ | ၃.၄ | ၃.၅ | ၃.၇ | ၂.၆ |

မှတ်ချက်။ COVID-19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့်အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။ (၂၃-၁၂-၂၀၂၀) ရက်နေ့မှ (၁-၁-၂၀၂၁) ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာအရေအတွက်မှာ အနည်းဆုံး (၁၅,၇၃၅)ခုမှ အများဆုံး(၂၄,၀၀၇)ခုအထိဖြစ်ပြီး ပျမ်းမျှအရေအတွက်မှာ (၁၉,၄၈၄)ခု ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားစီမံချက် (mask and face shield campaign) ၌ ပါဝင်သော ဆောင်ရွက်ရမည့် အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

### မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ (၁-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၅,၇၃၅) ဦး | (၁,၈၃၃,၉၃၅) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၄၁၂) ဦး | (၁၂၅,၀၄၂) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၇၀၈) ဦး | (၁၀၇,၇၇၇) ဦး |
| သေဆုံးလူနာ | (၁၅) ဦး | (၂,၆၉၇) ဦး |

- ယနေ့ သေဆုံးသူ(၁၅)ဦးအနက် ရောဂါအခံရှိသူ(၁၄)ဦး ပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါကုသရေးဌာနများ၊ တပ်မတော်ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း(၇၀၈)ဦးတွင် –
  - ပြည်သူ့ဆေးရုံများ – (၄၁၄) ဦး
  - COVID-19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၂၉၄) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက်မှ ဓာတ်ခွဲအဖြေ Negative ထွက်ရှိခဲ့သဖြင့် အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဆင်းခွင့်ပေးခဲ့ကာ နေအိမ်များတွင် ဆက်လက်၍အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း(၄၁၇)ဦးရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၀၄၄၈၇၀၁ | ၁၂၁၂၈၈၆၉ | ၃၅၄၂၃၃ |
| ၂။ | အိန္ဒိယ | ၁၀၂၈၆၇၀၉ | ၉၈၈၃၄၆၁ | ၁၄၉၀၁၈ |
| ၃။ | ဘရာဇီး | ၇၆၇၅၉၇၃ | ၆၇၄၇၀၆၅ | ၁၉၄၉၇၆ |
| ၄။ | ရုရှား | ၃၁၈၆၃၃၆ | ၂၅၈၀၁၃၈ | ၅၇၅၅၅ |
| ၅။ | ပြင်သစ် | ၂၆၂၀၄၂၅ | ၁၉၄၂၂၁ | ၆၄၆၃၂ |
| ၆။ | ဗြိတိန် | ၂၄၈၈၇၈၀ | စိစစ်ဆဲ | ၇၃၅၁၂ |
| ၇။ | တူရကီ | ၂၂၀၈၆၅၂ | ၂၁၀၀၆၅၀ | ၂၀၈၈၁ |
| ၈။ | အီတလီ | ၂၁၀၇၁၆၆ | ၁၄၆၃၁၁၁ | ၇၄၁၅၉ |
| ၉။ | စပိန် | ၁၉၃၆၇၁၈ | စိစစ်ဆဲ | ၅၀၈၃၇ |
| ၁၀။ | ဂျာမနီ | ၁၇၄၅၅၁၈ | ၁၃၂၈၂၀၀ | ၃၄၁၈၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၇၅၁၂၇၀ | ၆၁၇၉၃၆ | ၂၂၃၂၉ |
| ၂။ | ဖိလစ်ပိုင် | ၄၇၅၈၂၀ | ၄၃၉၈၉၅ | ၉၂၄၈ |
| ၃။ | မြန်မာ | ၁၂၅၀၄၂ | ၁၀၇၇၇၇ | ၂၆၉၇ |
| ၄။ | မလေးရှား | ၁၁၅၀၇၈ | ၉၁၁၇၁ | ၄၇၄ |
| ၅။ | စင်ကာပူ | ၅၈၆၂၉ | ၅၈၄၄၉ | ၂၉ |
| ၆။ | ထိုင်း | ၇၁၆၃ | ၄၂၇၃ | ၆၃ |
| ၇။ | ဗီယက်နမ် | ၁၄၇၄ | ၁၃၂၅ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၃၇၈ | ၃၆၂ | ၀ |
| ၉။ | ဘရူနိုင်း | ၁၅၇ | ၁၄၉ | ၃ |
| ၁၀။ | လာအို | ၄၁ | ၄၀ | ၀ |




## ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် သင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဇန်နဝါရီ ၁**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၄၄ ဦးအား စင်ကာပူနိုင်ငံရှိ မြန်မာသံရုံးမှ စီစဉ်သည့် (၃၃)ကြိမ်မြောက် မြန်မာအမျိုးသားလေကြောင်း(MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၇ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ **(အောက်ပုံ)**

ထို့ပြင် ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၁၀၆ ဦးအား မြန်မာသံရုံးဆိုးလ်မြို့နှင့် Dragon Tun ကုမ္ပဏီတို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း(MAI) စင်းလုံးငှား ကယ်ဆယ်ရေးလေယာဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၉နာရီ ၁၀မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၈၁ ဦး၊ ဖိလစ်ပိုင်မှ ခြောက်ဦး၊ ဗီယက်နမ်မှ ခုနစ်ဦး၊ အင်ဒိုနီးရှားမှ ၁၀ ဦး၊ တရုတ်မှ တစ်ဦး၊ ပေါ်တူဂီမှ တစ်ဦး စုစုပေါင်း မြန်မာသင်္ဘောသား ၁၀၆ ဦး လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ/သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ၊ သင်္ဘောကုမ္ပဏီများ/အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## မော်လမြိုင်မြို့နယ်၌ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ဆောင်ရွက်

**မော်လမြိုင် ဇန်နဝါရီ ၁**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း လျော့ကျစေရန်နှင့် ဖြစ်ပွားမှုမရှိစေရန်အတွက် ယနေ့နံနက် ၉ နာရီက လှိုင်ရပ်ကွက် အေးသာယာကုန်စိမ်းဈေးနှင့် လမ်းသွားလမ်းလာပြည်သူများ နှာခေါင်းစည်းတပ်ဆင်သွားလာရေးလှုပ်ရှားမှုကို မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်း၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဌာနဆိုင်ရာကော်မတီအဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုဆောင်ရွက်ခြင်းသည် မော်လမြိုင်မြို့နယ်အတွင်း ပြည်သူများအတွက် နဝမအကြိမ်မြောက် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး အများပြည်သူအဝင်အထွက်များသည့် စည်ပင်သာယာဈေးတို့၌ အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဇာဖြူဝင်း(ပြန်/ဆက်)

**ကိုရိုနာဗိုင်းရပ်စ် (COVID- 19) ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

## ပန်းတိုင်မြင်ရတဲ့အချိန်မှာမှ ခလုတ်တိုက်တာမျိုး မဖြစ်စေချင်



ကျွန်မတို့အနေနဲ့ အခုဆိုရင် အဓိက ဦးတည်နေတာကတော့ ကာကွယ်ဆေးပေါ့။ ကာကွယ်ဆေးကို လူ (၁၅) သန်းအတွက်၊ ဝယ်ယူဖို့အတွက် အခု ကျွန်မတို့ အဖွဲ့တစ်ဖွဲ့ အိန္ဒိယနိုင်ငံမှာရောက်နေပါတယ်။ ဒီကာကွယ်ဆေးဝယ်ယူရေးကိစ္စတွေနဲ့ပတ်သက်လို့ဆိုရင် နောက်တစ်ပတ်လောက်အတွင်းမှာ တိတိကျကျပိုပြီးတော့ သိရပါလိမ့်မယ်။ ကျွန်မတို့ဟာ ကာကွယ်ဆေးဝယ်ယူဖို့ လက်မှတ်ထိုးပြီးပြီ။ အားလုံးအဆင်သင့် ရှိပြီးပြီဆိုတာနဲ့ မကြာခင်ကာလမှာ ကာကွယ်ဆေးထိုးတဲ့အစီအစဉ်တွေ စဖို့လည်း ကျွန်မတို့ စီစဉ်ထားပြီးပါပြီ။ တစ်တိုင်းပြည်လုံးမှာပေါ့။ ကျွန်မတို့က တစ်ဆင့်ပြီးတစ်ဆင့် ဦးစားပေးမှာဆိုတော့ ဥပမာအားဖြင့်ဆိုရင် ပထမဦးစားပေးက ကျွန်မတို့ ရှေ့တန်းက ကျန်းမာရေးဝန်ထမ်းတွေပေါ့။ အဲဒါပြီးတော့မှ နောက် ကျွန်မတို့အနေနဲ့ နိုင်ငံအတွက်ရော၊ ပြည်သူတွေအတွက်ရော လိုအပ်ချက်အရ ကျွန်မတို့ တစ်ဆင့်ပြီးတစ်ဆင့် လုပ်သွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ ဘယ်လိုပဲဖြစ်ဖြစ် ကာကွယ်ဆေးရပြီးတာနဲ့လည်း လနဲ့ချီပြီးမှ ကျွန်မတို့ တစ်တိုင်းပြည်လုံးကို ကာကွယ်ဆေးထိုးပေးလို့ပြီးမှာပါ။ ဒါကြောင့် ဒီကြားထဲမှာ သိပ်ပြီးတော့ သတိထားဖို့လိုပါတယ်။ ပန်းတိုင်မြင်ရတဲ့အချိန်မှာမှ ခလုတ်တိုက်တာမျိုး မဖြစ်စေချင်ပါဘူး။

(Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၄-၁၂-၂၀၂၀ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁-၁-၂၀၂၁) ရက်နေ့၊ ညနေ (၅:၀၀)နာရီ

၁။ မန္တလေးတိုင်းဒေသကြီးတွင် (၃၀-၁၂-၂၀၂၀) ရက်နေ့အတွက် ဒုတိယအသုတ်အဖြစ် တွေ့ရှိရသော **ခာတ်ခွဲအတည်ပြုလူနာ (၁၂၃) ဦး**၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေ | ၃၁ |
| | | အောင်မြေသာစံ | ၂၃ |
| | | ချမ်းအေးသာစံ | ၂၀ |
| | | ချမ်းမြသာစည် | ၁၃ |
| | | ပြည်ကြီးတံခွန် | ၁၂ |
| | | အမရပူရ | ၁၀ |
| | | ပုသိမ်ကြီး | ၇ |
| | | စဉ့်ကိုင် | ၄ |
| | | မြစ်သား | ၂ |
| | | ပျော်ဘွယ် | ၁ |
| | | စုစုပေါင်း | ၁၂၃ |

၂။ (၃၁-၁၂-၂၀၂၀) ရက်နေ့အတွက် တွေ့ရှိရသော **ခာတ်ခွဲအတည်ပြုလူနာ (၇၆၇) ဦး**၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မင်္ဂလာဒုံ | ၂၁ |
| | | ရွှေပြည်သာ | ၁၇ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၁၆ |
| | | သန်လျင် | ၁၆ |
| | | စမ်းချောင်း | ၁၅ |
| | | မရမ်းကုန်း | ၁၄ |
| | | အင်းစိန် | ၁၃ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁၃ |
| | | လှိုင်သာယာ | ၁၃ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၇ |
| | | မှော်ဘီ | ၇ |
| | | တာမွေ | ၇ |
| | | မြောက်ဥက္ကလာပ | ၆ |
| | | ကျောက်တံတား | ၆ |
| | | ကမာရွတ် | ၆ |
| | | တောင်ဥက္ကလာပ | ၅ |
| | | ကြည့်မြင်တိုင် | ၅ |
| | | သင်္ဃန်းကျွန်း | ၄ |
| | | လှည်းကူး | ၃ |
| | | ဗဟန်း | ၃ |
| | | လှိုင် | ၃ |
| | | ကျောက်တန်း | ၃ |
| | | ဒဂုံ | ၃ |
| | | လမ်းမတော် | ၃ |
| | | တွံတေး | ၃ |
| | | သာကေတ | ၂ |
| | | တိုက်ကြီး | ၂ |
| | | ရန်ကင်း | ၂ |
| | | မင်္ဂလာတောင်ညွန့် | ၂ |
| | | ထန်းတပင် | ၁ |
| | | ဒေါပုံ | ၁ |
| | | ဒဂုံဆိပ်ကမ်း | ၁ |
| | | ခရမ်း | ၁ |
| | | လသာ | ၁ |
| | | ဆိပ်ကြီးခနောင်တို | ၁ |
| | | ဗိုလ်တထောင် | ၁ |
| | | ဒလ | ၁ |
| | | စုစုပေါင်း | ၂၂၈ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ပုသိမ်ကြီး | ၃၂ |
| | | မဟာအောင်မြေ | ၂၀ |
| | | ပြည်ကြီးတံခွန် | ၁၉ |
| | | ချမ်းအေးသာစံ | ၁၈ |
| | | မြင်းခြံ | ၁၇ |
| | | ချမ်းမြသာစည် | ၁၇ |
| | | အောင်မြေသာစံ | ၁၄ |
| | | အမရပူရ | ၈ |
| | | ကျောက်ဆည် | ၆ |
| | | မိတ္ထီလာ | ၆ |
| | | တံတားဦး | ၄ |
| | | ကျောက်ပန်းတောင်း | ၄ |
| | | စဉ့်ကိုင် | ၃ |
| | | မိုးကုတ် | ၃ |
| | | မြစ်သား | ၂ |
| | | မတ္တရာ | ၁ |
| | | သပိတ်ကျင်း | ၁ |
| | | စုစုပေါင်း | ၁၇၅ |
| ၃။ | စစ်ကိုင်းတိုင်းဒေသကြီး | ဟသ်ဝတ | ၅၄ |
| | | ပုသိမ် | ၁၁ |
| | | လပွတ္တာ | ၁၁ |
| | | အင်္ဂပူ | ၃ |
| | | လေးမျက်နှာ | ၂ |
| | | ဘိုကလေး | ၁ |
| | | ညောင်တုန်း | ၁ |
| | | ကျိုက်လတ် | ၁ |
| | | မအူပင် | ၁ |
| | | စုစုပေါင်း | ၈၅ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၄၆ |
| | | လက်ပံတန်း | ၉ |
| | | ဖြူး | ၄ |
| | | ရွှေတောင် | ၃ |
| | | ဒေါ | ၃ |
| | | ကျောက်တံခါး | ၂ |
| | | ပေါင်းတည် | ၂ |
| | | အိုးကုန်း | ၁ |
| | | ရေတာရှည် | ၁ |
| | | ဒိုက်ဦး | ၁ |
| | | ညောင်လေးပင် | ၁ |
| | | စုစုပေါင်း | ၇၃ |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | စစ်ကိုင်း | ၁၈ |
| | | ယင်းမာပင် | ၈ |
| | | ကလေး | ၆ |
| | | တန့်ဆည် | ၅ |
| | | အင်းတော် | ၅ |
| | | မြင်းမူ | ၅ |
| | | ရေဦး | ၂ |
| | | မုံရွာ | ၂ |
| | | ကလေးဝ | ၁ |
| | | ပုလဲ | ၁ |
| | | မြောင် | ၁ |
| | | ကသာ | ၁ |
| | | တမူး | ၁ |
| | | စုစုပေါင်း | ၅၆ |
| ၆။ | နေပြည်တော် | ဇေယျာသီရိ | ၃၇ |
| | | ဇမ္ဗူသီရိ | ၂ |
| | | ဒက္ခိဏသီရိ | ၁ |
| | | တပ်ကုန်း | ၁ |
| | | စုစုပေါင်း | ၄၁ |
| ၇။ | ရှမ်းပြည်နယ် | တောင်ကြီး | ၃၁ |
| | | ရှာင် | ၁ |
| | | ကလော | ၁ |
| | | ပင်းတယ | ၁ |
| | | မူဆယ် | ၁ |
| | | မိုးမိတ် | ၁ |
| | | သီနီ | ၁ |
| | | ကျောက်မဲ | ၁ |
| | | စုစုပေါင်း | ၃၈ |
| ၈။ | မွန်ပြည်နယ် | မော်လမြိုင် | ၁၅ |
| | | ဘီးလင်း | ၆ |
| | | သထုံ | ၂ |
| | | စုစုပေါင်း | ၂၃ |
| ၉။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၁၇ |
| | | ရေဖြူ | ၂ |
| | | ကျွန်းစု | ၁ |
| | | တနင်္သာရီ | ၁ |
| | | ဘုတ်ပြင်း | ၁ |
| | | ပုလော | ၁ |
| | | စုစုပေါင်း | ၂၃ |
| ၁၀။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ၄ |
| | | ဖားကန့် | ၂ |
| | | စုစုပေါင်း | ၆ |
| ၁၁။ | မကွေးတိုင်းဒေသကြီး | မြိုင် | ၂ |
| | | တောင်တွင်းကြီး | ၁ |
| | | ပခုက္ကူ | ၁ |
| | | မင်းဘူး | ၁ |
| | | အောင်လံ | ၁ |
| | | စုစုပေါင်း | ၆ |
| ၁၂။ | ရခိုင်ပြည်နယ် | တောင်ကုတ် | ၂ |
| | | ကျောက်ဖြူ | ၂ |
| | | သံတွဲ | ၁ |
| | | စစ်တွေ | ၁ |
| | | စုစုပေါင်း | ၆ |
| ၁၃။ | ကယားပြည်နယ် | လွိုင်ကော် | ၄ |
| | | စုစုပေါင်း | ၄ |
| ၁၄။ | ချင်းပြည်နယ် | ဟားခါး | ၃ |
| | | စုစုပေါင်း | ၃ |
| | (၃၁-၁၂-၂၀၂၀) ရက်နေ့အတွက် ခာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၇၆၇) ဦး |
| | (၃၁-၁၂-၂၀၂၀) ရက်နေ့သတင်းထုတ်ပြန်ချက်အရ ခာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၈၉၀) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု

**နေပြည်တော် ဇန်နဝါရီ ၁**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း တန်ဖိုး အမေရိကန်ဒေါ်လာ (၁၁၇ ဒသမ ၆၈၁) သန်း၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ (၈၂ ဒသမ ၀၇၅) သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | အောက်တိုဘာလ | | နိုဝင်ဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်း ခုရေ | မတည်ငွေ ရင်းပမာဏ US$(သန်း) | လုပ်ငန်း ခုရေ | မတည်ငွေ ရင်းပမာဏ US$ (သန်း) |
| (က) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ | - | - | - | - |
| (ခ) | စက်မှု ကဏ္ဍ | ၅ | ၁၁၁.၀၈၁* | ၃ | ၃၁.၉၃၅* |
| (ဂ) | လျှပ်စစ်ဓာတ်အား ကဏ္ဍ | - | - | - | - |
| (ဃ) | အိမ်ရာ အဆောက်အအုံ ကဏ္ဍ | - | - | - | ၈.၀၀၀* |
| (င) | ဟိုတယ်နှင့် ခရီးသွား ကဏ္ဍ | - | - | - | - |
| (စ) | မွေးမြူရေးနှင့် ရေလုပ်ငန်း ကဏ္ဍ | ၁ | ၅.၀၀၀ | ၂ | ၆.၀၈၇ |
| (ဆ) | အခြား ဝန်ဆောင်မှု ကဏ္ဍ | | ၀.၂၀၀* | ၁ | ၂၇.၄၅၅ |
| (ဇ) | ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ | - | - | - | - |
| (ဈ) | သတ္တုတွင်း ကဏ္ဍ | - | - | - | - |
| (ည) | စိုက်ပျိုးရေး ကဏ္ဍ | ၁ | ၁.၃၉၀ | ၁ | ၈.၅၉၈ |
| (ဋ) | စက်မှုဇုန် တည်ဆောက်မှုကဏ္ဍ | - | - | - | - |
| စုစုပေါင်း | | ၇ | ၁၁၇.၆၈၁ | ၇ | ၈၂.၀၇၅ |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများထည့်သွင်းဖော်ပြထားခြင်းဖြစ်သည်။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် (၆၂၉၆၂ ဒသမ ၃၁၉) သန်းနှင့် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် (၆၈၉၇ ဒသမ ၇၀၀) သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | အောက်တိုဘာလ | | နိုဝင်ဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်း ခုရေ | မတည်ငွေ ရင်းပမာဏ ကျပ်(သန်း) | လုပ်ငန်း ခုရေ | မတည်ငွေ ရင်းပမာဏ ကျပ်(သန်း) |
| (က) | အိမ်ရာ အဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှု ကဏ္ဍ | ၁ | ၇၅၀၀.၀၀၀ | - | - |
| (ခ) | စက်မှု ကဏ္ဍ | ၇ | ၂၁၂၆၂.၈၄၀ | ၁ | ၁၂၄၄.၅၀၀ |
| (ဂ) | ဟိုတယ်နှင့် ခရီးသွား ကဏ္ဍ | ၂ | ၃၂၀၀.၀၀၀ | - | - |
| (ဃ) | ဆောက်လုပ်ရေး ကဏ္ဍ | | | - | - |
| (င) | အခြားဝန်ဆောင်မှု ကဏ္ဍ | ၃ | ၂၉၀၈၉.၈၆၃* | ၁ | ၆၇၃.၂၀၀ |
| (စ) | ရေနံနှင့် သဘာဝဓာတ်ငွေ့ ကဏ္ဍ | | | - | - |
| (ဆ) | စက်မှုဇုန် တည်ဆောက်မှု ကဏ္ဍ | - | - | - | - |
| (ဇ) | သတ္တုတူးဖော်ရေး ကဏ္ဍ | - | - | - | - |
| (ဈ) | မွေးမြူရေးနှင့်ရေလုပ်ငန်း ကဏ္ဍ | | ၁၆၀၉.၆၁၆* | ၁ | ၄၉၈၀.၀၀၀ |
| (ည) | လျှပ်စစ်ဓာတ်အား ကဏ္ဍ | - | - | - | - |
| (ဋ) | စိုက်ပျိုးရေး ကဏ္ဍ | ၁ | ၃၀၀.၀၀၀ | - | - |
| (ဌ) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ကဏ္ဍ | - | - | - | - |
| စုစုပေါင်း | | ၁၄ | ၆၂၉၆၂.၃၁၉ | ၃ | ၆၈၉၇.၇ |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်းဖြစ်သည်။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း တိုးချဲ့ ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | အောက်တိုဘာလ | နိုဝင်ဘာလ |
| (က) | ရေနံနှင့် သဘာဝဓာတ်ငွေ့ ကဏ္ဍ | - | - |
| (ခ) | စိုက်ပျိုးရေး ကဏ္ဍ | ၁၃ | ၅၃ |
| (ဂ) | မွေးမြူရေးနှင့် ရေလုပ်ငန်း ကဏ္ဍ | ၅၉ | ၁၂၄ |
| (ဃ) | သတ္တုတူးဖော်ရေး ကဏ္ဍ | - | - |
| (င) | စက်မှု ကဏ္ဍ | ၂၉၈၆ * | ၃၇၆၀ * |
| (စ) | လျှပ်စစ်ဓာတ်အား ကဏ္ဍ | - | - |
| (ဆ) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ကဏ္ဍ | - | - |
| (ဇ) | ဟိုတယ်နှင့် ခရီးသွား ကဏ္ဍ | - | - |
| (ဈ) | ဆောက်လုပ်ရေး ကဏ္ဍ | - | - |
| (ည) | အိမ်ရာနှင့်အဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှု ကဏ္ဍ | - | - |
| (ဋ) | စက်မှုဇုန် တည်ဆောက်မှု ကဏ္ဍ | - | - |
| (ဌ) | အခြား ဝန်ဆောင်မှု ကဏ္ဍ | - | ၈၆ |
| စုစုပေါင်း | | ၃၀၅၈ | ၄၀၂၃ |

*လုပ်သားအင်အား တိုးမြှင့်ခန့်ထားခြင်း အပါအဝင်ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက်ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း တိုးချဲ့ ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | အောက်တိုဘာလ | နိုဝင်ဘာလ |
| (က) | လျှပ်စစ်ဓာတ်အား ကဏ္ဍ | - | - |
| (ခ) | သတ္တုတူးဖော်ရေး ကဏ္ဍ | - | - |
| (ဂ) | စက်မှု ကဏ္ဍ | ၈၉၄ | ၂၉၀ |
| (ဃ) | ဟိုတယ်နှင့် ခရီးသွား ကဏ္ဍ | ၉၂ | - |
| (င) | အိမ်ရာနှင့်အဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှု ကဏ္ဍ | ၇၁ | - |
| (စ) | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | - | ၁၃၉ |
| (ဆ) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ကဏ္ဍ | - | - |
| (ဇ) | စက်မှုဇုန်တည်ဆောက်မှု ကဏ္ဍ | - | - |
| (ဈ) | ဆောက်လုပ်ရေး ကဏ္ဍ | - | - |
| (ည) | စိုက်ပျိုးရေး ကဏ္ဍ | ၁၈ | - |
| (ဋ) | အခြားဝန်ဆောင်မှု ကဏ္ဍ | ၄၁၃ | ၃၃ |
| (ဌ) | ရေနံနှင့် သဘာဝဓာတ်ငွေ့ ကဏ္ဍ | - | - |
| စုစုပေါင်း | | ၁၄၈၈ | ၄၆၂ |

## မင်းလှဆည်နှင့် စဉ့်ကူးချောင်း ဂေါင်းတမံအတွင်း ငါးမျိုးများ စိုက်ထည့်



**မင်းလှ ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် သာယာဝတီခရိုင် ငါးလုပ်ငန်းဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် အုတ်ဖိုငါးလုပ်ငန်းစခန်းမှ အုတ်ဖိုမြို့နယ် မင်းလှဆည် အတွင်းသို့ ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၅၀၀၀၀၊ ငါးခုံးမကြီးသားပေါက် ကောင်ရေ၆၀၀၀၀ နှင့် စဉ့်ကူးချောင်း ဂေါင်းတမံအတွင်းသို့ ငါးခုံးမကြီးသားပေါက် ကောင်ရေ ၅၀၀၀၀နှင့် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၅၀၀၀၀ အသီးသီး ကို ဒီဇင်ဘာ ၃၁ ရက်က မျိုးစိုက်ထည့်ခဲ့သည်။

အဆိုပါ မျိုးစိုက်ထည့်ရာတွင် မင်းလှမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆည်မြောင်းဦးစီးဌာနမှဝန်ထမ်းများ၊ အုတ်ဖိုငါးလုပ်ငန်း စခန်း တာဝန်ခံ ဒေါ်မိုးသီတာနှင့် ဝန်ထမ်းများ စုပေါင်းပါဝင် မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ခရမ်းမြို့နယ်၌ ငါးမွေးကန်စာရင်းများနှင့် ငါးမွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်တောင်ပိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်သည် ခရမ်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန မှူး ဦးမျိုးတင့်နှင့် ဝန်ထမ်းများနှင့်အတူ ဒီဇင်ဘာ ၃၁ ရက်က ခရမ်းမြို့နယ်အတွင်းရှိ အမှန်တကယ် ငါးမွေးမြူခြင်းမရှိတော့သည့် ငါးမွေးကန်များအား စာရင်းမှ ပယ်ဖျက်စာရင်း တင်ပြနိုင်ရေးနှင့် အမှန် တကယ် ငါးမွေးမြူလျက်ရှိသည့် ငါးမွေးကန်များ ဇေမှန်ကန်ရေး၊ CERP အရ ဖြန့်ဝေထားသော ငါးများရှင်သန်နှုန်းနှင့် ကြီးထွားနှုန်းများကို အုပ်ဖို ကျေးရွာနှင့် ကမာမတ်ကျေးရွာအတွင်းရှိ ငါးမွေး တောင်သူများထံ ကွင်းဆင်းစစ်ဆေးရာ ပေးအပ်ခဲ့ သည့် ငါးများမှာ ရှင်သန်နှုန်းကောင်းမွန်ကြောင်း သိရသည်။

**သတင်းစဉ်**

## သမဝါယမကဏ္ဍမှ ရေထွက်ကုန်ပစ္စည်းများ ကူညီရောင်းချ ဖြန့်ဖြူးဆောင်ရွက်ပေးလျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် သမဝါယမဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ညှိနှိုင်း၍ ကိုဗစ်-၁၉ ဖြစ်ပွား စဉ်ကာလအတွင်း ရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှု အခက်အခဲများအား ကူညီဆောင်ရွက်ပေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်သည် မြို့နယ်သမဝါယမအသင်းစုများနှင့် ချိတ်ဆက်၍ လှိုင်သာယာ၊ အင်းစိန်၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ လှိုင်နှင့် မရမ်းကုန်း မြို့နယ်များရှိ စားသုံးသူ အသင်းသားပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရန် ငါးမြစ်ချင်း ပိဿာချိန် ၅၀၀ ကို တစ်ပိဿာ လျှင် ငွေကျပ် ၂၇၀၀ ဖြင့် No Profit, No Loss ဟူသော သမဝါယမမူအတိုင်း ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြားမြို့နယ်များသို့ ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်၍ မှာယူလိုပါက ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဖုန်း ၀၁-၈၃၉၈၅၇၃ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တက္ကသိုလ်ရဲ့ သားကောင်းတစ်ဦး

## တက္ကသိုလ်ဝင့်မာ

ကျွန်မရဲ့ "ရာပြည့်တက္ကသိုလ်သို့ နောက်ကျအလွမ်း" ကြေးမုံသတင်းစာ(၂၃-၁၂-၂၀၂၀ရက်) ထုတ် ဆောင်းပါး ဖတ်ပြီး ၈၇ နှစ် အမယ်အိုကို တကယ်လိုလိုလားလား မေတ္တာစကားပြောကြားတာတွေအတွက် ကျေးဇူးတင်ပါတယ်။ ဒေါက်တာခင်သန်းဦး (မမိုးမြေ) ကဆို ခေါင်းစဉ်တောင်ပေးပြီး နောက်ဆက်တွဲရေးဖို့ပြောသလို စာချစ်သူ စာဖတ်သူ ခင်မြန္တယ်ဆိုရင် သူ့ရဲ့ မဟာဝိဇ္ဇာကျမ်းကြီးကြပ်သူ ဆရာ ဖိုးကျော်မြင့်ရဲ့ သွင်ပြင်၊ စိတ်ဓာတ်ခိုင်မာမှု၊ ကိုယ်ကျင့်သိက္ခာစတာလေးတွေပေါ်အောင် ရေးပေးပါလို့ ပြောလာပါတယ်။ တကယ်တော့ အရှိကို အရှိအတိုင်း ရေးချင်ပေမယ့် ကိုယ်ရည်သွေးရာ ရောက်မှာစိုးလို့ မရေးချင်ပါ။ "ဝိုင်းပြောသိလိမ့်" သဘောပဲထားချင်ပါတယ်။ ခင်ပွန်းသည် ဦးဖိုးကျော်မြင့် (မြန်စာဂုဏ်ကျော်မြင့်)နဲ့ ကျွန်မတို့ နှစ်ယောက်က ဆရာ ဆရာမဘဝကို နှစ်နှစ်သက်သက် ရွေးချယ်ခဲ့ကြတာပါ။ အခုတော့ သူနဲ့ ပတ်သက်ပြီး ကျွန်မရဲ့ သစ္စာစကားနဲ့ဝေမျှချင်မှု၊ သူ့ရဲ့ လုံ့လ၊ ဝီရိယကြီးမားမှု၊ မျိုးဆက်သစ်တွေကို အကျိုးပြုစေချင်တဲ့ ရည်ရွယ်မှုနဲ့ ရေးတာဖြစ်ပါတယ်။

၂၆-၁၂-၂၀၂၀ ရက်နေ့က ရန်ကုန်တက္ကသိုလ် မြန်မာစာမိသားစုရဲ့ အာစရိယပူဇော်ပွဲ Zoom နဲ့ အကြိမ် (၂၀) မြောက် ကန်တော့ပွဲမှာ ကျွန်မစကားနည်းနည်း ပြောရပါတယ်။ ဆရာသည်သာအခရာမို့ ဆရာ့တာဝန် အလွန်ကြီးပါတယ်။ ပါမောက္ခချုပ် ဒေါက်တာမောင်မောင်ခ (ဆရာခ)ရဲ့ နှစ်တစ်ရာပြည့် အထိမ်းအမှတ် စာအုပ်မှာ "ဆရာ" ဆိုတဲ့ ကဗျာလေး ကျွန်မရေးခဲ့ပါတယ်။



၁၉၇၄ ခုနှစ်ထုတ်"ဖိုးကျော်မြင့်" စာအုပ်။

ဆရာ

သူပိုင်ဟူသည့်
ကံ့ကူတစ်ဆံ၊ မျဉ်းတံတစ်ချောင်း
ခေါင်းလောင်းတစ်မြည်၊ ပညာရည်ဖြင့်
ဤစာသင်ခန်း၊ အတန်းတန်းမှ
ပန်းပေါင်းတစ်ရာ ပွင့်ခဲ့ပြီ။ ။

ရန်ကုန်တက္ကသိုလ်ဆောင်ပုဒ် "နတ္ထိသမံ ဝိဇ္ဇာမိတ္တံ=ပညာနှင့်တူသော မိတ်ဆွေဟူ၍မရှိ" ဟူသလို အသက်မွေးဝမ်းကျောင်းခြင်းက အလွန်တရာ မွန်မြတ်လှပါတယ်။ ဆရာဆိုတာ ပန်းပေါင်းတစ်ရာ ဖူးပွင့်စေရင်း ဆရာပီတိ ဂွမ်းဆီထိ နေကြသူများဖြစ်ပါတယ်။ ဆရာ ဖိုးကျော်မြင့်ကတော့ ပန်းပေါင်းတစ်ရာ ဖူးပွင့်စေရင်း ခရီးခုလတ်မှာ ရုတ်တရက်ကွယ်လွန်ခဲ့ပါတယ်။

### ပန်းတနော်သား ဖိုးကျော်မြင့်

လူသေပေမယ့် နာမည်မသေတဲ့ သူတစ်ယောက် ရှိခဲ့ပါတယ်။ ကမ္ဘာတစ်ဝန်း နာမည်မသေသူများ ရှိကြတဲ့အထဲမှာ ပန်းတနော်သား ဖိုးကျော်မြင့်က တစ်ယောက်အပါအဝင် ဖြစ်ပါတယ်။ အသက် ၃၉ နှစ် အရွယ်ကောင်းချိန် ၇-၆-၁၉၇၃ ရက်နေ့မှာ ရုတ်တရက် ကွယ်လွန်ခဲ့ပါတယ်။ သူကျင်လည်ရာ ပြည်တွင်း၊ ပြည်ပနယ်ပယ်အသီးသီးက သူ့ဆရာများ၊ သူ့တပည့်များ၊ သူ့မိတ်ဆွေ ရောင်းရင်းများက အမှတ်ပြုရေးသားထားတဲ့ ၁၉၇၄ ခုနှစ်ထုတ် "ဖိုးကျော်မြင့်" စာအုပ်ကို ဖတ်စေချင်ပါတယ်။

အဲဒီစာအုပ်မှာ ဂျာမန်လူမျိုး ဂျာမန်-မြန်မာ အဘိဓာန်၊ မြန်မာ-ဂျာမန်အဘိဓာန်ပြုစုသူ ဒေါက်တာ အနေမာရီအက်ရှ် (ဒေါ်နှင်းဆီ)က ၁၉၇၃ ခုနှစ် တစ်နှစ်တည်းမှာပဲ မြန်မာနိုင်ငံဟာ စာပေလောကနယ်ပယ်က နာမည်ကျော် သုံးဦး (ဦးဖေမောင်တင်၊ ရွှေဥဒေါင်းနဲ့ ဖိုးကျော်မြင့်) ဆုံးရှုံးရတဲ့အကြောင်း ဖော်ပြပြီး "ဦးဖိုးကျော်မြင့်သည် ထင်ရှားသော အနုပညာရှင်တစ်ဦး ဖြစ်ပါသည်။ သို့သော်လည်း သူ၏ သုတေသန စွမ်းဆောင်မှုများဖြင့် ပုဂ္ဂိုလ်ရေးဂုဏ်နှင့် နာမည်များရရန်အတွက် စဉ်းစားဆောင်ရွက်ခဲ့သူမဟုတ်ပါ။ သူသည် ဆင်စွယ်နန်းတော်ထဲ၌ နေသူမဟုတ်၊ သူ၏ နိုင်ငံနယ်နိမိတ်ကို ကျော်လွန်၍လည်း သူသည် ကိုယ်စားပြုခဲ့သည်" လို့ ရေးပါတယ်။ ဂျပန်လူမျိုး ဂျပန်-မြန်မာအဘိဓာန်ကို ဆရာပါမောက္ခ အိုးနိုတိုးရုနဲ့ ပူးတွဲပြုစုသူ၊ မြန်မာပြည်ကို ချစ်တဲ့ အထူးသဖြင့် မန္တလေးကို ချစ်တဲ့သူ မြန်မာစာပါမောက္ခ ဆရာချစ်မန်းနွယ် (Mr. M. HARADA)ကလည်း "ဆရာဖိုးကျော်မြင့်ကတော့ ကျွန်တော့်ကို ကောင်းမွန်စွာ စာပြခဲ့ပါတယ်။ သိန်းဖေမြင့်ရဲ့ စာပေများကို လိုရင်းအချက်အလက်တွေကို လျင်မြန်စွာပြသသွားလို့ စာပေလေ့လာရာမှာ အတော့်ကို ခရီးရောက်ခဲ့ပါတယ်။ ဦးဖိုးကျော်မြင့် အလွန်ကြိုးစားပါတယ်။ ဆရာ့ရဲ့ ဇာတာတက်နေတုန်း အချိန်မှာ ကွယ်လွန်ရှာတာဟာ အလွန်နှစ်နာစရာပါပဲ"လို့ ရေးပါတယ်။


အိုဆာကာတက္ကသိုလ် မြန်မာစာပါမောက္ခ ဘာသာဗေဒပညာရှင် ဦးလှဝေ(Mr. YABU SHIRO)ကလည်း "ကျွန်တော်ကိုယ်တိုင်အနေနဲ့လျှင် ဆရာဦးဖိုးကျော်မြင့်နှင့် တစ်ခေါက်မှ မတွေ့ဖူးပါဘူး၊ သို့သော် ဆရာ့စာအုပ်များကနေ ဆရာ့ကို အမြဲတမ်း တွေ့နေပါသည်"လို့ ရေးပါတယ်။ ဒါ့အပြင် ပန်းတနော်သား ဖိုးကျော်မြင့်ရဲ့ ဘဝရုပ်ပုံလွှာတစ်ချပ်ကို ထင်းခနဲထင်ဟပ်ပြနေတဲ့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အဖြစ် သက်တမ်းနှစ်ကြိမ်ဆက် ထူးခြားအောင်မြင်စွာ တာဝန်ထမ်းဆောင်ခဲ့တဲ့ သူ့ဆရာ ပန်းတနော်သား ဦးသန့်ရဲ့စာကို မူရင်းအတိုင်း အမှတ်တရ ဖော်ပြပါရစေ။ ။

"ဦးဖိုးကျော်မြင့်သည် ထင်ရှားသော အနုပညာရှင်တစ်ဦး ဖြစ်ပါသည်။ သို့သော်လည်း သူ၏ သုတေသနစွမ်းဆောင်မှုများဖြင့် ပုဂ္ဂိုလ်ရေးဂုဏ်နှင့် နာမည်များရရန်အတွက် စဉ်းစားဆောင်ရွက်ခဲ့သူမဟုတ်ပါ။ သူသည် ဆင်စွယ်နန်းတော်ထဲ၌ နေသူမဟုတ်၊ သူ၏ နိုင်ငံနယ်နိမိတ်ကို ကျော်လွန်၍လည်း သူသည် ကိုယ်စားပြုခဲ့သည်"



### စာရေးသူ၏ ကိုယ်ရေးအကျဉ်း


| | | |
|---|---|---|
| အမည်ရင်း | - | မာလေး |
| ကလောင် | - | တီတီစီဝေဦး(၁၉၅၃) |
| အမည် | - | ယုဝတီကလောင်ရှင်ဝင့်မာ (၁၉၅၅) |
| | - | တက္ကသိုလ်ဝင့်မာ |
| ဇာတိ | - | ၁၂ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ |
| မိဘ | - | ဦးစန်း၊ ဒေါ်စော |
| မွေးသက္ကရာဇ် | - | ၇ ဖေဖော်ဝါရီ ၁၉၃၄ ခုနှစ် |
| ပညာ အရည်အချင်း | - | မဟာဝိဇ္ဇာ၊ ရန်ကုန်တက္ကသိုလ် |
| အလုပ်အကိုင် | - | နည်းပြဆရာမ ၁၉၅၉ ခုနှစ်၊ ရန်ကုန်တက္ကသိုလ် |
| | - | ပုသိမ်ဥပစာကောလိပ် (၁၉၆၀-၆၁) |
| | - | မော်လမြိုင်တက္ကသိုလ် (၁၉၇၄-၇၈) |
| | - | ရန်ကုန်တက္ကသိုလ် (၁၉၇၈-၁၉၈၉) (ဒုတိယအကြိမ်) |
| | - | ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် YUFL(၁၉၈၉-၁၉၉၅) တွဲဖက်ပါမောက္ခ၊ ဌာနမှူး(ငြိမ်း) |
| စာပေလက်ရာ | - | ရန်ကုန်တက္ကသိုလ် နှစ်လည်မဂ္ဂဇင်း ၁၉၇၃ ခုနှစ်၊ တွဲဖက်စာတည်း၊ တက္ကသိုလ်ပညာပဒေသာစာစောင် အထက်ဆွေမျိုး ခုနစ်ဆက်၊ အောက်ဆွေမျိုး ခုနစ်ဆက်၊ အနိုင်အရှုံး၊ မြန်မာ့ဆွေမျိုးစပ်ဝေါဟာရများ (မာလေး နာမည်ရင်း)(စိတ်ကူးချိုချို ဒုတိယအကြိမ်ထုတ်) |
| စာပေတာဝန် | - | မြန်မာစာသင်ကြားရေးအဖွဲ့ဝင်၊ ပါရဂူသင်တန်းဦးစီးကော်မတီအဖွဲ့ဝင်၊ မြန်မာစာမိသားစု အကန်တော့ခံ၊ မြန်မာနိုင်ငံ စာဆိုတော်နေ့ သက်ကြီးစာပေပညာရှင်အကန်တော့ခံ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း အဖွဲ့ဝင်နံပါတ်-၂၄၀၅၊ ရန်ကင်းမြို့နယ်။ |



U THANT,
136,OSBORN ROAD,
HARRISON, NEW YORK, 10528.
၁၉၇၃ ခု ၊ အောက်တိုဘာ ၃၀ ရက်

မောင်သန့်၊
နယူးယောက်မြို့

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့် ရေးပို့ခဲ့သည့် ဦးဖိုးကျော်မြင့်ထံ ပေးစာမူရင်း။



ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ဂုဏ်ထူးတန်းသား ဖိုးကျော်မြင့် က သူ့ရဲ့ ကိုယ်ပိုင်စာကြည့်ချိန် ဇယားကို မှတ်တမ်းတင်ထားတဲ့ ဂရပ်ဖ်စာအုပ်ထဲက ၁၉၅၆ ခုနှစ်၊ ဇူလိုင်လ စာကြည့်ချိန်ဇယားကို ထုတ်နုတ် ဖော်ပြ လိုက်ပါတယ်။

မတ်လ ၁၉၅၇ ခုနှစ်မှာ စာမေးပွဲဖြေရပါတယ်။ ခုံနံပါတ် ၈ ဖြစ်ပါတယ်။ မြန်မာစာ ဂုဏ်ထူးတန်းကို ပထမအဆင့်နဲ့အောင်မြင်ပါတယ်။ အဲဒီနှစ်မှာပဲ ပြင်ဦးလွင်စစ်တက္ကသိုလ် မြန်မာစာဌာနမှာ ပထမဦးဆုံး တာဝန်ထမ်းဆောင်ရသူ ဖိုးကျော်မြင့်ကတော့ ...

မာလေး ( တက္ကသိုလ်ဝင့်မာ )

## (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များဖြန့်ဝေ

**ညောင်တုန်း**
ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင် အတွဲ (၅)၊ အမှတ် (၁) ကို ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက ဗိုလ်ချုပ်လမ်း၊ ကားဂိတ်၊ (၈) လမ်းဈေး၊ လမ်းမတော်လမ်း၊ မြို့မဈေးကြီးနှင့် လူအသွားအလာများသော လမ်းဆုံနေရာများ၌ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်လှိုင်နှင့် ဝန်ထမ်းများက အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ညောင်တုန်း (ပြန်/ဆက်)**



**ဖရူဆို**
ကယားပြည်နယ် ဖရူဆိုမြို့ပေါ်ရပ်ကွက်များရှိ ကုန်စုံဆိုင်များနှင့် မြို့မဈေးတို့တွင် ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စီစဉ်ထုတ်ဝေသော (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဖရူဆို(ပြန်/ဆက်)**

**ဆင်ပေါင်ဝဲ**
မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(ရုံးချုပ်)မှပေးပို့သော (၇၃)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်သတင်းစကားလက်ကမ်းစာစောင်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီက မြို့မဈေးရှိ ဈေးရောင်းဈေးဝယ်များ၊ မော်တော်ဆိုင်ကယ်နှင့် လမ်းသွားလမ်းလာဒေသခံပြည်သူများအား ဖြန့်ဝေပေးခဲ့သည်။

**ဆင်ပေါင်ဝဲ(ပြန်/ဆက်)**

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း တောင်သူများအား မြေယာလျော်ကြေးငွေပေးအပ်

**ပဲခူး ဇန်နဝါရီ ၁**
ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ခပေါင်းခန်းမ၌ ယနေ့နံနက် ၉ နာရီက တောင်ငူမြို့ မြို့ရှောင်လမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသည့် အုတ်တွင်းမြို့နယ်အတွင်းရှိ တောင်သူများအား မြေယာလျော် ကြေးငွေပေးအပ်ခြင်း အခမ်းအနား ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ခေတ်အဆက်ဆက် စီမံကိန်းအလို့ငှာ သိမ်းဆည်းခဲ့သည့် လယ်ယာမြေများနှင့်ပတ်သက်၍ ဌာနဆိုင်ရာများမှ အသုံးမပြုလိုသည့် လယ်ယာမြေများအား နိုင်ငံတော် အစိုးရသို့ ပြန်လည်အပ်နှံခြင်းအပေါ်တွင်လည်း မိမိတို့အစိုးရမှ မူလပိုင်ရှင် လယ်သမားများသို့ စနစ်တကျ ပြန်လည်ခွဲဝေပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နေသလို စီမံကိန်းအတွင်း ပါဝင်သွားသည့် လယ်ယာမြေများအတွက် ဒေသအလိုက် လယ်/စီ အဖွဲ့အဆင့်ဆင့်၏ သတ်မှတ်ဈေးများအတိုင်း နစ်နာကြေး ပေးလျော်လျက်ရှိကြောင်း၊ တိုင်းပြည်အတွင်း လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သော လမ်းဖောက်လုပ်ခြင်းဖြင့် မိမိတို့၏ လယ်ယာမြေများ ပါဝင်သွားမှုအပေါ် နားလည်စေလိုကြောင်းနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပါက ယင်းဒေသရှိ တောင်သူလယ်သမားများ၏ လူနေမှုဘဝများလည်း တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တောင်ငူမြို့ မြို့ရှောင်လမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသည့် အုတ်တွင်းမြို့နယ်အတွင်းရှိ တောင်သူများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ အုတ်တွင်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်ချိုချို၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးမင်းဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးကျော်ဇေယျ၊ ဦးဌေးလွင်နှင့် တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးထက်တို့က မြေယာလျော်ကြေးငွေများ ပေးအပ်ကြသည်။



အခမ်းအနားတွင် တောင်ငူမြို့ မြို့ရှောင်လမ်း ဖောက်လုပ်ရာ၌ အုတ်တွင်းမြို့နယ်အတွင်းရှိ ဝဲဒေါင့်ကျေးရွာအုပ်စုနှင့် ဥယျာဉ်တော်ကျေးရွာအုပ်စုတို့မှ တောင်သူပေါင်း ၁၀၁ ဦးတို့၏ လယ်ယာမြေ ၁၈ ဒသမ ၀၈ ဧက ပါဝင်သွားသည့်အတွက် လျော်ကြေးငွေ ကျပ် ၆၂၀၆ ဒသမ ၄၀ သိန်း ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ငူမြို့ပြည်သူ့ဆေးရုံကြီးသို့သွားရောက်၍ ကိုဗစ်-၁၉ လူနာများနှင့်ပတ်သက်၍ ကုသပေးနေမှုအခြေအနေများကို ကြည့်ရှုကာ ဆေးရုံအုပ်ကြီးထံ ထောက်ပံ့ငွေကျပ်ငါးသိန်းနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်ခဲ့ပြီး တောင်ငူ ကေတုမတီမြို့ဟောင်း ကျုံးပြန်လည်ထိန်းသိမ်းခြင်းနှင့် ယိုးဒယားပေါက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တွံတေးမြို့နယ် မယ်ပြေကျွန်းဓာတ်အားခွဲရုံ ဖွင့်လှစ်ပေး

**ရန်ကုန် ဇန်နဝါရီ ၁**
ရန်ကုန်တိုင်းဒေသကြီး အစိုးရ၏ ၂၀၁၉ -၂၀၂၀ ဘတ်ဂျက်ဖြင့် ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းက အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သည့် တွံတေးမြို့နယ် မယ်ပြေကျွန်း ဓာတ်အားခွဲရုံဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၀ နာရီခွဲတွင် အဆိုပါဓာတ်အားခွဲရုံ၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသများတွင် ယခုဖွင့်လှစ်မည့် တွံတေးမြို့နယ် မယ်ပြေကျွန်း ဓာတ်အားခွဲရုံအပါအဝင် 33/11 KV, 5 MVAဓာတ်အားခွဲရုံသစ် ၁၃ ရုံဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ တွံတေးမြို့နယ်အတွင်းရှိမိဘပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားကို အပြည့်အဝ အသုံးပြုနိုင်မည်ဖြစ်ပြီး မယ်ပြေကျွန်းဓာတ်အားခွဲရုံကြီးဖြစ်မြောက်ရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအနေဖြင့် ပေ ၁၂၇၀ခန့်ကျယ်သည့် တိုးမြစ်ကို အခက်အခဲများစွာဖြင့် ကျော်ဖြတ်ပြီး တည်ဆောက်တပ်ဆင်ခဲ့ရကြောင်း၊ တွံတေးမြို့နယ်တွင် 33/11KV, 5MVA မယ်ပြေကျွန်းဓာတ်အားခွဲရုံအပါအဝင် 33 ကေဗွီ ဓာတ်အားလိုင်း တစ်လိုင်း၊ ၁၁ ဒသမ ၂၅ မိုင် ၁၁ ကေဗွီဓာတ်အားလိုင်း နှစ်လိုင်း ၁၇ ဒသမ ၃၅ မိုင်၊ ဓာတ်အားဖြန့်ဖြူးရေးထရန်စဖော်မာ ရှစ်လုံးတို့အတွက် တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေကျပ် ၂၀၃၈ ဒသမ ၁၉ သန်းအသုံးပြု၍ တိုးချဲ့တည်ဆောက်ခဲ့ပြီး ကျေးရွာပေါင်း ရှစ်ရွာ၊ အိမ်ထောင်စုပေါင်း ၁၂၅၅ စုထပ်မံဓာတ်အားရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် တွံတေးမြို့နယ် 33/11 kV, 5 MVA မယ်ပြေကျွန်းဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာမော်ကွန်းအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်တို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တက်ရောက်လာသူများက ဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာမော်ကွန်းအား အမှေးနံ့သာများပက်ဖြန်းကာ ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

**ဆန်းကျော်ဦး(ပြန် /ဆက်)**

## လှည်းကူးမြို့နယ်၌ မဖြစ်မနေ နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုဆောင်ရွက်

**လှည်းကူး ဇန်နဝါရီ ၁**
ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်၌ နေအိမ်ပြင်ပ ထွက်ခွာသွားလာသူတိုင်း မဖြစ်မနေ နှာခေါင်းစည်းတပ်ဆင်နိုင်ရေးလှုပ်ရှားမှုကို ယနေ့ နံနက် ၈ နာရီက လှည်းကူးမြို့နယ်အတွင်း လူစည်ကားရာနေရာဖြစ်သော မြို့မဈေးတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်ဦးဆောင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးကော်မတီဝင်များ၊ ဈေးကော်မတီဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ လှည်းကူးမြို့နယ်အတွင်း လူစည်ကားရာနေရာဖြစ်သော လှည်းကူးမြို့မဈေး အဝင်/အထွက်အပေါက်၌ ကိုဗစ်-၁၉ ကူးစက်ကာလအတွင်း နေအိမ်ပြင်ပထွက်ခွာသွားလာသူများအား မဖြစ်မနေ နှာခေါင်းစည်းများ တပ်ဆင်ပြီးမှ အပြင်ထွက်စေရန်နှင့် ဈေးသူဈေးသားများအား နှာခေါင်းစည်းများတပ်ဆင်ပြီးမှ ဈေးအတွင်းသို့ဝင်ရောက်စေရန် အသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နိုင်လင်း(လှည်းကူး)**

## ဒလမြို့နယ်၌ လူထုအခြေပြု ဖျားနာကု အခမဲ့ဆေးခန်း ဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၁**
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ လူထုအခြေပြုဖျားနာကု အခမဲ့ဆေးခန်းကို ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းတွင် ကမာကသွယ်ရပ်ကွက် တွံတေး-ဒလကားလမ်းမကြီးဘေးရှိ အမှတ်(၁၇)အခြေခံပညာမူလတန်းကျောင်း၌ ဖွင့်လှစ်သည်။

အဆိုပါဆေးခန်းကို ကြာသပတေးနှင့် တနင်္ဂနွေနေ့တို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဖွင့်လှစ်ကုသပေးမည်ဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါ ထိရောက်စွာကာကွယ်ထိန်းချုပ်ကုသနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ လူထုအခြေပြု ဖျားနာကုအခမဲ့ဆေးခန်းများဖွင့်လှစ်၍ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို အခမဲ့ဝန်ဆောင်မှုပေးလျက်ရှိရာ ဒလမြို့နယ် ဖျားနာကုဆေးခန်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၉ ခုမြောက် ဖျားနာကုဆေးခန်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖျားနာကု အခမဲ့ဆေးခန်းများကို ဗဟန်း၊ တာမွေ၊ သဃ်္ဃန်းကျွန်း၊ မင်္ဂလာတောင်ညွန့်၊ ဗိုလ်တထောင်၊ လှိုင်သာယာ၊ အင်းစိန်၊ ဒဂုံအရှေ့၊ ရွှေပြည်သာ၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ တောင်ဥက္ကလာ၊ ကြည့်မြင်တိုင်၊ မှော်ဘီ၊ အလုံ၊ ရန်ကင်း၊ လှိုင်၊ သာကေတ၊ မြောက်ဥက္ကလာ၊ မရမ်းကုန်း၊ မင်္ဂလာဒုံ၊ တွံတေး၊ ဒေါပုံ၊ သန်လျင်၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ကြည့်မြင်တိုင်တစ်ဖက်ကမ်း အလတ်ချောင်းကျေးရွာ၊ ဒဂုံဆိပ်ကမ်း၊ ဒလစသည့် မြို့နယ် ၂၉ မြို့နယ်တို့တွင် ဖွင့်လှစ်ထားပြီးဖြစ်သည်။

ဖျားနာကုဆေးခန်းများဖွင့်လှစ်သည့် နေ့ရက်၊ အချိန်၊ တည်နေရာတို့ကို သိရှိလိုပါက Community Fever Clinic-Yangon Network Facebook စာမျက်နှာ၌ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး ဆေးခန်းတာဝန်ခံဆရာဝန်များ၏ အမည်နှင့် ဖုန်းနံပါတ်များလည်း ဖော်ပြထားကြောင်း သိရသည်။

**အေးမင်းသူ**



# မြိတ်ခရိုင် ကျွန်းအခြေပြုခရီးသွားလုပ်ငန်း ဇန်နဝါရီလ ဒုတိယပတ်တွင် စတင်မည်

**မြိတ် ဇန်နဝါရီ ၁**

ဇန်နဝါရီလဒုတိယပတ်တွင် စတင်ဖွင့်လှစ်တော့မည့် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ဒုံးကျွန်းပေါ်တွင်ရှိသော ဒုံးညောင်းမှိုင်းကျေးရွာ၌ ကျွန်းအခြေခံသည့် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း (Community Based Tourism– CBT) ကိုဒေသတွင်း ခရီးသွားဧည့်သည်များဖြင့် စတင်သွားမည်ဖြစ်ကြောင်း ခရီးသွားလုပ်ငန်းရှင်အချို့ထံမှ သိရသည်။

မြိတ်ကျွန်းစုအတွင်းရှိ ကျွန်းများမှာ ပင်လယ်ကမ်းခြေလှပမှုများ၊ သဘာဝပေါက်ရောက်နေသည့် သစ်တောများ၊ ရေပေါ်ရေအောက်သယံဇာတများ၏ လှပမှုများကြောင့် မြိတ်ကျွန်းစုသို့ ပြည်တွင်း၊ ပြည်ပနှင့် ဒေသတွင်း ခရီးသွားဧည့်သည်များ လည်ပတ်မှုများသည့်ကျွန်းများတွင် အခြေခံအဆောက်အအုံများဆောက်လုပ်လျက်ရှိပြီး ဒုံးညောင်းမှိုင်းကျေးရွာတွင် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းကို ဒီဇင်ဘာလအတွင်း ဖွင့်လှစ်ရန်စီစဉ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဇန်နဝါရီလ ဒုတိယပတ်သို့ ရွှေ့ဆိုင်းခဲ့ပြီး ယခုအခါ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်၍ မကြာမီဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြိတ်ခရိုင် ခရီးသွားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"အဓိကလိုအပ်ချက်က ကိုဗစ် –၁၉ ကာလဖြစ်နေတော့ ဒေသတွင်းက ခရီးသွားဧည့်သည်တွေနဲ့ စတင်သွားပါမယ်။ အရင်က ဒီဇင်ဘာလမှာဖွင့်ဖို့ စီစဉ်ထားပေမယ့် ပြီးစီးမှုမရှိသေးတဲ့အတွက် ယခု ၂၀၂၂ ခုနှစ် ဇန်နဝါရီလဒုတိယအပတ်မှာ ဖွင့်လှစ်နိုင်ဖို့ စီစဉ်ထားပါတယ်" ဟု မြိတ်ခရိုင် ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ပြောကြားသည်။

အဆိုပါကျွန်းကိုအခြေခံသည့် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းကို ဇန်နဝါရီလအတွင်းတွင်ဖွင့်လှစ်နိုင်ရန်အတွက် ပြီးခဲ့သည့် ဒီဇင်ဘာလကတည်းက တနင်္သာရီတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျွန်းစုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ မြိတ်ခရိုင် ခရီးသွားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက ကျွန်းများသို့ မြေပြင်ကွင်းဆင်းသွားရောက်စစ်ဆေးခဲ့ကြပြီး ယင်းမြိတ်ကျွန်းစု၏ ခရီးသွားလုပ်ငန်းမှာ ကျွန်းကိုအခြေပြုသော ခရီးသွားလုပ်ငန်းတစ်ခုဖြစ်သည့်အတွက် ခရီးသွားများအနေဖြင့် သွားရောက်လည်ပတ်သည့်အခါ ကျွန်းပေါ်တွင် အပန်းဖြေစခန်းများ တရားဝင်ခွင့်ပြုထားခြင်းမရှိ၍ ယခင်က ညအိပ်နားနေခွင့် မရသော်လည်း ယခုနှစ် ဇန်နဝါရီလအတွင်းတွင် ပထမဆုံးဖွင့်လှစ်မည့် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းကို ဖွင့်လှစ်ပြီးပါက ပြည်တွင်း/ ပြည်ပမှ ခရီးသွားဧည့်သည်များ သွားရောက် အပန်းဖြေအိပ်နားနေနိုင်တော့မည်ဖြစ်ကြောင်း တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုအခါ ဒုံးကျွန်းပေါ်ရှိ ဒုံးညောင်းမှိုင်း ခရီးစဉ်သည် ကျွန်းကိုအခြေခံသည့် ပထမဦးဆုံး ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းတစ်ခု ဖြစ်လာသည့်အတွက် ဒေသခံပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ကြောင်း ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးဖိုးဇော်က ပြောကြားသည်။

အဆိုပါ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းကို ဆောင်ရွက်နေသော ဒုံးညောင်းမှိုင်းကျေးရွာတွင် ခရီးသွားဧည့်သည်များအနေဖြင့် ဆလုံလူမျိုး၊ ကရင်လူမျိုး၊ မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် လူမှုဘဝနေထိုင်မှုပုံစံများကို ပြည်တွင်း၊ ပြည်ပနှင့် ဒေသတွင်းမှခရီးသွားဧည့်သည်များအနေဖြင့် လေ့လာနိုင်မည့်အပြင် ၎င်းကျွန်းပေါ်တွင် စက်ဘီးစီးခြင်း၊ ရေကူးခြင်းများအပြင် ဒေသသုံးလှေငယ်များဖြင့် သဘာဝအလျောက်ပေါက်ရောက်နေသည့် ဒီရေတောများကိုလေ့လာခြင်း၊ ငါးမျှားခြင်း၊ ငါးဖမ်းလှေများနှင့် လိုက်ပါ၍ ငါးဖမ်းခြင်းလုပ်ငန်းများကို လေ့လာနိုင်ခြင်း စသည့်အစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ပဲတီစိမ်း(ရွှေဝါ)များ အဖွင့်ဈေးကောင်းဖြင့် အရောင်းသွက်

**မန္တလေး ဇန်နဝါရီ ၁**

၂၀၂၂ ခုနှစ် ပဲရာသီအတွက် ပဲခူးတိုင်းဒေသကြီး ရွှေကျင်၊ မဒေါက်ဒေသများမှ စတင်ထွက်ရှိလာသည့် ပဲတီစိမ်း (ရွှေဝါ)များ မန္တလေးဈေးကွက်တွင် အဖွင့်ဈေးကောင်းဖြင့် အရောင်းသွက်လျက်ရှိကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ ပဲတီစိမ်း(ရွှေဝါ)မှာယခင်နှစ် ယခုလိုရာသီချိန်တွင် သုံးတင်းဝင်တစ်အိတ်လျှင်၊ ငွေကျပ် ၁၁၅၀၀၀ နှုန်းဖြင့် အဖွင့်ဈေးစခဲ့သော်လည်း ယခုနှစ်တွင် တရုတ်နိုင်ငံ၏ဝယ်လိုအားကြောင့် ဈေးနှုန်းများမြင့်တက်ကာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၃၀၀၀ နှုန်းဖြင့် အဖွင့်ဈေးကောင်းမွန်နေကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောကြားသည်။

"ဒီရက်ပိုင်းမှာ မန္တလေးပဲဈေးကွက်ကို အညာဒေသစုံကထွက်တဲ့ ပဲတီစိမ်းတွေ လှိုင်လှိုင်ဝင်ရောက်လာပါတယ်။ ဒီဇင်ဘာလလယ်လောက်ကထွက်တဲ့ အညာရွှေဝါပဲတီစိမ်းကတော့ သုံးတင်းဝင်တစ်အိတ်ကို ငွေကျပ် ၁၂၀၀၀၀ နှုန်းနဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်။ လက်ရှိအခြေနေအရ ဈေးကွက်မှာအရောင်းအဝယ်သွက်နေပေမယ့် ဒီရက်ပိုင်းမှာ မူဆယ်ကိုတင်ပို့တဲ့ ကားခဈေးက အရင်ကထက် ဈေးနှစ်ဆပိုပြီးတက်နေတဲ့အတွက် ပဲတီစိမ်းဈေးနှုန်းကတက်သင့်သလောက်မတက်နိုင်ဘူးဖြစ်နေတယ်။ ဒါပေမယ့် ၂၀၂၂ ခုနှစ်မှာတော့ ပဲတီစိမ်းကို အိန္ဒိယနိုင်ငံကလည်း မတ် ၃၁ ရက်အထိ တန်ချိန် ၁၅၀၀၀၀ ဝယ်ယူဖို့ရှိနေတာကြောင့် ဈေးကောင်းမယ့်အလားအလာရှိနိုင်တယ်လို့ မျှော်လင့်ရပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပဲတီစိမ်းသည် စပါးကဲ့သို့ ရာသီမရွေးစိုက်ပျိုးထွက်ရှိပြီး ပြည်ပနိုင်ငံများသို့ အဓိကအားထားတင်ပို့ရောင်းချရသည့် သီးနှံဖြစ်ကြောင်းနှင့် မကြာမီကာလအတွင်းရန်ကုန်တိုင်းဒေသကြီး ခရမ်းနှင့် သုံးခွမြို့နယ်တို့မှ စိုက်ပျိုးထားသည့် ခရမ်းရွှေဝါ ပဲတီစိမ်းများလည်း ဈေးကွက်သို့ဆက်လက်ဝင်ရောက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ယာဉ်မောင်းလိုင်စင်အသစ်ဖြေဆိုမှုများ ရွာသာကြီးရုံးသစ်ကြီး၌ စတင်ဆောင်ရွက်ပေးမည်

**ရန်ကုန် ဇန်နဝါရီ ၁**

ယခုကိုဗစ်ကာလတွင် ရုံးများပြန်လည်ဖွင့်လှစ်ပါက ယာဉ်မောင်းလိုင်စင် အသစ်လျှောက်ထားမည့်သူများသည် အမှတ်(၂) လမ်းမကြီးအနီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)ရုံးရှိ အသစ်တည်ဆောက်ပြီးစီးသွားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစစ်ဆေးရေးခန်းမကြီးတွင် ပထမဆုံးအဖြစ်လိုင်စင် Smart Card ထွက်သည်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စတင်ဖွင့်လှစ်မည့်ရက်ကို ကြိုတင်အသိပေးသွားမည်ဖြစ်ကြောင်း၊ ယခင်ကညန(မြင်သာ)ရုံးတွင် လျှောက်ထားရန်မလိုတော့ကြောင်း ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)ရုံး၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲမှ သိရသည်။



အဆိုပါသတင်းစာရှင်းလင်းပွဲတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)ရုံးမှ ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်သွင်သွင်ထွေးဦးဆောင်ပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး ရုံးခွဲ(ရွာသာကြီး)ရုံးမှ စိစစ်ရေးမှူးများက တက်ရောက်လာသော သတင်းမီဒီယာများအား သိလိုသည်များကို ရှင်းလင်းပြောကြားသည်။

"ယခင် ကညန (မြင်သာ) မှာဆောင်ရွက်ပေးတဲ့ ယာဉ်စည်းကမ်းလမ်းစည်းကမ်းပညာပေးသင်တန်းရော ယာဉ်မောင်းလိုင်စင်ရေးဖြေလုပ်ငန်းတွေကိုပါအခုအဆောက်အအုံသစ်ကြီးမှာရွှေ့ပြောင်းပြီး ဆောင်ရွက်ပေးသွားမှာပါ။ ဒီလိုစိစစ်ဆောင်ရွက်တဲ့အခါမှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ညွှန်ကြားထားတဲ့အတိုင်း ယာဉ်မောင်းလိုင်စင်လာရောက်ဖြေဆိုသူ ရေးဖြေရော လူတွေ့စစ်ဆေးမှာတွေကို ခန်းမတိုင်းမှာ သတ်မှတ်ဦးရေအတိုင်းစိစစ်ဆောင်ရွက်ပေးသွားပါမယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖြေမယ့်သူတွေက Online Booking ယူရတယ်။ ဒီအတိုင်းပဲ ဆောင်ရွက်ပေးသွားပါမယ်။ ရုံးတွေပြန်ဖွင့်မယ့်ရက်ကို တော့ကြိုတင်အသိပေးပါမယ်"ဟု ဦးစီးမှူး ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်သွင်သွင်ထွေးက ပြော ကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခုမှ ယာဉ်မောင်းလိုင်စင်အသစ်လျှောက်ထားမည့်သူများသည် ယခုအသစ်ဖွင့်လှစ်သွားမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစစ်ဆေးရေးခန်းမကြီးတွင် ဆောင်ရွက်ကာ ယာဉ်မောင်းလိုင်စင်ထွက်ရှိသည်အထိ ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။ ၎င်းရုံးသစ်သို့ ကိုဗစ်–၁၉ ကော်မတီအဖွဲ့မှ လာရောက်စစ်ဆေးထားပြီးဖြစ်ကြောင်း သိရသည်။

ယာဉ်မောင်းလိုင်စင် ဖြေဆိုမည့်သူများသည် Online Booking စနစ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းအနေဖြင့် တစ်ရက်ကြိုတင်ကာ Online Booking ယူရပြီး ရေးဖြေစစ်ဆေးမှုအတွက် သုံးရက်ကြိုတင်ကာ Online Booking ယူရကြောင်း သိရသည်။ လက်တွေ့မောင်းနှင်စစ်ဆေးမှုများကိုပါ ယခုအဆောက်အအုံသစ်ကြီးတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးရေးခန်းမကြီးတွင် မှတ်တမ်းစိစစ်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်း လက်တွေ့စစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်း၊ သရုပ်ပြစစ်ဆေးခြင်းနှင့် လိုင်စင်ကျရှုံး ပြန်လည်ဖြေဆိုခန်းတို့ ပါဝင်သည်။ ယာဉ်မောင်းလိုင်စင်များကို စတင်လျှောက်ထားသည်မှစတင်ကာ ယာဉ်မောင်းလိုင်စင် အသိအမှတ်ပြု Smart Card ရသည်အထိ တစ်နေရာတည်းတွင် အပြီးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး ရုံးခွဲ(ရွာသာကြီး) ရုံးမှ သိရသည်။

**မြင့်မောင်ကျော်**

ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘာလေသိန်းဆုဌာနခွဲ

(၂၃) ကြိမ်မြောက် ကျပ်၁၀၀၀တန် ထီပေါက်စဉ် ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီ လ (၁) ရက်နေ့ *အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၁၅၀၀၀) ဆု

ကဂ - ၄၀၆၁၀၄

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

မ - ၇၀၈၉၅၉

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀၀)ဆု

ဏ - ၃၂၀၆၁၃ ကင - ၈၇၅၇၀၇

**ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၂၀၀၀)ဆုများ**

| | |
|---|---|
| တ | ၄၃၅၆၄၂ |
| ဇ | ၅၄၅၉၉၆ |
| ဍ | ၆၀၀၆၉၃ |
| ဇ | ၆၆၈၉၇၃ |

**ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ**

| | |
|---|---|
| ပ | ၁၃၀၈၂၈ |
| ဌ | ၄၂၈၂၄၉ |
| တ | ၄၈၁၄၃၃ |
| င | ၈၃၁၆၄၃ |
| ဋ | ၈၃၆၆၄၅ |
| ည | ၉၅၁၆၂၆ |

**ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ**

| | | |
|---|---|---|
| ကဆ-၁၇၁၃၁၃ | ကခ -၄၄၈၇၀၃ | အ -၇၅၅၀၉၄ |
| ဝ -၁၉၅၉၂၄ | ဌ -၄၆၁၄၃၀ | င -၈၀၇၃၆၃ |
| လ -၂၁၂၆၄၇ | ဟ -၅၂၂၉၈၄ | တ -၈၁၁၇၇၁ |
| မ -၂၂၆၄၀၃ | ဟ -၅၃၂၈၆၄ | ဖ -၉၅၅၃၈၂ |
| ကင -၂၅၃၅၆၂ | ယ -၆၆၄၁၀၆ | င -၉၅၅၉၃၁ |
| ခ -၃၄၀၄၄၆ | လ -၇၃၅၆၄၁ | ဒ -၉၇၉၅၇၁ |
| ဗ -၄၃၁၃၈၁ | | |

**ဆုတစ်ဆုစျင်း ကျပ်သိန်း(၂၀၀)ဆုများ**

| | | |
|---|---|---|
| ဗ -၁၂၅၅၇၇ | င -၃၁၅၆၈၇ | ပ -၇၈၂၀၉၈ |
| မ -၁၄၈၆၀၆ | ဆ -၄၀၉၂၂၅ | ကဆ-၈၂၄၁၃၂ |
| ဋ -၁၅၅၉၀၄ | ဖ -၄၉၃၆၃၀ | ယ -၈၅၁၁၂၁ |
| ဗ -၁၇၀၇၆၄ | မ -၅၂၅၃၅၀ | ဒ -၈၅၁၇၀၀ |
| ဒ -၂၃၀၆၈၃ | ဒ -၆၉၉၉၄၃ | စ -၈၉၉၅၈၃ |
| ကဆ-၂၈၁၁၅၅ | ပ -၇၁၇၅၅၉ | မ -၉၂၈၈၆၈ |
| ကယ-၂၉၅၅၇၀ | ကဂ -၇၃၄၆၈၁ | ကဆ-၉၃၆၁၅၈ |

**ဆုတစ်ဆုစျင်း ကျပ်သိန်း(၁၀၀)ဆုများ**

| | | |
|---|---|---|
| ယ - ၁၆၀၇၉၇ | ဈ - ၃၄၆၉၈၇ | ဋ - ၆၂၇၁၆၅ |
| ဍ - ၁၆၉၅၁၅ | ယ - ၃၆၇၅၂၈ | ဏ - ၆၈၇၀၂၅ |
| တ - ၁၈၇၁၇၄ | ခ - ၄၂၄၇၃၁ | ကဂ - ၇၂၇၈၀၀ |
| ဌ - ၂၀၀၄၈၁ | ဖ - ၄၆၀၅၀၉ | ကခ - ၇၄၈၅၄၅ |
| ဆ - ၂၆၉၃၆၈ | ကဂ - ၅၅၇၇၅၆ | ဇ - ၈၀၁၇၆၅ |
| ကဇ - ၂၇၃၆၆၁ | ထ - ၅၇၁၂၉၁ | ဍ - ၈၅၈၅၀၈ |
| က - ၂၉၀၉၉၁ | ဈ - ၅၈၃၆၄၀ | သ - ၉၆၁၅၅၃ |
| ဏ - ၃၁၃၆၄၃ | ယ - ၅၉၁၄၆၁ | |

**ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀)ဆုများ**

| | | | | | |
|---|---|---|---|---|---|
| ရ -၁၀၃၆၃၁ | ကက-၂၂၀၈၄၉ | ပ -၄၂၈၇၈၅ | က -၆၀၁၃၉၇ | ဆ -၇၆၀၀၉၈ | အ -၉၁၃၁၇၇ |
| ကစ -၁၃၉၁၇၃ | ဆ -၂၃၃၈၇၂ | ကင -၄၃၃၆၀၂ | ဏ -၆၉၉၉၇၄ | ကယ-၈၃၅၇၁၇ | ကစ -၉၁၅၅၅၇ |
| ဇ -၁၆၉၉၈၇ | မ -၂၄၄၄၉၇ | ကယ-၅၁၉၅၆၈ | ပ -၇၂၄၂၀၅ | ကဇ -၈၃၇၆၀၇ | ဋ -၉၇၃၉၉၀ |
| ပ -၁၈၂၀၃၁ | လ -၃၀၃၄၅၀ | က -၅၄၃၀၆၄ | ယ -၇၄၈၆၈၂ | ည -၈၇၁၄၁၈ | |

**ဆုတစ်ဆုစျင်း ကျပ်သိန်း(၂၀)ဆုများ**

| | | | | | |
|---|---|---|---|---|---|
| ကဂ -၁၀၀၆၅၆ | ဍ -၃၅၀၉၃၁ | စ -၄၅၄၁၅၄ | င -၅၅၁၃၅၁ | ကဆ-၇၀၈၀၅၀ | မ -၈၄၇၅၅၇ |
| ဝ -၁၆၃၇၅၆ | အ -၃၇၄၅၈၃ | ကခ -၄၈၁၃၅၈ | ဏ -၆၃၆၉၃၇ | ခ -၇၅၄၉၈၈ | ယ -၈၅၂၁၁၆ |
| တ -၂၉၂၄၈၀ | ဌ -၄၀၇၀၂၉ | ခ -၄၈၃၈၅၀ | ကဂ -၆၄၅၁၇၆ | ပ -၇၉၁၉၅၈ | ခ -၉၀၃၇၀၇ |
| ဘ -၃၃၆၆၆၃ | ဈ -၄၂၃၄၉၁ | ဇ -၅၀၆၂၁၂ | င -၆၇၅၈၂၉ | ဈ -၈၃၅၇၄၄ | လ -၉၇၁၀၆၀ |

## ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| သ - ၁၀၄၇၅၀ | ကဂ - ၃၆၅၁၀၂ | ပ - ၅၀၈၈၅၂ | ပ - ၇၃၇၁၆၈ | ဈ - ၈၂၈၇၅၅ | ဆ - ၈၉၇၇၁၆ |
| ဒ - ၁၃၇၂၅၈ | ဃ - ၃၈၀၂၂၄ | ဗ - ၅၂၆၅၁၁ | ကဇ - ၇၄၃၈၅၈ | စ - ၈၃၁၀၉၈ | ကစ - ၉၀၇၇၂၅ |
| ဂ - ၂၃၉၄၇၁ | ဈ - ၄၂၆၅၈၆ | င - ၅၆၆၂၅၁ | ရ - ၇၆၇၀၆၀ | သ - ၈၆၂၆၇၇ | င - ၉၂၀၆၁၈ |
| ကင - ၂၄၉၉၆၁ | ကဃ - ၄၄၅၅၈၇ | ဏ - ၆၉၂၃၀၀ | ဂ - ၈၁၉၆၉၀ | ဌ - ၈၈၃၄၅၇ | ဋ - ၉၈၆၀၈၅ |
| ဟ - ၂၆၇၄၄၁ | ည - ၄၈၁၃၁၈ | ဏ - ၇၁၂၄၀၃ | | | |

## ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | | | |
|---|---|---|---|
| ဝ - ၁၄၁၀၈ | ဈ - ၄၃၆၄၈ | ရ - ၇၁၂၃၇ | ကဂ - ၉၁၅၀၉ |
| ဗ - ၂၉၉၅၈ | ဏ - ၄၆၄၁၃ | ဏ - ၇၅၅၆၄ | ကဇ - ၉၅၆၂၃ |
| ဇ - ၃၂၁၅၉ | င - ၄၉၀၆၆ | င - ၇၆၀၂၈ | စ - ၉၇၄၉၃ |
| ဌ - ၃၄၈၅၀ | ထ - ၅၄၀၃၃ | စ - ၇၇၁၁၇ | ဌ - ၉၉၃၇၁ |
| စ - ၃၈၆၈၅ | ဆ - ၆၅၅၄၈ | ရ - ၇၉၈၈၆ | |

အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

| | | | |
|---|---|---|---|
| ဍ - ၁၇၄၄ | န - ၃၉၃၀ | က - ၄၈၁၆ | ကစ - ၆၇၂၅ |
| ဂ - ၁၈၅၆ | ဋ - ၄၀၉၀ | ကဂ - ၄၈၇၉ | လ - ၈၂၄၄ |
| ဈ - ၂၃၈၁ | မ - ၄၃၉၉ | ဂ - ၄၉၁၂ | ဖ - ၈၃၁၆ |
| ဍ - ၂၄၄၅ | ကဂ - ၄၄၇၄ | ဃ - ၄၉၅၄ | ပ - ၉၄၆၃ |
| ဆ - ၂၈၁၁ | ဂ - ၄၈၁၅ | ဂ - ၆၄၈၉ | |

အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

| | | | |
|---|---|---|---|
| ကဆ- ၁၃၄ | ထ - ၃၃၇ | ဏ - ၅၀၉ | ကစ - ၈၅၀ |
| ရ - ၁၅၆ | ည - ၃၇၄ | ကဂ - ၅၃၃ | အ - ၉၄၉ |
| မ - ၂၁၅ | ဟ - ၄၅၄ | တ - ၇၀၉ | ရ - ၉၅၀ |
| သ - ၂၆၄ | ဆ - ၄၉၄ | အ - ၇၂၉ | ည - ၉၇၇ |
| ခ - ၂၇၄ | န - ၅၀၀ | ကင - ၇၈၇ | ခ - ၉၉၉ |

အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

| | | | |
|---|---|---|---|
| ကဆ- ၁၂ | ဝ - ၂၉ | သ - ၄၁ | ဆ - ၇၃ |
| ကဃ- ၁၇ | ဈ - ၂၉ | ဌ - ၄၅ | ဟ - ၇၄ |
| ဝ - ၂၅ | ကခ - ၃၁ | လ - ၅၄ | လ - ၇၆ |
| ဟ - ၂၅ | ဇ - ၃၁ | ဈ - ၆၄ | မ - ၈၁ |
| ကဃ- ၂၅ | ပ - ၃၅ | ခ - ၆၄ | ဒ - ၈၈ |
| လ - ၂၆ | ကဂ - ၃၉ | | |

အက္ခရာနှင့် ရှေ့ဂဏန်း(၂)လုံးအစဉ်လိုက်တူ – ကျပ်(၅)သောင်း

## ဘဏ္ဍာသိမ်း ရငွေကျပ်သိန်း(၂၅၀၀)မှ ချီးမြှင့်သော ဆုမဲများ

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ကက - ၁၆၄၀၇၀ ခ - ၃၂၃၉၃၆ ဟ - ၅၈၄၇၂၇ ကဆ - ၆၂၆၄၅၃

## ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

ကင - ၆၄၆၃၇ စ - ၇၅၉၁၃

အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

ဒ - ၂၆၄၂

ဏ - ၃၀၁၀

အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

ကဃ - ၃၆၀

ဋ - ၅၆၅

အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

၁။ ၂၀၂၁ ခုနှစ် ၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် ကျင်းပသည့် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် (၂၃) ကြိမ်မြောက် ကျပ်(၁၀၀၀)တန်အတွက် ဆုမဲ (၂၄၄၄၆၅) ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့တွင် ကျင်းပမည့် (၂၄) ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေထီ လက်မှတ်များကို (က)အက္ခရာမှ (ကဇ) အက္ခရာထိ ၊အက္ခရာ (၄၁)လုံးနှင့် အရန်ထီအက္ခရာ (ကဈ) ( ၁ )လုံး စုစုပေါင်း အက္ခရာ(၄၂)လုံးတို့ကို ခွဲဝေ ရောင်းချပေးသွားမည်ဖြစ်ပါသည်။

၃။ (၂၃)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို ( ၅. ၁. ၂၀၂၁) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၁၂. ၁. ၂၀၂၁) ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်းနှင့် ဆုငွေများကိုကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာ ဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ အိမ်ထောင်စု စာရင်း မူရင်း/မိတ္တူ ၊ (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

**အောင်ဘာလေသိန်းထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## နည်းပညာတက္ကသိုလ်(ကျောက်ဆည်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ စက်ပစ္စည်းနှင့်ပရိဘောဂပစ္စည်းများ ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသူ နိုင်ငံသားလုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | Non-Control Item (NCI) | (၆၆)မျိုး |
| (ခ) | Machinery and Equipment (M&E) | (၃၀)မျိုး |
| (ဂ) | Office Equipment (OE) | (၁၀)မျိုး |
| (ဃ) | Furniture | (၆)မျိုး |
| (င) | Other | (၂)မျိုး |

၂။ တင်ဒါလျှောက်လွှာပုံစံများကို မန္တလေးတိုင်းဒေသကြီး၊နည်းပညာတက္ကသိုလ်(ကျောက်ဆည်)တွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - ၆-၁-၂၀၂၁ ရက်

(ခ) တင်ဒါပိတ်မည့်ရက်/အချိန် - ၅-၂-၂၀၂၁ ရက် (၁၆:၀၀)နာရီ

(ဂ) တင်ဒါဝယ်ရမည့်နေရာ - ငွေစာရင်းဌာန နည်းပညာတက္ကသိုလ် (ကျောက်ဆည်)

(ဃ) တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ထပ်မံ၍ကြေညာပေးသွားပါမည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၆၆-၂၀၅၀၉၃၀/၂၀၅၀၉၃၂/၂၀၅၀၄၄၇/၂၀၅၀၅၅၇ (လိုင်းခွဲနံပါတ်-၀၀၅) ဘဏ္ဍာရေးဌာနသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးကော်မတီ**
**နည်းပညာတက္ကသိုလ်(ကျောက်ဆည်)**

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၀-၁-၂၀၂၀ရက်နေ့ ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၁)ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ၊ဒဂုံတောင်မြို့နယ်၊ဦးမာမက်ရှိဘိလိပ်(ခ)ဝင်းမောင်နိုင်၏ဂရန်သစ်တွင်အမည်ပေါက်ထံမှအရောင်းအဝယ်စာချုပ်(အရပ်ကတိ)ဖြင့်ဝယ်ယူထားသူဦးမာမက်ရှိဘိလိပ်(ခ)ဦးဝင်းမောင်နိုင်ဟုအမှန်ဖတ်ရှုပါရန်။

LIGHTHOUSE

ဒဂုံမြို့သစ်(ဆိပ်ကမ်း) (တောင်ပိုင်း)၊ (မြောက်ပိုင်း)၊ (အရှေ့ပိုင်း)

မြေကွက်များဝယ်ယူလိုပါသည်။

"ပွဲခ(လုံးဝ)ပေးရန်မလိုပါ။"

09-424206633
09-424206644

**နန်းထိုက်အောင်**

အိမ်ပြောင်း/အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း

လူကြီးမင်းတို့၏ အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်းများ ပြောင်းရွှေ့ခြင်းအတွက် အလုပ်သမားနှင့် ကားစီစဉ်ပေးသည်။

09 3128 2593
09 3128 2594
09 3128 2595

**ဖျံ-၅-ကောင်**
အမှတ်တံဆိပ်

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆက(စာနယ်ဇင်း) ၂၁၄/၀၆၁၈

GENEVA GOLD STAR FOR QUALITY

**ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို**

ရန်ကုန်မြို့၊ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

LONDON QUALITY CROWN QC 100

ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)
Ph.D (Alternative Medicines)

ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- 01- 838 0175 / 839 2594

## အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စု
## အစုပေါ်အမြတ်(၁၅)% ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

**အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် အစုရှယ်ယာရှင်များအား အစုပေါ်အမြတ် ၁၅% ထုတ်ပေးမည် ဖြစ်ပါသည်။** အစုပေါ်အမြတ်ငွေကို ၅-၁-၂၀၂၁ ရက်နေ့မှ စတင်ထုတ်ပေးမည်ဖြစ်ရာ ယခင်နှစ်များက ငွေသား/ချက်ဖြင့် တစ်နေ့လျှင် အစုရှယ်ယာရှင် ၃၀၀ ဦးကို ထုတ်ပေးခဲ့သော်လည်း ကိုဗစ် ၁၉ အန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် လူစုလူဝေးမဖြစ်ပေါ်စေရန် တစ်ဦးနှင့်တစ်ဦး ထိတွေ့မှုနည်းစေရန်၊ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရခြင်းမရှိစေရန်အတွက် တစ်နေ့လျှင် အစုရှယ်ယာရှင် ၁၀၀ဦးကိုသာ ကတ်နံပါတ် အစဉ်လိုက် ထုတ်ပေးသွားမည်ဖြစ်ပါသည်။ ယခုနှစ်ထုတ်ပေးရာတွင်လည်း ငွေသား/ချက်ဖြင့် ထုတ်ပေးသကဲ့သို့ ကာယကံရှင်သဘောဆန္ဒအရ ဘဏ်စာရင်းသို့ ထည့်သွင်းပေးခြင်း၊ ဘဏ်မှလွှဲပေးခြင်းများကိုလည်း ဆောင်ရွက်ပေးမည်ဖြစ်ရာ ကုမ္ပဏီမှ သတ်မှတ်ထုတ်ပြန်ပေးထားသော ပုံစံများဖြင့် ပေးပို့လျှောက်ထားရန်နှင့် လွှဲပြောင်းခ ကျသင့်ငွေကို အစုပိုင်ရှင်က ကျခံရမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုအနေဖြင့် အများပိုင်ကုမ္ပဏီကြီးအဖြစ် စတင်ထူထောင်စဉ်အချိန် ၂၀၀၃ ခုနှစ်မှ ယခုနှစ်အထိ အစုပေါ်အမြတ်ငွေ ၂၇၂% ကို အစုရှယ်ယာရှင်များသို့ လက်ရောက်ထုတ်ပေးပြီးဖြစ်ပါကြောင်း ဂုဏ်ယူစွာ တင်ပြလိုက်ရပါသည်။**

| ကတ်နံပါတ် | ထုတ်ယူရန် | ကတ်နံပါတ် | ထုတ်ယူရန် | ကတ်နံပါတ် | ထုတ်ယူရန် |
|---|---|---|---|---|---|
| ၁-၁၀၀ | ၅-၁-၂၀၂၁ | ၁၀၀၁-၁၁၀၀ | ၂၀-၁-၂၀၂၁ | ၂၁၀၁-၂၂၅၀ | ၃-၂-၂၀၂၁ |
| ၁၀၁-၂၀၀ | ၆-၁-၂၀၂၁ | ၁၁၀၁-၁၂၀၀ | ၂၁-၁-၂၀၂၁ | ၂၂၅၁-၂၄၀၀ | ၄-၂-၂၀၂၁ |
| ၂၀၁-၃၀၀ | ၇-၁-၂၀၂၁ | ၁၂၀၁-၁၃၀၀ | ၂၂-၁-၂၀၂၁ | ၂၄၀၁-၂၅၅၀ | ၅-၂-၂၀၂၁ |
| ၃၀၁-၄၀၀ | ၈-၁-၂၀၂၁ | ၁၃၀၁-၁၄၀၀ | ၂၅-၁-၂၀၂၁ | ၂၅၅၁-၂၇၀၀ | ၈-၂-၂၀၂၁ |
| ၄၀၁-၅၀၀ | ၁၁-၁-၂၀၂၁ | ၁၄၀၁-၁၅၀၀ | ၂၆-၁-၂၀၂၁ | ၂၇၀၁-၂၈၅၀ | ၉-၂-၂၀၂၁ |
| ၅၀၁-၆၀၀ | ၁၂-၁-၂၀၂၁ | ၁၅၀၁-၁၆၀၀ | ၂၇-၁-၂၀၂၁ | ၂၈၅၁-၃၀၅၀ | ၁၀-၂-၂၀၂၁ |
| ၆၀၁-၇၀၀ | ၁၄-၁-၂၀၂၁ | ၁၆၀၁-၁၇၀၀ | ၂၈-၁-၂၀၂၁ | ၃၀၅၁-၃၂၅၀ | ၁၁-၂-၂၀၂၁ |
| ၇၀၁-၈၀၀ | ၁၅-၁-၂၀၂၁ | ၁၇၀၁-၁၈၀၀ | ၂၉-၁-၂၀၂၁ | ၃၂၅၁-၃၄၇၂ | ၁၅-၂-၂၀၂၁ |
| ၈၀၁-၉၀၀ | ၁၈-၁-၂၀၂၁ | ၁၈၀၁-၁၉၅၀ | ၁-၂-၂၀၂၁ | အစု၅၀၀အထက် | ၁၆-၂-၂၀၂၁ |
| ၉၀၁-၁၀၀၀ | ၁၉-၁-၂၀၂၁ | ၁၉၅၁-၂၁၀၀ | ၂-၂-၂၀၂၁ | အေ+ဒါရိုက်တာ ရှယ်ယာ | ၁၇-၂-၂၀၂၁ |

NDCG Facebook Name NDCG co.,Ltd

Management



## အထူးကျေးဇူးတင်ရှိခြင်း
### ဒေါက်တာတင်မြင့်
**ဒုတိယညွှန်ကြားရေးမှူး(အနားကြီး)(ငြိမ်း)**
**အသက်(၈၉)နှစ်**

၂၆-၁၂-၂၀၂၀ ရက် (စနေနေ့) ညနေ ၄:၃၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားခဲ့သောဖခင်ကြီး ဒေါက်တာတင်မြင့် နာမကျန်းဖြစ်စဉ် အစစအရာရာ စီမံညွှန်ကြားပေးခဲ့သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပြုစုစောင့်ရှောက်ကုသ ပေးခဲ့ကြသည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်မှ ပရော်ဖက်ဆာနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ အရေးပေါ်ဌာနမှ ပရော်ဖက်ဆာနှင့် ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများကိုလည်း ကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန မိသားစုများကို လည်းကောင်း၊ ရွှေလမင်းဆေးရုံမှ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးကျေးဇူးတင်ရှိခြင်း
### ဒေါက်တာတင်မြင့်
**ဒုတိယညွှန်ကြားရေးမှူး(အနားကြီး)(ငြိမ်း)**
**အသက်(၈၉)နှစ်**

ဖခင်ကြီး၏ နာရေးကိစ္စအဝဝကို အဘက်ဘက်မှ မေတ္တာ၊ စေတနာ၊ ကရုဏာရှေ့ထား၍ သတင်းစာများမှလည်းကောင်း၊ တယ်လီဖုန်း၊ လူမှုကွန်ရက်စာမျက်နှာများ မှလည်းကောင်း ဆက်သွယ်မေးမြန်း အားပေးခဲ့ကြသော အသင်းအဖွဲ့များ၊ ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများ အားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒုဗိုလ်မှူးကြီးဝင်းမောင် (ငြိမ်း)
**အသက်(၉၉)နှစ်**
**မော်ကွန်းဝင်ပထမဆင့်၊ နိုင်ငံ့ဂုဏ်ရည် ပထမဆင့်**
**စား/ထွေ ကော်ပိုရေးရှင်း**

ပုသိမ်မြို့နေ (ဦးအုန်းကျော်-ဒေါ်စိန်လှ)တို့၏ သား၊ ရန်ကုန်မြို့၊ တိုက် (၂၈၁/A)၊ အခန်း(၅)၊ ရန်အောင်လမ်း၊ အရှေ့ရန်ကင်းမြို့နယ်နေ (ဒေါ်ခင်မြင့်ဝေ)၏ ခင်ပွန်း၊ ဦးဝင်းနိုင်-ဒေါ်ခင်နှင်းမာ၊ ဦးသက်ဝင်း-ဒေါ်မေဝင်းမောင်၊ (ဦးအောင်အောင်)-ဒေါ်မော်မော်ညွန့်တို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၃၁-၁၂-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁:၄၅ နာရီတွင် ၉၆ ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅:၃၅ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သန်းနှစ်(ထူးကြီးအသင်း-ရန်ကုန်) (၈၅)နှစ်
**(ဦးစီးအရာရှိ-ငြိမ်း၊ DWIR)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဓမ္မစိန္တာလမ်း၊ အမှတ်(၄၅)နေ [ဦးအောင်ကြည် (ဒု/ညွှန်မှူး-ငြိမ်း၊ DWIR)]၏ ဇနီး၊ ဦးနိုင်မင်းစိုး (ANLS COMPANY LIMITED)-ဒေါ်ယုယုမိုး၊ ဦးနိုင်လင်းတိုး (NEW MEMORY TRAVEL & TOURS CO.,LTD)-ဒေါ်ဝင်းပပလွင် (NEW MEMORY TRAVEL & TOURS CO.,LTD)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေးလေးယောက်တို့၏အဘွား ဒေါ်သန်းနှစ်သည် ၃၁-၁၂-၂၀၂၀ ရက် ညနေ ၆:၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၂၁ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း၊ ရပ်ဝေးရပ်နီးဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူ မိခင်ကြီးအားရည်စူး၍ ၆-၁-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ကန် ဒါယိကာမကြီး**
## ဒေါ်ကြည်ကြည်စိန်
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန(ငြိမ်း)**
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ထန်းတပင်အနောက်လမ်း၊ တိုက်အမှတ်(၂)နေ (ဦးမြစန်-ဒေါ်ကြိုင်)တို့၏ သမီး၊ (ဦးအေးမောင်-ဒေါ်သန်း)တို့၏ သမီးချွေးမ၊ (ဦးမြသိန်း)၏ ဇနီး၊ ပြင်ဦးလွင်မြို့နေ (ဦးသန်းညွန့်-ဒေါ်ခင်ဦး)တို့၏ ညီမ၊ မြောက်ဒဂုံမြို့နယ်၊ (၂၉)ရပ်ကွက်နေ ဦးအောင်ထွန်း-ဒေါ်ခင်မြတ်တို့၏ အစ်မ၊ တောင်ဒဂုံမြို့နယ်၊ လေးထောင့်ကန်တောင်ပိုင်းရပ်ကွက်၊ ပညာရောင်ခြည်ကျောင်းတိုက်ဆရာတော် ဦးပညာဓိက၏ ရဟန်းမယ်တော်ကြီး၊ ဦးနေလင်း(ခ) ဦးတင်ထွဋ်-ဒေါ်မျိုးပပသိန်း၊ ဦးမျိုးရန်နောင်သိန်း-ဒေါ်ချိုချိုအောင်၊ ဦးမျိုးထိုက်တန်သိန်း-ဒေါ်ဥမ္မာဦးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးငါးယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၃၁-၁၂-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၄:၅၅ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂-၁-၂၀၂၁ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၁-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက်တွင် ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်း အစရှိသော ဒါတဗ္ဗဝတ္ထုပစ္စည်းအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း အမျှအတန်းပေးဝေမည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းသွတ်တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး**
## ဦးလှသောင်း (ချယ်ရီသင်း မော်တော်ပန်ကာလုပ်ငန်း)
**အသက်(၈၀)**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နေ (ဦးငွေမောင်-ဒေါ်သိန်းရင်)တို့၏ သား၊ ဦးဌေးငွေ-ဒေါ်ခင်ပြုံးရီ၊ ဦးမြင့်ထူး-ဒေါ်ဥမ္မာခိုင်၊ ဦးကိုကြီးထွန်း-ဒေါ်လှလှထွေး၊ ဦးကြည်မင်း-ဒေါ်ခင်သီတာ၊ ဦးအောင်ကျော်မြင့်-ဒေါ်မူယာစိုး၊ ဒေါ်သင်းသင်းရီတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၀ ယောက်၊ မြစ် တစ်ယောက်တို့၏ ဘိုးဘိုးကြီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပစက်မှုဇုန်၊ ရတနာလမ်း၊ အမှတ်(၁၁၉)နေ (ဒေါ်ညွန့်ရီ)၏ ခင်ပွန်းသည် ၁-၁-၂၀၂၁ (သောကြာနေ့) နံနက် ၅ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၃-၁-၂၀၂၁ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၂၁ (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းသွတ်တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်ဦး (တန်ကုတ်လျှောင်)
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၂၆)၊ ကြံခင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်နေ ဒေါ်စန်းမြင့်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးကိုကိုကြီး-ဒေါ်နွဲ့နွဲ့ရီ၊ ဦးကိုကိုလေး-ဒေါ်ဖြူသွယ်လင်း၊ ဦးထွန်းလင်း-ဒေါ်ပပဝင်း တို့၏ မွေးသဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုး ဦးကျော်ဦးသည် ၁-၁-၂၀၂၁ (သောကြာနေ့) နံနက် ၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၀:၃၀ နာရီတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးဌေးကြည်
**တရားလွှတ်တော်ရှေ့နေ**
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၂ ရပ်ကွက်၊ သုဒဿန(၂)လမ်း၊ အမှတ်(၁၁၁)၊ မှန်ခန်း(A)နေ (ဦးအောင်ကျော်)-ဒေါ်ယုကျင်တို့၏ သား၊ (ဦးကျော်ဇော်)၏ ညီ၊ ဦးကျော်သက်ဆွေ-ဒေါ်ယဉ်ယဉ်အောင်တို့၏ ဦးလေး၊ (ဒေါ်ချိုမာဝင်း)၏ ခင်ပွန်း၊ ဦးကောင်းမြတ်ဦး-ဒေါ်ငြိမ်းသူဇာ၊ ဦးအောင်ခန့်ကျော်-ဒေါ်ယမင်းမြတ် တို့၏ ဖခင်၊ မောင်လမင်းကိုကို၊ မောင်ကောင်းခန့်စံတို့၏ အဘိုးသည် ၃၀-၁၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၄:၁၀ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်ထား
**အသက်(၈၅)နှစ်**

ဒေါက်တာဝင်းမော်ဦး (ဆေးရုံအုပ်ကြီး၊ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး၊ တောင်ဥက္ကလာပ)-ဒေါက်တာစိုးစိုးခိုင် တို့၏ မိခင် ဒေါ်ခင်ထားသည် ၃၁-၁၂-၂၀၂၀ (ကြာသပတေးနေ့) နံနက်တွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အထူးကုဆေးရုံကြီး၊ တောင်ဥက္ကလာပမှ**
**ဆရာဝန်များ၊ ဆရာမများ၊ ဝန်ထမ်းများအားလုံး**

## ဦးသန်းထွေး(ခ)ဦးကိုကိုအောင်
**ပွင့်ဖူးအင်ဒိုနီးရှားပါတိတ်**
**အသက်(၅၄)နှစ်**

ရန်ကုန်မြို့နေ ဦးစောစံ-ဒေါ်လှရီတို့၏ သားထွေး၊ (ဦးကိုကြီး)-ဒေါ်မြတ်မြတ်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းလှိုင်လမ်း၊ ရွှေသံလွင်အိမ်ရာနေ ဒေါ်စိုးစိုးမြတ်(ခ)ပိုးတီ၏ ခင်ပွန်း၊ မပိုးအိဖြူ၊ မဇင်ပွင့်ဖြူ၊ မဇွန်ပန်းဖြူတို့၏ ဖခင်၊ (ဦးဇော်ဝင်း)-ဒေါ်တင်တင်နွဲ့၊ ဦးကိုကိုကြီး-ဒေါ်မြိုင်၊ ဦးစိန်လွင်-ဒေါ်တင်တင်မြင့်၊ ဦးသန်းဌေး-ဒေါ်ဖြူဖြူဝင်းတို့၏ ညီ/မောင်၊ တူ/တူမ ကိုးယောက်တို့၏ ဦးလေးသည် ၁-၁-၂၀၂၁ (သောကြာနေ့) မွန်းလွဲ ၁:၂၄ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၂၁ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အာနိသ

ကြီးမြန်
သစ်ပင်
စိုက်ပျိုး
လျှင်
စွမ်းအင်
လည်းရ
ပြည်လည်း
လှ

**ခရစ်တော်၌ အိပ်ပျော်ခြင်း**
## နော်နိုရင်း
**အသက်(၇၀)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ အမှတ်(၁၇/က)၊ သစ်လမ်းနေ (ဦးစောဘထွန်း-နော်စောသင်)တို့၏ သမီး၊ (ဦးစောလှထူး)-နော်ရှိဇက်တာ၊ ဦးစောဒေါက်ကလပ်စ်၊ Rev. မိုက်ကယ်ဂျွန်-ဒေါ်နော်ရမိုနာတို့၏ ညီမ၊ (ဦးအောင်မင်း)-ဒေါ်နော်နိုဗလင်း၊ ဒေါက်တာမိုးဉာဏ်ကျော်-ဒေါ်နော်အိုင်ရင်း၊ ဦးစောဂျက်ဖရီ-ဒေါ်နော်ဖေါဖတို့၏ အစ်မ၊ [စောဂီဒီယန် (MOGE)]၏ ချစ်လှစွာသောဇနီး၊ မန်းစိုးထွန်းဝင်း၊ နော်ခင်သီအေး၊ စောကျော်ထွန်းလှ၊ စောသက်ထွန်းလှ-နော်ဂရေစ့်ဆုမွန်ကျော်တို့၏ မိခင်၊ စောအီသန် ဇေဗီးယာဝင်း၊ နော်ဂျိုအဲနာဝင်းတို့၏ အဘွားသည် ၁-၁-၂၀၂၁ (သောကြာနေ့) နံနက် ၈:၄၄ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂-၁-၂၀၂၁ (စနေနေ့) နံနက် ၉ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးသက်ဝေအောင် [လက်ထောက်ညွှန်ကြားရေးမှူး-မြို့ပြ၊ တံတားအထူးအဖွဲ့(၁၁)၊ တံတားဦးစီးဌာန]-ဒေါ်သင်းသင်းမျိုးတို့၏မိခင်ကြီး ဒေါ်ညွန့်ညွန့်မေသည် ၃၁-၁၂-၂၀၂၀ ရက် နံနက် ၆:၁၀ နာရီတွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**(Dr. ဦးတင်အောင်အေး-မျက်စိအထူးကုဆရာဝန်ကြီး)-**
**သုဓမ္မသိင်္ဂီ ဒေါ်ကျန်တင် (သူနာပြုဆရာမကြီး-ငြိမ်း)**
**မြရတနာဆေးခန်း မိသားစု**

## လွမ်းဆွတ်သတိရခြင်း
### ဦးတင်ငွေကြည် (P.I.C-ငြိမ်း)
**အသက်(၈၁)နှစ်**
**(၂-၁၁-၂၀၂၀)**

အနန္တဂိုဏ်းဝင်ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်ခဲ့သည်မှာ (နှစ်လ) တိုင်ခဲ့ပါပြီ ဖခင်ကြီးရဲ့ကျေးဇူးတရားများကို အစဉ်အမြဲရင်ထဲမှ သတိရလွမ်းဆွတ်လျက်ရှိနေပါတယ်။ ဖခင်ကြီးအတွက် ရည်စူးပြီးနေ့စဉ်၊ လစဉ် လှူဒါန်း ကုသိုလ်ပြုအမျှပေးဝေပါတယ်...။ ဖခင်ကြီးရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**ဇနီး ဒေါ်အယ်ဒလီနာခမ်းနှင့်**
**သား၊သမီး၊မြေးများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးဝင်းမြင့်(ခ)ဦးငယ်လေး
**အသက်(၆၀)**

ဦးဝေယံဟိန်း (Rainbow Bridge Distribution Co.,Ltd.)-ဒေါ်စုလဲ့ဝင်း (edotco Myanmar Ltd.)တို့၏ ချစ်လှစွာသောဖခင် ဦးဝင်းမြင့်(ခ)ဦးငယ်လေးသည် ၂၉-၁၂-၂၀၂၀ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**MD နှင့် ဝန်ထမ်းများ**
**Rainbow Bridge Distribution Co.,Ltd.**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးတင်ငွေ
**အသက်(၇၆)နှစ်**

တောင်ငူတက္ကသိုလ်၊ ဘူမိဗေဒဌာနမှ ပါမောက္ခဌာနမှူး Dr. အေးသီတာမွန်နှင့် တောင်ငူတက္ကသိုလ်စာကြည့်တိုက်ဌာနမှ ဒေါ်ချမ်းမြေ့ဝင်းတို့၏ ဖခင် ဦးတင်ငွေ သည် ၃၀-၁၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၃:၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်**
**ဒုတိယပါမောက္ခချုပ်နှင့်**
**တောင်ငူတက္ကသိုလ် မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးသက်ဝေအောင် [လက်ထောက်ညွှန်ကြားရေးမှူး-မြို့ပြ၊ တံတားအထူးအဖွဲ့(၁၁)၊ တံတားဦးစီးဌာန]-ဒေါ်သင်းသင်းမျိုးတို့၏မိခင်ကြီး ဒေါ်ညွန့်ညွန့်မေသည် ၃၁-၁၂-၂၀၂၀ ရက် နံနက် ၆:၁၀ နာရီတွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးတင်ဦး(ညွှန်ကြားရေးမှူး မြို့ပြ-ငြိမ်း)-ဒေါ်မိုးသူဇာအေး မိသားစု**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

# ဇန်နဝါရီ ၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၄၁၂ ဦး တွေ့ရှိ

**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၁-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၃၁-၁၂-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၅,၇၃၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၄၁၂) ဦး တွေ့ရှိ**ရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၁-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၇၁၄) ခု | (၃၃) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၆၂၂) ခု | (၂၁) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၃၈၁) ခု | (၂၇) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၁၈၃) ခု | (၃) ဦး |
| ဆေးတက္ကသိုလ် (၁) (ရန်ကုန်) | (၉၄) ခု | (၂၅) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၆၉) ခု | (၁၈) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁,၁၄၇) ခု | (၃၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၄) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၆၆) ခု | (၆၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၁,၄၂၅) ခု | (၁၈၇) ဦး |
| စုစုပေါင်း | (၁၅,၇၃၅) ခု | (၄၁၂) ဦး |

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❍

# သန်လျင်မြို့နယ်၌ နှာခေါင်းစည်းဝတ်ဆင်ရေး လှုပ်ရှားမှုဆောင်ရွက်

**သန်လျင် ဇန်နဝါရီ ၁**

သန်လျင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ယနေ့ညနေပိုင်းတွင် မြို့မဈေးကြီး၌ နှာခေါင်းစည်းဝတ်ဆင်ရေး လှုပ်ရှားမှုများ ဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ဈေးဝယ်လာသူများ၊ ဈေးရောင်းသူများ၊ လမ်းသွားလမ်းလာများ၊ ကယ်ရီဆွဲသူများအား ကိုဗစ်ကာကွယ်ရေး နှာခေါင်းစည်းတပ်ပါ၊ လက်ဆေးပါ၊ ခပ်ခွာခွာနေပါ၊ တစ်ဦးကိုတစ်ဦး အသိပေးပါ၊ သတိပေးပါ စာတန်းများပါရှိသည့် တီရှပ်များ၊ နှာခေါင်းစည်းများကို ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်၊ သန်လျင်မြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး၊ သန်လျင်မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် လူမှုရေးအသင်းအဖွဲ့များက လိုက်လံပေးဝေပြီး အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ သန်လျင်မြို့နယ် ဘုရားကုန်းဈေးနှင့် ထားမလုံဈေးတို့၌ နှာခေါင်းစည်းဝတ်ဆင်ရေးလှုပ်ရှားမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**




**ကြေးမုံ ယနေ့ ဖတ်စရာ**

**ကိုဗစ်-၁၉ ကပ်ရောဂါတိုက်ဖျက်ရေးနှင့် စီးပွားရေးတိုးတက်မှုများ ပါဝင်သည့် နှစ်သစ်ကူးဆုတောင်းစကားများကို ပြည်သူသို့ ကမ္ဘာ့ခေါင်းဆောင်များ ပေးပို့**

စာမျက်နှာ » ၁၂

**ရန်ကုန်တက္ကသိုလ်ရဲ့ သားကောင်းတစ်ဦး**

စာမျက်နှာ » ၁၉

**မြိတ်ခရိုင် ကျွန်းအခြေပြု ခရီးသွားလုပ်ငန်း ဇန်နဝါရီလ ဒုတိယပတ်တွင် စတင်မည်**

စာမျက်နှာ » ၂၁




# လက်ရွေးစင်နောက်ခံလူ ဝင်းမိုးကျော်အား ဟံသာဝတီအသင်း ခေါ်ယူ

**ရန်ကုန် ဇန်နဝါရီ ၁**

၂၀၂၁ ရာသီအတွက် ပြင်ဆင်မှုများပြုလုပ်နေသည့် မြန်မာနေရှင်နယ်လိဂ်ကလပ် ဟံသာဝတီအသင်းသည် ရာသီသစ်အတွက် စတုတ္ထမြောက်ကစားသမားခေါ်ယူမှုအဖြစ် မြန်မာ့လက်ရွေးစင်နောက်ခံလူ ဝင်းမိုးကျော်အား ခေါ်ယူခဲ့သည်။ ဟံသာဝတီအသင်းသည် ၎င်းကို ရက်ပိုင်းအတွင်း စာချုပ်ချုပ်ဆိုမည်ဖြစ်ပြီး စာချုပ်သက်တမ်းမှာ သုံးနှစ်ရှိမည်ဖြစ်သည်။

ဟံသာဝတီအသင်းသည် ရာသီသစ်အတွက် ပြင်ဆင်မှုများ ဆက်တိုက်ပြုလုပ်လျက်ရှိပြီး ဝင်းမိုးကျော်အပါအဝင် ပြည်တွင်းကစားသမားလေးဦး ခေါ်ယူထားပြီးဖြစ်သည်။ ဟံသာဝတီအသင်းသည် ဝင်းမိုးကျော်မတိုင်မီက Southern ဂိုးသမားပြည့်ဖြိုးအောင်၊ ရတနာပုံနောက်ခံလူ ရဲရင့်အောင်၊ မကွေးကွင်းလယ်ကစားသမား နေမိုးနိုင်တို့ကို ခေါ်ယူထားသည်။ ရဲရင့်အောင်၊ နေမိုးနိုင်နှင့် ဝင်းမိုးကျော်တို့မှာ ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲ ကြေးတံဆိပ်ဆုရ မြန်မာ ယူ-၂၂ အသင်းတွင် ပါဝင်ကစားခဲ့သူများဖြစ်ပြီး ဝင်းမိုးကျော်မှာမူ ၂၀၁၈ ခုနှစ်ကတည်းက မြန်မာ့လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံခဲ့ရသူဖြစ်သည်။

ဟံသာဝတီအသင်းသည် ပြည်တွင်းကစားသမားသစ်များ ထပ်မံခေါ်ယူမည်ဖြစ်ပြီး စာချုပ်ကုန်ဆုံးနေသည့် ကစားသမားများ သက်တမ်းတိုးခြင်းကိုလည်း လာမည့်ရက်ပိုင်းအတွင်း ပြုလုပ်သွားမည်ဖြစ်သည်။ ထို့ပြင် ဟံသာဝတီအသင်းသည် နိုင်ငံခြားသားကစားသမားများလည်း ခေါ်ယူအသုံးပြုသွားမည်ဖြစ်သည်။ **သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - စိုးညွန့်**

# ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်လာနိုင်သည့် လာနီညာအခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၁**

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များအရ လက်ရှိတွင် အားအသင့်အတင့်ရှိသော လာနီညာအခြေအနေတွင် ရှိနေသည်။ နိုင်ငံတကာ မိုးလေဝသဌာနများ၏ သချာၤပုံစံပြု မော်ဒယ်များခန့်မှန်းချက်အရ ဇန်နဝါရီလအတွင်း အားအသင့်အတင့်ရှိသော လာနီညာအဆင့်တွင် ဆက်လက်တည်ရှိနိုင်ပြီး ဖေဖော်ဝါရီလတွင် အားအနည်းငယ်ရှိသော လာနီညာအဆင့်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ လာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် အရှေ့မြောက်မုတ်သုံလေ အားကောင်းမှုကြောင့် မြန်မာနိုင်ငံတွင် ညအပူချိန်များ လျော့နည်းခြင်း၊ အအေးပိုခြင်း၊ အရှေ့ဘက်မှ လေပွေလှိုင်းများ တိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးရွာသွန်းမှုဖြစ်စဉ်များ ပိုမိုဖြစ်ပေါ်လာခြင်း စသည့်ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိသည်။

**မိုး/ဇလ**